# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# သတ္တမပုံမှန်အစည်းအဝေး

# ဆဋ္ဌမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | နိုင်ငံတော်မှ ဝန်ထမ်းများခန့်ထားရန် လျှောက်လွှာခေါ်ယူရာတွင် ရှားပါးဒေသများ၌ နေထိုင်သူများ အတွက် အသက်လျှော့ပေါ့ သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၃ |
| ၆ | မြန်မာနိုင်ငံတွင် လေထုညစ်ညမ်းမှုကြောင့် ဆိုးရွားသော အကျိုး ဆက်များဖြစ်နေခြင်းကို လျော့နည်းစေရန် လေထုညစ်ညမ်းမှု ထိန်းချုပ်ရေးဥပဒေပြဋ္ဌာန်းရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၆ |
| ၇ | နမ္မတူမြို့နယ်ရှိ နမ္မတူရပ်ကွက်ကို သတ္တုတွင်းနယ်မြေဟု အငြင်းပွားမှုများရှိနေပါသဖြင့် မြေအကျယ် အဝန်းဧရိယာဧက အတိအကျပါရှိသော တရားဝင်အသိအမှတ်ပြု ထုတ်ပြန်ထားသည့် မြေပုံနှင့်တိကျသော ပြန်တမ်းအမိန့်ကြေညာစာအပါအဝင် ပိုင်ဆိုင်မှု အထောက်အထားများရှိ/မရှိ သိလိုခြင်းနှင့် စပ်လျဉ်း သည့်မေးခွန်း | ၁၀ |
| ၈ | မိုးမိတ်၊ မဘိမ်းသစ်ထုတ်လုပ်ရေးဒေသမှထုတ်လုပ်မည့် သစ်မာတန် ၂၀၀၀ နှင့်ရွှေလီ၊ မဘိမ်း သစ်ထုတ်လုပ်ရေးဒေသမှထုတ်လုပ်မည့် သစ်မာတန် ၁၀၀၀ အား အငှားကားတိုက်ရာတွင် ဒေသခံ ပြည်သူများ လုပ်ကိုင်ခွင့်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၅ |
| ၉ | ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်းလုပ်ငန်းများအား စနစ်တကျ အားပေးကူညီ ဆောင်ရွက်သွားရန်နှင့် ညွှန်ကြားချက်များ အတိုင်း လိုက်နာဆောင်ရွက်မှုအခြေအနေများအား ပြန်လည်စိစစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၁၇ |
| ၁၀ | မုံရွာမြို့နယ်၊ လယ်ဇင်အုပ်စု၊ ဆားကျင်းအင်း(သို့) ဆင်သောက်ကန် အင်းအားသန့်ရှင်းသော သဘာဝပတ်ဝန်းကျင် ရရှိရန်အတွက် ပြန်လည်ထိန်းသိမ်းရန် | ၂၂ |

အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း

၁၁ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေကြမ်းကို တင်သွင်းခြင်း ၂၆

၁၂ ဒေါက်တာအေးမင်း၊ ခရမ်းမဲဆန္ဒနယ်က တင်သွင်းသည့် နိုင်ငံ့ဝန်ထမ်းများအတွင်း သတ်မှတ် အရည်အချင်းများနှင့်ကိုက်ညီပြီး ထူးချွန်စွာ တာဝန်ထမ်းဆောင်သူများမှ သင့်လျော်သော ဝန်ထမ်း အရေအတွက်ကို ဘွဲ့တံဆိပ်၊ အဆောင်အယောင်များ၊ အပန်းဖြေလေ့လာရေးခရီးများ၊ နိုင်ငံရပ်ခြားပညာတော်သင်ခရီးစဉ်များနှင့် အခြားသောဂုဏ်ပြုချီးမြှင့်၊ အသိအမှတ်ပြုမှုများ ပြုလုပ်ပေးခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းတို့၏ စိတ်ဓာတ်နှင့် လုပ်ငန်းစွမ်းဆောင်ရည်တို့ကို မြှင့်တင်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း ၃၄

၁၃ ဒေါက်တာအေးမင်း၊ ခရမ်းမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၆၃

၁၄ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၆၉

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး

## ဆဋ္ဌမနေ့ အစီအစဉ်

## [ ၂၅–၁–၂၀၁၈ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါ်နီရွှေလျှန်း၊ ထန်တလန် မဲဆန္ဒနယ်၏ **နိုင်ငံတော်မှ ဝန်ထမ်းများ ခန့်ထားရန် လျှောက်လွှာခေါ်ယူရာတွင် ရှားပါးဒေသများ၌ နေထိုင်သူများအတွက် အသက်လျှော့ပေါ့သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဦးအောင်ခင်၊ ပြင်ဦးလွင် မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံတွင် လေထုညစ်ညမ်းမှုကြောင့် ဆိုးရွားသော အကျိုးဆက်များ ဖြစ်နေခြင်းကို လျှော့နည်းစေရန် လေထုညစ်ညမ်းမှု ထိန်းချုပ်ရေးဥပဒေ ပြဋ္ဌာန်းရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်နန်းခမ်းအေး၊ နမ္မတူ မဲဆန္ဒနယ်၏ **နမ္မတူမြို့နယ်ရှိ နမ္မတူ ရပ်ကွက်ကို သတ္တုတွင်းနယ်မြေဟု အငြင်းပွားမှုများ ရှိနေပါသဖြင့် မြေအကျယ်အဝန်း ဧရိယာ ဧက အတိအကျ ပါရှိသော တရားဝင် အသိအမှတ်ပြု ထုတ်ပြန်ထားသည့် မြေပုံနှင့် တိကျသော ပြန်တမ်း အမိန့် ကြေညာစာ အပါအဝင် ပိုင်ဆိုင်မှု အထောက်အထားများ ရှိ၊ မရှိ သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးတိုးသောင်၊ မိုးမိတ် မဲဆန္ဒနယ်၏ **မိုးမိတ်၊ မဘိမ်း သစ်ထုတ်လုပ်ရေး ဒေသမှ ထုတ်လုပ်မည့် သစ်မာတန်(၂၀၀၀)နှင့် ရွှေလီ၊ မဘိမ်း သစ်ထုတ်လုပ်ရေးဒေသမှ ထုတ်လုပ်မည့် သစ်မာတန်(၁၀၀၀) အား အငှားကားတိုက်ရာတွင် ဒေသခံပြည်သူများ လုပ်ကိုင်ခွင့် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးနေထက်ဝင်း၊ ဆင်ပေါင်ဝဲ မဲဆန္ဒနယ်၏ **ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တော တည်ထောင်ခြင်း လုပ်ငန်းများအား စနစ်တကျ အားပေး ကူညီဆောင်ရွက်သွားရန်နှင့် ညွှန်ကြားချက်များအတိုင်း လိုက်နာ ဆောင်ရွက်မှု အခြေအနေများအား ပြန်လည်စိစစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးညွန့်အောင်၊ မုံရွာ မဲဆန္ဒနယ်၏ **မုံရွာမြို့နယ်၊ လယ်ဇင်အုပ်စု၊ ဆားကျင်းအင်း(သို့) ဆင်သောက်ကန်အင်းအား သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်ရရှိရန်အတွက် ပြန်လည်ထိန်းသိမ်းရန် အစီအစဉ် ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက **"ပေါက်ကွဲ စေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၇။ **"ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက တင်သွင်းသည့် **"ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၉။ ဒေါက်တာဦးအေးမင်း၊ ခရမ်း မဲဆန္ဒနယ်က တင်သွင်းသည့် **"နိုင်ငံ့ဝန်ထမ်းများ အတွင်း သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီပြီး ထူးချွန်စွာ တာဝန်ထမ်းဆောင်သူများမှ သင့်လျော်သော ဝန်ထမ်းအရေအတွက်ကို ဘွဲ့တံဆိပ်၊ အဆောင်အယောင်များ၊ အပန်းဖြေလေ့လာရေးခရီးများ၊ နိုင်ငံရပ်ခြား ပညာတော်သင် ခရီးစဉ်များနှင့် အခြားသော ဂုဏ်ပြုချီးမြှင့်၊ အသိအမှတ်ပြုမှုများ ပြုလုပ်ပေးခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းတို့၏ စိတ်ဓာတ်နှင့်လုပ်ငန်း စွမ်းဆောင်ရည်တို့ကို မြှင့်တင်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးနေလင်းအောင်၊ မင်းတပ် မဲဆန္ဒနယ်၊

(ခ) ဒေါက်တာဦးတင်အောင်၊ ကျောက်ဆည် မဲဆန္ဒနယ်၊

(ဂ) ဦးထွန်းထွန်းနိုင်၊ ကနီ မဲဆန္ဒနယ်၊

(ဃ) ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်၊

(င) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၊

(စ) ဦးတင်ထွေး၊ ဝေါ မဲဆန္ဒနယ်၊

(ဆ) ဦးမြင့်ဝေ၊ ဂွ မဲဆန္ဒနယ်၊

(ဈ) ဦးတင်ကိုကိုဦး၊ ဘီးလင်း မဲဆန္ဒနယ်၊

(ဈ) ဦးစောဗစ်တာခလိုက်၊ သံတောင်ကြီး မဲဆန္ဒနယ်၊

(ည) ဒုတိယဗိုလ်မှူးကြီးကျော်သီဟ၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဋ) ဗိုလ်မှူးမင်းဇာနည်ထွေး၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဌ) ဒေါက်တာဒေါ်သက်သက်ခိုင်၊ ဒဂုံ မဲဆန္ဒနယ်၊

(ဍ) ဦးကျော်ဆွေဝင်း၊ ကော့မှူး မဲဆန္ဒနယ်၊

(ဎ) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၊

(ဏ) ဒေါ်နီနီရွှေလျှန်း၊ ထန်တလန် မဲဆန္ဒနယ်၊

(တ) ဦးမောင်မောင်၊ ထီးချိုင့် မဲဆန္ဒနယ်၊

၁၀။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**
**ဆဋ္ဌမနေ့မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)**
**(ကြာသပတေးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ**။ ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ**။ ။ မင်္ဂလာပါ။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိတဲ့အနက် ၃၉၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၁.၉၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြား သူလွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာဖြစ်ပါ တယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၉၈ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၉ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင် ခွင့် ၂ ရက်၊
(၂) အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး ခွင့် ၈၊ ၂ ရက်၊
(၃) ညောင်ဦးမဲဆန္ဒနယ်မှ ဦးစော ခွင့် ၂ ရက်၊
(၄) ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် ခွင့် ၂ ရက်၊
(၅) ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို ခွင့် ၂ ရက်၊
(၆) ကမာရွတ်မဲဆန္ဒနယ်မှ ဦးကျော်မင်း ခွင့် ၂ ရက်၊
(၇) ကျိုက်ထိုမဲဆန္ဒနယ်မှ ဒေါက်တာခင်ဆောင် ခွင့် ၁ ရက်၊
(၈) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမောင်ဗိုလ် ခွင့် ၂ ရက်၊
(၉) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၂ ရက်၊
(၁၀) ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင် ခွင့် ၁ ရက်၊
(၁၁) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၂ ရက်၊
(၁၂) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊
(၁၃) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၂ ရက်၊
(၁၄) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးရွှေကို ခွင့် ၂ ရက်၊
(၁၅) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် ၂ ရက်၊
(၁၆) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၂ ရက်၊
(၁၇) လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး ခွင့် ၁ ရက်၊
(၁၈) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် ၂ ရက်နှင့်

(၁၉) ပုစွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၂ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၆ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၉ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၅ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်း တင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၁၆ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၃၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**နိုင်ငံတော်မှ ဝန်ထမ်းများခန့်ထားရန် လျှောက်လွှာခေါ်ယူရာတွင် ရှားပါးဒေသများ၌ နေထိုင်သူများ အတွက် အသက်လျှော့ပေါ့သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နီရွှေလျန်း(ထန်တလန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ချင်းပြည်နယ်၊ ထန်တလန် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီရွှေလျန်း ဖြစ်ပါတယ်။ ကျွန်မ မေးမြန်းချင်တဲ့ မေးခွန်းကတော့ နိုင်ငံတော်မှ ဝန်ထမ်းများခန့်ထားရန် လျှောက်လွှာခေါ်ယူရာ၌ ရှားပါးဒေသများတွင် နေထိုင်သူများအတွက် အသက်လျှော့ပေါ့သတ်မှတ်ပေးပါရန် အစီအစဉ်ရှိ/မရှိ သိရှိလိုတဲ့ မေးခွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရရုံးများမှ ဝန်ထမ်းခန့်ထားရန် လျှောက်လွှာခေါ်ယူသည့်အခါ ဘွဲ့ရဖြစ်ပါက အများဆုံး အသက် ၂၇ နှစ် ဆယ်တန်းအောင်မြင်ပါက အများဆုံး အသက် ၂၅ နှစ်ရှိရမည်ဟု လျှောက်လွှာခေါ်နေသည်ကို အများအားဖြင့် တွေ့ရှိရပါတယ်။

ဇင်းအသက် ကန့်သတ်ခြင်းကြောင့် လူငယ်အချို့ဘဝ လွန်စွာနစ်နာခဲ့ကြောင်း တွေ့ရှိရပါတယ်။ အသက်ကန့်သတ်ခြင်းကြောင့် နစ်နာခဲ့သော ကျွန်မတို့ ချင်းပြည်နယ်အတွင်းရှိ လူငယ်များအကြောင်းကို ဥပမာအဖြစ် တင်ပြဆွေးနွေးချင်ပါတယ်။ ကျွန်မတို့ ချင်းပြည်နယ်ဟာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲ၍ ဆင်းရဲနွမ်းပါးမှုအမြင့်မားဆုံးသောပြည်နယ်ဖြစ်ကြောင်း အားလုံးအသိပဲဖြစ်ပါတယ်။ ရပ်ရွာများဟာ တစ်ရွာနှင့်တစ်ရွာကို ခြေလျင်ခရီးဖြင့် တောင်ပေါ်တက်လိုက်၊ ဆင်းလိုက်သွားလာနေကြရပါတယ်။ ရပ်ရွာတိုင်းတွင် မူလတန်းအဆင့်ကျောင်းများရှိသော်လည်း အလယ်တန်းအဆင့်ကျောင်းများမှာ ရွာတိုင်းတွင်မရှိဘဲ အချို့ရွာကြီးများတွင်သာ ဖွင့်လှစ်ပေးထားပါတယ်။ ကလေးများဟာ မူလတန်းပညာကို ပြီးဆုံးပြီး မိမိ၏ရွာနှင့်အလှမ်းဝေးကွာသော အခြားရွာများသို့ အလယ်တန်းအဆင့်ပညာကို သင်ကြားသည့်အခါ အခက်အခဲများစွာ ကြုံတွေ့နေကြပါတယ်။ အချို့လူငယ်လူရွယ်များဟာ မူလတန်းအဆင့်ပြီးဆုံးပြီး၍ တစ်နှစ်၊ နှစ်နှစ်ခန့် အနားယူပြီးမှ အလယ်တန်းအဆင့်ကို ပြန်လည်သင်ကြားသူများလည်းရှိပါတယ်။ ချင်းပြည်နယ်ရှိ လူငယ်အများစုဟာ မိဘများရဲ့ စီးပွားရေးကြပ်တည်းမှု၊ လူမှုရေးအခက်အခဲ၊ ဘာသာစကားမတတ်ကျွမ်းမှုများကြောင့် ၁၀ တန်းကို နှစ်ချင်းပေါက်အောင်မြင်သူနည်းပါးခဲ့ပါတယ်။ တချို့လူငယ်များဟာ သုံးနှစ်၊ လေးနှစ်ဖြေပြီးမှသာ ၁၀ တန်းအောင်ကြပါတယ်။ တက္ကသိုလ်တက်ရာတွင်လည်း စီးပွားရေးကြပ်တည်းမှုကြောင့် လေးနှစ်တွင် ဘွဲ့ယူရမယ့်အစား ငါးနှစ်၊ ခြောက်နှစ်ကြာမှ ဘွဲ့ယူကြသူများလည်း ရှိကြပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင့်။ အထက်ပါအခက်အခဲများကြောင့် နိုင်ငံတော်မှ သတ်မှတ်ထားသော ရှားပါးဒေသတွင်နေထိုင်သော လူငယ်ပညာတတ်များ ဘဝမနစ်နာအောင် နိုင်ငံတော်မှ အထူးစဉ်းစားပေးရန် ကျွန်မ တင်ပြလိုပါတယ်။ နိုင်ငံ့ဝန်ထမ်းတစ်ဦးဟာ အလုပ်စောစောဝင်လျှင်လည်း အသက် ၆၀ ပြည့်ပါက ပင်စင်ယူရမည်ဖြစ်ပါတယ်။ နောက်ကျပြီးဝင်လျှင်လည်း အသက် ၆၀ ပြည့်ပါက ပင်စင်ယူရမှာဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းလုပ်သက်များတာနှင့် နည်းတာပဲ ကွာခြားမှာဖြစ်ပါတယ်။ ဥပမာ - အသက် ၃၀ နှစ်တွင် နိုင်ငံ့ဝန်ထမ်းအဖြစ် အလုပ်ဝင်ပါက အသက် ၆၀ ပြည့်သည့်အခါ ပင်စင်ယူမည်ဆိုလျှင် လုပ်သက် ၃၀ နှစ် နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နိုင်မည်ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံ့ဝန်ထမ်းတစ်ဦးခန့်ထားရာတွင် အသက် ၃၀ နှစ်အထိ ကန့်သတ်မည်ဖြစ်ပါက သင့်တော်ပါမည်ဟု ယူဆမိပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံ့ဝန်ထမ်းများ အလုပ်လျှောက်လွှာခေါ်ယူရာတွင် နိုင်ငံတော်မှ သတ်မှတ်ထားသည့် ရှားပါးဒေသများတွင် နေထိုင်သော ဘွဲ့ရလူငယ်များအတွက် အသက် ၂၇ နှစ် သတ်မှတ်ခြင်းအစား ၃၀ နှစ်အထိ လျှော့ပေါ့သတ်မှတ်ပေးပါရန် အစီအစဉ်ရှိ/မရှိ ရှားပါးဒေသရှိ ပြည်သူလူထုကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းသိမ်း(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏

ချမ်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ချင်းပြည်နယ်၊ ထန်တလန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီရွှေလျန်းမှ နိုင်ငံတော်မှ ဝန်ထမ်းများခန့်ထားရန် လျှောက်လွှာခေါ်ယူရာတွင် ရှားပါးဒေသများတွင် နေထိုင်သူများအတွက် အသက်လျှော့ပေါ့သတ်မှတ်ပေးပါရန် အစီအစဉ်ရှိ/မရှိ သိလိုခြင်းနှင့် စပ်လျဉ်းသည့်ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းလာခြင်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းခဲ့တဲ့မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့နည်းဥပဒေများ၊ နည်းဥပဒေ ၈ တွင် ဝန်ထမ်းအဖွဲ့အစည်းများသည် လစ်လပ်သော ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူးနေရာများတွင် ပြင်ပပုဂ္ဂိုလ်အားခန့်အပ်လိုပါက ရွေးချယ်ပေးရမည့် အရေအတွက်နှင့် သတ်မှတ်ချက်များဖော်ပြ၍ ရွေးချယ်ပေးရန်အဖွဲ့သို့ အဆိုပြုရမည်ဟူ၍ သတ်မှတ်ပြဋ္ဌာန်းထားရှိထားပါတယ်။ အဆိုပါနည်းဥပဒေပြဋ္ဌာန်းချက်ပါ သတ်မှတ်ချက်များတွင် ခန့်အပ်မည့်ရာထူးအတွက် ဆီလျော်သင့်တော်မည့် ပညာအရည်အချင်းနှင့် အသက်သတ်မှတ်ချက်တို့ အကျုံးဝင်ပါရှိပါတယ်။ သို့ပါ၍ လစ်လပ်ရာထူးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက ကြော်ငြာခေါ်ယူစစ်ဆေးရွေးချယ်ပေးနိုင်ရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ စတင်အဆိုပြုစဉ်ကပင် ခန့်အပ်မည့်ရာထူးအတွက် လုပ်ငန်းသဘောသဘာဝများအပေါ် တည်မှီကာ ပညာအရည်အချင်းနှင့် အသက်သတ်မှတ်ချက်အပါအဝင် အခြားသောသတ်မှတ်ချက်များကို ထည့်သွင်းဖော်ပြ၍ အဆိုပြုလာခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဝန်ထမ်းများရွေးချယ်ခန့်ထားခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့နည်းဥပဒေများ၊ နည်းဥပဒေ ၇၊ နည်းဥပဒေ ၈ နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ(က)တို့အရ ဝန်ထမ်းအဖွဲ့အစည်းအသီးသီးမှ ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူးနေရာလစ်လပ်မှုရှိသဖြင့် ပြင်ပပုဂ္ဂိုလ်အားခန့်အပ်လိုကြောင်း အဆိုပြုလာမှုအပေါ် ပြည်ထောင်စုရာထူးဝန်အဖွဲ့နည်းဥပဒေများ၊ နည်းဥပဒေ ၉ မှ နည်းဥပဒေ ၁၈ အထိပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကြော်ငြာခေါ်ယူပေးခြင်း၊ ရေးဖြေစာမေးပွဲကျင်းပစစ်ဆေးခြင်း၊ စိတ်အခြေအနေစစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းများ အဆင့်ဆင့်ဆောင်ရွက်ပြီးနောက် အဆိုပြုသည့်အရေအတွက်အတိုင်း ရွေးချယ်ပေးခြင်းလုပ်ငန်းတာဝန်ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အမှုထမ်းအဆင့်ရာထူးများခန့်ထားခြင်းကိုမူ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ယင်းတို့၏ စီမံခန့်ခွဲမှုနည်းလမ်းများအရ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်ရာတွင် တရားမျှတ မှန်ကန်မှုရှိစေရန် လိုက်နာကျင်းသုံးရမည့် လုပ်ထုံးလုပ်နည်းများကို နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ(ခ) နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၅ မှ နည်းဥပဒေ ၂၂ အထိ တိတိကျကျ ပြဋ္ဌာန်းထားရှိပြီး အဆိုပါပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက လိုက်နာကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။ ဝန်ထမ်းတစ်ဦးကို ဖွဲ့စည်းပုံပါရာထူးတစ်ခု၌ အတည်ပြုခန့်ထားရာမှာ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊

နည်းဥပဒေ ၄ နည်းဥပဒေခွဲ(ဃ)အရ ဝန်ထမ်းသည် အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်ရမည်ဟု ဝန်ထမ်းအဖြစ် စတင်ခန့်ထားနိုင်သည့်အသက်ကို သတ်မှတ်ပြဋ္ဌာန်းထားခြင်းမှတစ်ပါး နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများတွင် အခြားအသက်ကန့်သတ်ချက်များကို သတ်မှတ်ပြဋ္ဌာန်းခြင်းမရှိပါ။

နိုင်ငံ့ဝန်ထမ်းများအား ခေါ်ယူခန့်ထားရာတွင် အသက်ကန့်သတ်ချက်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့က သတ်မှတ်ပေးခြင်းမဟုတ်ပါ။ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူးနေရာများကို ပြင်ပပုဂ္ဂိုလ်များအား ခန့်အပ်လို၍ သတ်မှတ်ချက်များနှင့်အညီ အဆိုပြုလာသည့်အပေါ် ကြော်ငြာခေါ်ယူ၍ စစ်ဆေးရွေးချယ်ပေးခြင်းကိုသာ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ဆောင်ရွက်ပေးရခြင်းဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းတို့၏ လုပ်ငန်းလိုအပ်ချက်နှင့် လုပ်ငန်းသဘောသဘာဝများမှာ တူညီမှုမရှိသဖြင့်လည်းကောင်း၊ စတင်ခန့်ရာထူးအတွက် အသက်ကန့်သတ်မှုကို တစ်ပြေးညီသတ်မှတ်မည်ဆိုပါက မျိုးဆက်သစ်အရာထမ်းငယ်များ မွေးမြူပျိုးထောင်သည့်စနစ်ကို မဖော်ဆောင်နိုင်သည့်အနေအထားများလည်းဖြစ်ပေါ်လာနိုင်သဖြင့်လည်းကောင်း၊ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအားလုံးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့က သတ်မှတ်ခြင်းထက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအလိုက် သာလျှင် လက်ရှိအခြေအနေကို သုံးသပ်၍ သတ်မှတ်ခြင်းသည် အသင့်လျော်ဆုံးဖြစ်ပါသဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဝန်ထမ်းများခန့်ထားရန် လျှောက်လွှာခေါ်ယူရာတွင် ရှားပါးဒေသများတွင် နေထိုင်သူများအတွက် အသက်လျှော့ပေါ့သတ်မှတ်ပေးရန် အစီအစဉ်မရှိပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**မြန်မာနိုင်ငံတွင် လေထုညစ်ညမ်းမှုကြောင့် ဆိုးရွားသော အကျိုးဆက်များဖြစ်နေခြင်းကို လျော့နည်းစေရန် လေထုညစ်ညမ်းမှုထိန်းချုပ်ရေးဥပဒေ ပြဋ္ဌာန်းရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာအောင်ခင်(ပြင်ဦးလွင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးအောင်ခင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ မြန်မာနိုင်ငံတွင် လေထုညစ်ညမ်းမှုကြောင့် ဆိုးရွားသောအကျိုးဆက်များ ဖြစ်နေခြင်းကို လျော့နည်းစေရန် လေထုညစ်ညမ်းမှုထိန်းချုပ်ရေးဥပဒေ ပြဋ္ဌာန်းရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုပါတယ်။ အကျိုးအကြောင်းဖော်ပြချက်အနေနဲ့ကတော့ ကမ္ဘာပေါ်တွင် လူဦးရေတိုးတက်ပြောင်းလဲမှု၊ လူနေမှုပုံစံပြောင်းလဲမှု၊ မြို့/ရွာတိုးချဲ့လာခြင်း၊ စွမ်းအင်လိုအပ်ချက်များလာခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအပြောင်းအလဲ အသက်အရွယ်ကြီးလာမှုတို့ကြောင့် အရှေ့တောင်အာရှတွင်နေထိုင်သူများသည် လေထုညစ်ညမ်းမှုဒဏ်ကို အလွယ်တကူခံရမှု ပိုများလာပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အချက်အလက်အရ အာဆီယံမြို့တော် ၁၀ မြို့တော်တွင် အမှုန်အမွှားပျံ့နှံ့မှုအမြင့်ဆုံးအဖြစ် မြန်မာနိုင်ငံကို တွေ့ရှိရသဖြင့် အရှေ့တောင်အာရှဒေသအတွင်း မြန်မာနိုင်ငံသည် လေထုညစ်ညမ်းမှု အမြင့်ဆုံးဟု

ဆိုရပါမယ်။ ကမ္ဘာအနှံ့ကြုံတွေ့နေရတဲ့ အမှုန်အမွှားပျံ့နှံ့မှု၏ အဓိကအကြောင်းအရင်းမှာ ကျောက်မီးသွေးလောင်ကျွမ်းမှုကြောင့်ဖြစ်ပြီး Sulphurdioxide, Nitrogendioxide နှင့် ဖုန်မှုန့်များကို မြင့်မားထုတ်လုပ်လာခြင်းအတွက် တစ်နည်းအားဖြင့် လျှပ်စစ်ထုတ်ခြင်းထက် PM 2.5 ထွက်ပေါ်နေသော အဓိကအကြောင်းအရင်းဖြစ်ပါတယ်။ ထို့ပြင်မက မြန်မာနိုင်ငံတွင် လေထုညစ်ညမ်းမှုကို သုံးဆမြင့်တက်စေနိုင်သကဲ့သို့ စွမ်းအင်မှာလည်း Carbondioxide ထုတ်လွှတ်မှုကို နှစ်ဆမြင့်တက်စေနိုင်ပါတယ်။ လျှပ်စစ်ဓာတ်ထုတ်လုပ်စက်ရုံများ၊ ကားများ၊ အခြားစက်ရုံများ၊ အခြားအရင်းအမြစ်များမှထွက်သော မီးခိုးနှင့်ဖုန်မှုန့်များသည် လေထုထဲရှိ Carbondioxide၊ Nitrogendioxide နှင့် အခြားဓာတ်ငွေ့များ ဓာတ်ပြုမိသောအခါ PM 2.5 အဖြစ်သို့ ပြောင်းလဲသွားပါတယ်။ WHO ရဲ့ PM 10 ပတ်ဝန်းကျင် လေထုညစ်ညမ်းမှုဆိုင်ရာအချက်အလက်တွင် ပါရှိသည့်အချက်အလက်များအရ မြန်မာနိုင်ငံအခြေအနေသည် စိုးရိမ်ဖွယ်ရာဖြစ်ပါတယ်။ PM 10 ဆိုသည်မှာ PM 2.5 နှင့် အမှုန်၊ အခဲ နှစ်မျိုးလုံးပါဝင်သော ညစ်ညမ်းသည့်အမှုန်အစုအဝေးသာဖြစ်ပါတယ်။ PM Particulate Matter တိုင်းတာရာ၌ပါဝင်သည့်အချင်းမှာ 10 Micrometer အထိသာ အများဆုံးရှိရမှာဖြစ်ပါတယ်။ ဒါကို PM လို့ခေါ်ပါတယ်။ အချက်အလက်များကိုကြည့်လိုက်တဲ့အခါကျတော့ ၁၄ မြို့ဖြစ်တဲ့ ပြင်ဦးလွင်၊ တောင်ငူ၊ ကျောက်ဖြူ၊ နမ့်ခမ်း၊ မော်လမြိုင်၊ ရေနံချောင်း၊ ညောင်ဦး၊ ကျောက်ပန်းတောင်း၊ စဉ့်ကိုင်၊ တောင်သာ၊ ကသာ၊ မိတ္ထီလာ၊ ပြည်၊ အောင်လံ၊ နမ္မတူ တို့ထဲမှာ WHO တစ်နှစ်အတွင်းရှိတဲ့ PM 10 စည်းနဲ့ကိုက်ညီတဲ့မြို့ တစ်မြို့မှမရှိပါဘူး။ အဆိုးဆုံးကတော့ ပြင်ဦးလွင်မြို့ဖြစ်ပြီးတော့ သတ်မှတ်ချက်ထက် ၇ ဆပို၍ညစ်ညမ်းနေတာကို တွေ့ရပါတယ်။ ထို ၁၄ မြို့များအနက် ချောက်မြို့၏ PM 10 အဆင့်သည် တရုတ်နိုင်ငံညစ်ညမ်းမှုတွင် နာမည်ကျော်သော ပေကျင်းမြို့ထက် များနေတာကိုတွေ့ရပါတယ်။ အချုပ်အားဖြင့် ပြောရမယ်ဆိုရင် လေထုညစ်ညမ်းမှုစောင့်ကြည့်ရေးစနစ်၊ လေထုအရည်အသွေး၊ စံနှုန်းသတ်မှတ်ထားတဲ့စနစ်၊ လေထုအရည်အသွေးစောင့်ကြည့်ရမည့်စခန်းများ ထားရှိရန်လိုအပ်ပါတယ်။ မြန်မာနိုင်ငံအနေဖြင့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုတို့နှင့်အတူ ဒွန်တွဲပါလာမည့် လေထုအရည်အသွေး ခြိမ်းခြောက်မှုများကို ရင်ဆိုင်ဖြေရှင်း စီမံခန့်ခွဲရန်အတွက် လိုအပ်သော ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ထားဖို့ရာ လိုအပ်နေပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့ကျန်းမာရေးအတွက် ဆိုးရွားပြင်းထန်သည့်အကျိုးဆက်များဖြစ်ပေါ်နိုင်သည့် လေထုညစ်ညမ်းမှုလျော့နည်းစေရန် လေထုညစ်ညမ်းမှုထိန်းချုပ်ရေးဥပဒေ ပြဋ္ဌာန်းရန် အစီအစဉ်ရှိ/မရှိ ပြည်သူ့အကျိုးမျှော်၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ခင်ရဲ့ မြန်မာနိုင်ငံတွင် လေထုညစ်ညမ်းမှုကြောင့် ဆိုးရွားသောအကျိုးဆက်များ ဖြစ်နေခြင်းကို လျှော့နည်းစေရန် လေထုညစ်ညမ်းမှု ထိန်းချုပ်ရေးဥပဒေပြဋ္ဌာန်းရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းပြီး ကျွန်တော်ဖြေကြားသွားပါမယ်။ ကျွန်တော့်အား Power Point တင်ပြခွင့်ပြုပါရန် အချိန်အနည်းငယ်ပို၍ပေးပါခင်ဗျား။ ကမ္ဘာပေါ်မှာ နိုင်ငံအသီးသီးမှာ စက်မှုလုပ်ငန်းများကို တွင်ကျယ်စွာလုပ်ကိုင်လာပြီးတော့ ကမ္ဘာ့ရဲ့ လေထု၊ မြေထု၊ ရေထုက ညစ်ညမ်းလာပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံမှာလည်းပဲ အထိုက်အလျောက် ညစ်ညမ်းလာတာကိုတွေ့ရပါတယ်။ ၂၀၁၂ ခုနှစ် မတ်လမှာပြဋ္ဌာန်းခဲ့တဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပုဒ်မ ၁၀ မှာ ဝန်ကြီးဌာနသည် ပြည်ထောင်စု အစိုးရအဖွဲ့နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ သဘောတူညီချက်ဖြင့် မြေ၊ ရေ၊ လေ၊ အသံနှင့် တုန်ခါမှု၊ ထုတ်လုပ်အခိုးအငွေ့၊ စွန့်ထုတ်အရည်၊ စွန့်ထုတ်အစိုင်အခဲနှင့် အခြားပတ်ဝန်းကျင် အရည်အသွေး စံချိန်စံညွှန်းများကို သတ်မှတ်နိုင်ရန်ဖော်ပြထားပါတယ်။ ဒါကြောင့်မို့လည်းပဲ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု ပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး စံချိန်စံညွှန်းများကို သတ်မှတ်ရန် ကျွန်တော်တို့မှာတာဝန်ရှိပါတယ်။ ဒါပေမဲ့လည်းပဲ အမျိုးသားအဆင့် ပတ်ဝန်းကျင် အရည်အသွေးစံချိန်စံညွှန်းများကို သတ်မှတ်ရမယ့်ကိစ္စမှာ အချိန်ယူဆောင်ရွက်ရန်လိုအပ်ခြင်း၊ အမျိုးသားအဆင့် စံချိန်စံညွှန်းမထုတ်ပြန်မည်ကြားကာလမှာ စံချိန်စံညွှန်းအနေနှင့် လိုက်နာမှုရှိစေရန်လိုအပ်ခြင်း၊ လက်ရှိအချိန်မှာ စက်ရုံအလုပ်ရုံကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းစေမှုများမှ ကာကွယ်တားဆီးရန်လိုအပ်ခြင်းစတဲ့အချက်အလက်တွေကြောင့် နေရာအသီးသီးရဲ့ ဆူညံသံနှင့်တုံခါမှု၊ အခိုးအငွေ့ထုတ်လုပ်မှု၊ အရည်စွန့်လွှတ်မှုများကိုထိန်းချုပ်ရန် အခြေခံစည်းမျဉ်းအဖြစ် အမျိုးသား ပတ်ဝန်းကျင်အရည်အသွေး ထုတ်လုပ်မှုလမ်းညွှန်များကိုတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ခွင့်ပြုချက်နှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့မှာ သတ်မှတ်ပြဋ္ဌာန်းခဲ့ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ လေထုညစ်ညမ်းမှုအပါအဝင် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို ထိန်းချုပ်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာမှာ ပြဋ္ဌာန်းထားတဲ့ စံချိန်စံညွှန်းများကို အခြေခံပြီးတော့ မြန်မာနိုင်ငံအခြေအနေနဲ့ကိုက်ညီမယ့် လေအရည်အသွေး စံချိန်စံညွှန်း အပါအဝင် အမျိုးသားအဆင့် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများကို ထုတ်ပြန်ဖို့အတွက် ဆောင်ရွက်လျက်ရှိပြီးတော့ ရေးသားပြုစုပြီးလို့ရှိရင်တော့ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနဲ့ သဘောထားများကိုရယူပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်နဲ့ လုပ်ထုံးလုပ်နည်းနှင့်အညီ အတည်ပြုထုတ်ပြန်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၆၁၆/၂၀၁၅)နဲ့ ထုတ်ပြန်ထားတဲ့ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း EIA အပိုဒ် ၁၁၁ မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန (ရုံးချုပ်)အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနများအနေနဲ့ မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ စက်မှုလုပ်ငန်းများကနေပြီးတော့ စွန့်ထုတ်လိုက်တဲ့ ထုတ်လွှတ်အခိုးအငွေ့၊ စွန့်ထုတ်အရည်၊ စွန့်ပစ်ပစ္စည်းများကြောင့် လေထုညစ်ညမ်းမှုအပါအဝင် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို ထိန်းချုပ် ဆောင်ရွက်နိုင်ရေးအတွက် ထုတ်ပြန်ထားတဲ့ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊

လမ်းညွှန်ချက် များနှင့်အညီ လိုက်နာဆောင်ရွက်မှုများကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အလိုက် အခါ အားလျော်စွာ ကျွန်တော်တို့ စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။ သို့သော်လည်းပဲ ဌာနရဲ့လက်ရှိ ဖွဲ့စည်းပုံနဲ့ ဝန်ထမ်းအင်အား သုံးစွဲတဲ့တိုင်းတာတဲ့ကိရိယာအရေအတွက် စက်မှုလုပ်ငန်းအားလုံးကိုတော့ ကျွန်တော်တို့ စစ်ဆေးနိုင်ခြင်းမရှိသေးဘဲနဲ့ ညစ်ညမ်းမှုကိုဖြစ်ပေါ်စေတဲ့ တစ်နည်းအားဖြင့် တိုင်ကြားမှု ရှိနေတဲ့လုပ်ငန်းများကိုသာ ဦးစားပေးပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနအနေနဲ့ ဘက်စုံကောင်းမွန်တဲ့အရည်အသွေးရယ်၊ အရည်အသွေးစောင့်ကြည့်တဲ့အနေနဲ့ မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှာတော့ ရုံးဝင်းထဲမှာတပ်ဆင်ပြီးတော့ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ PM 2.5 ကို တိုင်းတာပြီးတော့ ၂၀၁၅ ခုနှစ် တည်းကစပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ပတ်ဝန်းကျင်အရည်အသွေး၊ စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ညစ်ညမ်း ကာကွယ်မှုအစီအမံများကိုရေးဆွဲရာမှာ လေထုအရည်အသွေးအပါအဝင် ပတ်ဝန်းကျင်အရည် အသွေး ဆိုင်ရာအခြေခံအချက်အလက်များရရှိနိုင်ရန် လက်ရှိပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများ လေ့လာ ဆန်းစစ်နိုင်ရန်နှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြပ်ကြည့်ရှုခြင်းများကို ထူထောင်ရာမှာ အထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီးတော့ မန္တလေး တိုင်းဒေသကြီးမှာရှိတဲ့ဘိလပ်မြေစက်ရုံပေါင်း ရှစ်ခုရဲ့ လေအရည်အသွေး၊ အဲဒီနည်းတူ မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ် ကျောက်ချောကျေးရွာမှာ လေထုအရည်အသွေးတိုင်းတာ စစ်ဆေးခြင်းများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးချုပ်ရယ်၊ တိုင်းဒေသကြီးများကနေပြီးတော့ နေရာလိုက် ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီအပြင် လက်ရှိမှာတော့ ဂျပန်နိုင်ငံရဲ့နည်းပညာ၊ ငွေကြေး အထောက် အပံ့နဲ့ Improvement of Capability of Air Quality Monitoring in Myanmar စီမံကိန်းကို အကောင်အထည်ဖော်ဖို့အတွက် စီမံကိန်းအဆိုပြုလွှာကို ၁၄-၁၂-၂၀၁၇ ရက်နေ့မှာ ကျင်းပတဲ့ စီးပွားရေးရေးရာကော်မတီအဖွဲ့အစည်းကနေပြီးတော့ (၁၉/၂၀၁၇)နဲ့သဘောတူညီချက် ရရှိပြီးဖြစ်ပါ တယ်။

ဆက်လက်ပြီးတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနှင့် လေထုညစ်ညမ်းမှုထိန်းချုပ်ရေးအတွက် ဥပဒေပြဋ္ဌာန်းရန် အစီအစဉ်မရှိသေးသော်လည်း လေထု ညစ်ညမ်းမှုထိန်းချုပ်ရေးအတွက် အမျိုးသားအဆင့် ပတ်ဝန်းကျင် အရည်အသွေး စံချိန်စံညွှန်းကို ထုတ်ပြန်ကြေညာခြင်း၊ အဆိုပါအမျိုးသားအဆင့် ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းနှင့်အညီ လိုက်နာဆောင်ရွက်မှုများအား စောင့်ကြပ်ကြည့်ရှုခြင်း၊ စီမံကိန်းလုပ်ငန်းများကို စောင့်ကြပ်ကြည့်ရှု ခြင်းနှင့် စစ်ဆေးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အမျိုးသားအဆင့် ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းများ အပေါ် လိုက်နာဆောင်ရွက်ခြင်းများကိုတော့ စိစစ်သုံးသပ်ခြင်းကိုလည်းကောင်း၊ သိပ္ပံနှင့် နည်းပညာ တိုးတက်မှုများနှင့်အညီလည်းကောင်း၊ လုပ်ငန်းလိုအပ်ချက်အရသော်လည်းကောင်း၊ ပတ်ဝန်းကျင် အရည်အသွေးစံချိန်စံညွှန်းများကို အချိန်ကာလနှင့် နေရာဒေသအလိုက် အများပြည်သူအကျိုးငှာ ဖြည့်စွက်ပြင်ဆင်သတ်မှတ်ခြင်းစတဲ့လုပ်ငန်းများကို ဆောင်ရွက်ပြီးတော့ လေထုညစ်ညမ်းမှုထိန်းချုပ် ရေးအတွက်လည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ

ဖြည့်စွက်ပြီး ကျွန်တော်ပြောချင်တာကတော့ PM 2.5 နဲ့ PM 10 ကတော့ ဒီလိုရှိပါတယ်။ PM 2.5 ကတော့ များသောအားဖြင့် မြို့ပေါ်တွေမှာတိုင်းပြီးတော့ PM 10 ကတော့ ခုနက ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့အတိုင်းပါပဲ။ အမှုန်အမွှားအလွန်အများထုတ်တဲ့နေရာတွေမှာသုံးပါတယ်။ အဲဒီတော့ ဒီနေရာမှာ အခုကျွန်တော်တို့ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးတိုင်းမှာ တိုင်းတဲ့အခါမှာ အခု PM 2.5 အနေနဲ့ ကတော့ မြင့်မားတဲ့နေရာတော့ မရှိသေးပါဘူး။ သို့သော်လည်းပဲ စက်ရုံကြီးမှာခုနကနေရာတွေမှာတော့ PM 2.5 မြင့်မားတာကို တွေ့ရပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော့်အနေနဲ့ကိုယ်စားလှယ်တော်ကြီးရဲ့မေးခွန်းနဲ့စပ်လျဉ်းပြီးဖြေရမယ်ဆိုလို့ ရှိရင် လောလောဆယ်မှာတော့ လေထုညစ်ညမ်းမှုထိန်းချုပ်ရေးဥပဒေပါ ပြဋ္ဌာန်းရန်အစီအစဉ်မရှိသေး ပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်ခင်ဗျား။

**နမ္မတူမြို့နယ်ရှိ နမ္မတူရပ်ကွက်ကို သတ္တုတွင်းနယ်မြေဟု အငြင်းပွားမှုများရှိနေပါသဖြင့် မြေအကျယ် အဝန်းဧရိယာဧက အတိအကျပါရှိသော တရားဝင်အသိအမှတ်ပြု ထုတ်ပြန်ထားသည့် မြေပုံနှင့်တိကျ သော ပြန်တမ်းအမိန့်ကြေညာစာအပါအဝင် ပိုင်ဆိုင်မှုအထောက်အထားများရှိ/မရှိသိလိုခြင်းနှင့် စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းခမ်းအေး(နမ္မတူမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါ။ ရှမ်းပြည်နယ်၊ နမ္မတူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး ဖြစ်ပါတယ်။ Power Point သုံးခွင့်ပြုပါရှင်။ နမ္မတူမြို့နယ် နမ္မတူမြို့နယ်နိမိတ်သတ်မှတ်ချက်နဲ့ပတ်သက်တဲ့မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါ တယ်။ ၁၉၇၂ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက် ရန်ကုန်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ၁၉၀၇ ခုနှစ်၊ မြို့ပြအက်ဥပဒေပုဒ်မ ၄ အရ ထုတ်ပြန်ထားတဲ့ အမိန့်ကြေညာစာမှာ နမ္မတူမြို့ကို နမ္မတူရပ်ကွက်၊ ပန်ဟိုက်ရပ်ကွက်ဆိုပြီး သတ်မှတ်ထားပါတယ်။ ၁၉၈၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်ထဲမှာလည်း ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနရဲ့အမိန့်ကြေညာစာမှာလည်း အဲဒီနှစ်ရပ်ကွက်စလုံးဟာ နမ္မတူမြို့ စည်ပင်သာယာရေးနယ်နိမိတ်အတွင်းပါဝင်တဲ့ရပ်ကွက်များဖြစ်တယ်လို့ ဆိုပြထားပါတယ်။ နမ္မတူမြို့ရဲ့အကွက်ချမြေပုံ ဖြစ်ပါတယ်။ အခုမြေပြင်အခြေအနေမှာ နမ္မတူရပ်ကွက်ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းနဲ့ တွင်းထွက်နဲ့ သတ္တုတူးဖော်ရေးလုပ်ငန်း မှနေပြီးတော့ Power Point မှာပြထားတဲ့ အစိမ်းရောင်အကွက်ကို သတ္တုတွင်းပိုင်မြေလို့ သတ်မှတ် ပြောဆိုပြီး မြေပြင်အငြင်းပွားမှုတွေ ရှိနေပါတယ်။ အဆိုပါအငြင်းပွားမှုရှိနေတဲ့ရပ်ကွက်မှာဆိုလို့ရှိရင် မြေလွတ်၊ မြေလပ်များရှိနေသေးခြင်း၊ ပြီးတော့ အဲဒီရပ်ကွက်မှာ ဌာနမှပိုင်ဆိုင်ပါတယ်ဆိုတဲ့ ဝန်ထမ်း အိမ်ရာများမှာ တခြားသောဌာနမှဝန်ထမ်းများ ငှားရမ်းနေထိုင်ခြင်း၊ ဌာနရဲ့ဝန်ထမ်းအိမ်ရာတွေ ဖြစ်ပါ တယ်။ အဲဒါအပြင် လူမနေဘဲနဲ့ ချုံနွယ်ပိတ်ပေါင်းတွေနဲ့ ယိုယွင်းစပြုနေတဲ့အရာထမ်းအိမ်ရာများ လည်း မြောက်မြားစွာရှိနေပါတယ်။ အဆိုပါရပ်ကွက်မှာ ကာလကြာရှည်စွာ နေထိုင်လာကြတဲ့ သတ္တုတွင်းဝန်ထမ်းဟောင်းများနဲ့ ဌာနဆိုင်ရာမှ အငြိမ်းစားဝန်ထမ်းများကို ကျူးကျော်အဖြစ် သတ်မှတ်လျက်ရှိနေခြင်း၊ နမ္မတူမြို့နယ်အတွင်းမှ ရုံးအပိုင်မရှိသေးသောဌာနများအတွက် နိုင်ငံတော်

မှဘတ်ဂျက်များချမှတ်ပေးပြီးသော်လည်းပဲ သတ္တုတွင်းဌာနမှ ၎င်းတို့ပိုင်မြေဖြစ်တယ်ဆိုပြီးတော့ ကန့်ကွက်နေတဲ့အတွက်ကြောင့် ရုံးများဆောက်လုပ်ရန်အတွက် အခက်အခဲများရှိနေခြင်း၊ အဲဒီလို အငြင်းပွားမှုတွေရှိနေတဲ့အတွက်ကြောင့် နမ္မတူသတ္တုတွင်းကို မြေပြင်ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး မေးမြန်းတဲ့အခါမှာ သတ္တုတွင်းဌာနမှ ရေးဆွဲထားသောမြေပုံများသာရှိပြီး နိုင်ငံတော်မှ ချမှတ်ပေးသော လားရာများ၊ နယ်နိမိတ်သတ်မှတ်ချက်များ တိကျစွာပါဝင်တဲ့ ပြန်တမ်းများ မရှိတာကို တွေ့ရှိရပါတယ်။ အဲဒါအပြင် နမ္မတူမြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲမှုနဲ့ စာရင်းအင်းဦးစီးဌာနမှလည်း သတ္တုတွင်း ပိုင်ဆိုင်တဲ့မြေနဲ့ပတ်သက်၍ မည်သည့်ထောက်ထားမှုများမရှိသလို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ရုံးမှာလည်း မည်သည့်မှတ်တမ်းမှတ်ရာများ မရှိကြောင်းလည်း တွေ့ရှိရပါတယ်။ ဒီဌာနရဲ့လုပ်ငန်းစဉ် မှာ သတ္တုတွင်းလုပ်ကွက်များ တည်ရှိရာ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မယ်ဆိုပြီး ပါရှိထားပါတယ်။ ဒါပေမဲ့ ဒီဌာနဟာ ဝင်းမြင့်မိုရ်စက်မှုကုမ္ပဏီလီမိတက်တို့ရဲ့သဘောတူစာချုပ်ချုပ်ဆိုထားတဲ့ ထုတ်လုပ်မှုအပေါ် ခွဲဝေ ခံစားတဲ့စနစ်နဲ့ လုပ်ကိုင်တဲ့လုပ်ငန်းဟာ နမ္မတူမြို့ရဲ့ မြို့ပြနဲ့တူနေတဲ့အခုအခြေအနေကို ကြည့်ခြင်း အားဖြင့် လုပ်ငန်းရဲ့တိုးတက်မှုကို ခန့်မှန်းနိုင်မှာဖြစ်ပါတယ်။ ဒီဌာနရဲ့မူဝါဒမှာ ဓာတ်သတ္တု၊ သယံဇာတများ ထုတ်လုပ်မှုကြောင့် ရေမြေသဘာဝနဲ့ ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းပျက်စီးမှုအနည်းဆုံးဖြစ်စေရေး အလေးထားဆောင်ရွက်ရန်၊ ပျက်စီးသွားတာတွေကို ပြန်လည်ထူထောင်ရေးဦးစားပေးဆောင်ရွက်ရန် နှင့် သတ္တုတွင်းလုပ်ငန်းများ လုပ်ကွက်ပိတ်သိမ်းပါက အများပြည်သူပြန်လည်အသုံးပြုနေထိုင်တဲ့ ပတ်ဝန်းကျင်အဖြစ် ပြန်လည်ထူထောင်ရေးပါရှိထားပါတယ်။ နမ္မတူမြို့မှာဆိုလို့ရှိရင် အခုဌာနရဲ့ မူဝါဒ လုပ်ငန်းစဉ်တွေနဲ့ ကွဲလွဲစွာဆောင်ရွက်နေတဲ့အတွက်ကြောင့် အဲဒီမြေတွေကို ဌာနမှ စွန့်လွှတ်ဖို့ လိုအပ် နေပါတယ်။ အဲဒါကြောင့် ကျွန်မမေးမြန်းလိုတဲ့မေးခွန်းကတော့ ဒီဌာနကနေပြီးတော့ မြေအကျယ် အဝန်း၊ ဧရိယာဧက၊ အတိအကျပါရှိသော တရားဝင်အသိအမှတ်ပြုထုတ်ပြန်ထားတဲ့ မြေပုံနှင့် တိကျ သော ပြန်တမ်း၊ အမိန့်ကြော်ငြာစာအပါအဝင် ပိုင်ဆိုင်မှုအထောက်အထားများရှိ/မရှိ သိရှိလိုပါ ကြောင်း၊ ရှိပါက ဘာကြောင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ ပြန်တမ်းပေးဖို့ရှိ/မရှိ အကြောင်းနှင့် မရှိပါက မြို့အင်္ဂါရပ်နှင့်အညီ ဝန်ထမ်းအိမ်ရာများနှင့် မြို့မြေကွက်များအဖြစ် ဖော်ထုတ် ချမှတ်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ နမ္မတူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေးရဲ့ ရှမ်းပြည်နယ်၊ နမ္မတူမြို့နယ်ရှိ နမ္မတူရပ်ကွက်ကို သတ္တုတွင်းနယ်မြေဟု နမ္မတူ-ဘော်တွင်းသတ္တုတွင်းဌာနမှ သတ်မှတ်ပြောဆိုနေပြီး မြေပြင်အငြင်းပွားမှု များရှိနေသဖြင့် သတ္တုတွင်းဝန်ကြီးဌာနမှ မြေအကျယ်အဝန်း၊ ဧရိယာဧက အတိအကျပါသော တရားဝင်အသိအမှတ်ပြု ထုတ်ပြန်ထားသည့်မြေပုံနှင့် တိကျသောပြန်တမ်းအမိန့်ကြော်ငြာစာအပါ

အဝင် ပိုင်ဆိုင်မှုအထောက်အထားများရှိ/မရှိ သိလိုပါကြောင်း၊ ရှိပါက အဘယ်ကြောင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ပြန်တမ်းပေးပို့ထားခြင်းမရှိကြောင်းနှင့် မရှိပါက မြို့အင်္ဂါ ရပ်နှင့်အညီ လိုအပ်သော ဌာနဆိုင်ရာရုံးအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများနှင့် မြို့မြေကွက် သစ်များအဖြစ် ဖော်ထုတ်ချမှတ်ပေးခြင်းရှိ/မရှိကို သိရှိလိုခြင်းနှင့်ပတ်သက်ပြီး ကျွန်တော် ဖြေကြား သွားမှာဖြစ်ပါတယ်။ ကျွန်တော့်အား Power point တင်ပြခွင့်ပြုပါရန်နှင့် အချိန်အနည်းငယ်ပိုပေးပါ ခင်ဗျား။

ရှမ်းပြည်နယ်၊ နမ္မတူမြို့နယ်မှာရှိတဲ့ နမ္မတူမြို့ဟာ သတ္တုတွင်းရပ်ကွက်နဲ့ ပန်ဟိုက်ရပ်ကွက် ဆိုပြီး နှစ်ခုရှိပါတယ်။ နမ္မတူ-ဘော်တွင်းသတ္တုတွင်းဟာဖြင့် ၁၉၀၉ ခုနှစ်မှ စတင်ပြီးတော့ ဘားမား ကော်ပိုရေးရှင်းလီမိတက်ကို အင်္ဂလိပ်ပိုင်တဲ့ကုမ္ပဏီအနေနဲ့ ငွေ၊ ခဲ၊ သွပ်ထုတ်လုပ်ခြင်းလုပ်ငန်းများကို လုပ်ကိုင်စေပါတယ်။ အဲဒါကြောင့်မို့လည်း ဘော်တွင်းသတ္တုတွင်းလို့ခေါ်ပြီးတော့ ရရှိတဲ့ သတ္တုရိုင်း များကိုတော့ နမ္မတူမြို့မှာရှိတဲ့ သတ္တုသန့်စင်ကျိုချက်စက်ရုံကို တင်ပို့လျက်ရှိပါတယ်။ ကျိုချက်ခိုင်း ပါတယ်။ နမ္မတူမြို့မှာရှိတဲ့ သတ္တုတွင်းရပ်ကွက်ကလည်းပဲ သတ္တုကျိုချက်စက်ရုံနဲ့ စီမံခန့်ခွဲမှုရုံးများ အတွက် အိမ်ရာတည်ဆောက်ခြင်း၊ ဆေးရုံ၊ ဆေးခန်းနဲ့ အခြားလိုအပ်တဲ့ အဆောက်အအုံများ တည်ဆောက်ခဲ့ပြီးတော့ သတ္တုသန့်စင်ကျိုချက်၊ သန့်ချွတ်ထုတ်လုပ်ခြင်းလုပ်ငန်းကို အဓိကဆောင်ရွက် ခဲ့တဲ့ရပ်ကွက်တစ်ခုဖြစ်ပါတယ်။ နမ္မတူ-ဘော်တွင်းဟာ ၁၉၀၉ ခုနှစ်က အတိုင်းပါပဲ။ နိုင်ငံပိုင်ဖြစ်သော် လည်းပဲ ဧရိယာသတ်မှတ်မှုကိုတော့ ၁၉၂၁ မှာမှ သတ္တုတွင်းဧရိယာ နယ်နိမိတ်မျဉ်းကြောင်းကိုဆွဲခဲ့ပါ တယ်။ အဲဒီတုန်းက ဆွဲခဲ့တဲ့နေရာမှာ မြေပုံကိုအဖြောင့်ဆွဲခဲ့ပါတယ်။ တစ်နည်းအားဖြင့် သူ့နယ်နိမိတ် ကို မျဉ်းဖြောင့်ရေးဆွဲတာကြောင့်မို့လို့ ပုံမှန်ကြည့်မယ်ဆိုလို့ရှိရင် သတ္တုတွင်းပိုင်ချော်ပုံအမှတ်(၁)၊ အဲဒါရဲ့ အခြားသတ္တုတွင်းပိုင်မြေနဲ့ အဆောက်အအုံအချို့ဟာ ဧရိယာအပြင်ကို ရောက်ရှိနေကြောင်းကို တွေ့ရှိပါတယ်။ ဒီမှာ နမ္မတူ-ဘော်တွင်းသတ္တုတွင်းဧရိယာရဲ့စီမံကိန်းဧရိယာကို တင်ပြလိုပါတယ်။ နမ္မတူသတ္တုတွင်းရပ်ကွက် ဧရိယာကတော့ ၁၂၈၀.၈ ဧက၊ ဘော်တွင်းသတ္တုတွင်း ဧရိယာကတော့ ၆၄၀၀ ဧက၊ ဆက်စပ်လုပ်ငန်းဧရိယာကတော့ ၁၈၀၉.၈ ဧက အားလုံးပေါင်း ၉၄၉၀.၆ ဧက ဖြစ်ပါ တယ်။ ၂၀၀၉ ခုနှစ် နိုင်ငံပိုင်ကဏ္ဍမှ ပုဂ္ဂလိကကဏ္ဍကို ကုန်သွယ်မှုမူဝါဒကောင်စီရဲ့ (၃၂/၂၀၀၉) အစည်းအဝေးဆုံးဖြတ်ချက်အရသော်လည်းကောင်း၊ ၂၈-၁၁-၂၀၀၉ ရက်နေ့မှာ ကျင်းပတဲ့အစိုးရအဖွဲ့ ရဲ့(၄၀/၂၀၀၉)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်နဲ့အညီ နမ္မတူ-ဘော်တွင်းသတ္တုတွင်းကို ဝင်းမြင့်မိုရ်စက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်ကို လွှဲပြောင်းခဲ့ပြီးတော့ ၃၁-၁၂-၂၀၀၉ ရက်နေ့မှာ ခဲ၊ သွပ်သတ္တုသန့်စင်ထုတ်လုပ်မှုအပေါ်မှာ ခွဲဝေခံစားတဲ့လုပ်ငန်းစနစ်နဲ့ ဝင်းမြင့်မိုရ်စက်မှုလုပ်ငန်း ကုမ္ပဏီကို လွှဲပြောင်းစေခဲ့ပါတယ်။ ၁၉၂၁ ခုနှစ်မှာ ရေးဆွဲခဲ့တဲ့ သတ္တုတွင်းဧရိယာရဲ့အပြင်မှာရှိနေတဲ့ ခဲချော်ပုံ(၁)ကနေပြီးတော့ သွပ်အောက်ဆိုဒ်ထုတ်ရန်အတွက် မြန်မာအထွဋ်အထိပ်သတ္တုလုပ်ငန်း ကုမ္ပဏီလီမိတက်(Myanmar Apex Mining Co.,Ltd.)ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ၄-၇-၂၀၁၁ ရက်နေ့မှာ ခွင့်ပြုမိန့်အမှတ်(၅၀၆/၂၀၁၁)နဲ့ နမ္မတူ-ဘော်တွင်းသတ္တုတွင်းပိုင် မြေငှားရမ်း ခြင်းသဘောတူစာချုပ်ကို ၆-၇-၂၀၁၁ ရက်နေ့မှာ စာချုပ်ချုပ်ဆိုခဲ့ပါတယ်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းရဲ့ နမ္မတူဘော်တွင်းနယ်မြေနဲ့ပတ်သက်ပြီးတော့ ပိုင်ဆိုင်မှုအထောက်အထားမြေပုံနဲ့ ညွှန်ကြားချက်များကိုတော့ ကျွန်တော် Power Point နဲ့တင်ပြထားပါတယ်။ Power Point မှာ တင်ပြထားတဲ့အတိုင်းပါပဲ နောက်ဆက်တွဲ(က)မှာတော့ နမ္မတူသတ္တုတွင်းရပ်ကွက်ရဲ့ဧရိယာအား ၁၉၂၁ ခုနှစ်မှာရှိခဲ့တဲ့၊ ရေးဆွဲခဲ့တဲ့ SM 106၊ နောက်တစ်ခါ မြေပုံအမှတ် SM 106 ကို အမှတ်(၁)သတ္တုတွင်းအမည်နဲ့ ပုံစံ(၁၀၅) ရရှိတဲ့ မြို့နယ်မြေစာရင်းအထောက်အထား နောက်ဆက်တွဲ(ခ)မှာ တင်ပြထားပါတယ်။ ဘော်တွင်းသတ္တုတွင်းဧရိယာကိုဆွဲထားတဲ့ မြေပုံနံပါတ် BP 5 နဲ့ ပုံစံ(၁၀၅) နောက်ဆက်တွဲ(ဂ)မှာ တင်ပြထားပါတယ်။ ဝင်းမြင့်မိုရ်စက်မှုလုပ်ငန်းကုမ္ပဏီလီမိတက် ကို ငှားရမ်းလုပ်ကိုင်တဲ့ MIC ရဲ့ခွင့်ပြုမိန့်အမှတ်ကိုလည်း နောက်ဆက်တွဲ(ဃ)မှာ တင်ပြထားပါတယ်။ မြန်မာအထွဋ်အထိပ်သတ္တုတွင်းလုပ်ငန်းကုမ္ပဏီလီမိတက်သို့ခွင့်ပြုတဲ့ MIC ကိုလည်းပဲ ခွင့်ပြုမိန့်ကိုလည်း ကျွန်တော်နောက်ဆက်တွဲ(င)မှာ ကျွန်တော် တင်ပြထားပါတယ်။ အဲဒီနည်းတူ ဝင်းမြင့်မိုရ်စက်မှုလုပ်ငန်းကို လွှဲပြောင်းပေးထားခဲ့တဲ့ အခုနက စီမံကိန်းဧရိယာကိုလည်း နောက်ဆက်တွဲ(စ)မှာ တင်ပြထားပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်၊ နမ္မတူမြို့နယ်ရှိ နမ္မတူသတ္တုတွင်းရပ်ကွက်ဟာဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ပိုင်နက်မြေဖြစ်ပြီးတော့ ရှေးနှစ်ပေါင်းများစွာ တည်ဆောက်ခဲ့တဲ့ အဆောက်အအုံများ၊ စက်ရုံများ၊ စွန့်ပစ်ခဲချေးပုံများကို ယခုတိုင် အထင်အရှားတွေ့ရပြီးတော့ ယခင်သတ္တုတွင်းဝန်ကြီးဌာနရဲ့ မြေအကျယ်အဝန်းဧရိယာအတိအကျပါတဲ့ မြေပုံအထောက်အထားများရှိသော်လည်းပဲ ပြန်တမ်း၊ အမိန့်ကြော်ငြာစာများမှာတော့ မတွေ့ရပါဘူး။ နမ္မတူမြို့နယ်မှာရှိတဲ့ ဝင်းမြင့်မိုရ်စက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်ကို ငှားရမ်းခဲ့တဲ့ ၁၂၈၀.၈ ဧကနဲ့ အဲဒီရဲ့အပြင်မှာရှိတဲ့ မြန်မာအထွတ်အထိပ်သတ္တုလုပ်ငန်းကုမ္ပဏီလီမိတက်ကို ငှားရမ်းထားတဲ့ ၅ ဧကအပါအဝင် ချော်ပုံအမှတ်(၁)၊ ဝန်ထမ်းအိမ်ရာခြောက်လုံးနဲ့ ဧရိယာ ၆၇ ဧကခန့်မှလွဲပြီးတော့ ကျန်မြေနေရာများမှာ လိုအပ်တဲ့ဌာနဆိုင်ရာရုံး၊ အဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများကို သက်ဆိုင်ရာက ဖော်ထုတ်မယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ဝန်ကြီးဌာနကနေပြီးတော့ ကန့်ကွက်ရန်မရှိပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်နန်းခမ်းအေး(နမ္မတူမဲဆန္ဒနယ်)**။ ။ အခုနက ဝန်ကြီးဖြေသွားတဲ့အထဲမှာ ပြန်တမ်းကြော်ငြာစာမရှိဘူးဆိုတာ အားလုံးကြားသိမှာပါ။ ကျွန်မမေးထားတဲ့မေးခွန်းထဲမှာလည်း ပြန်တမ်းအမိန့်ကြော်ငြာစာရှိ/မရှိဆိုတာပဲ ကျွန်မသိရှိလိုခြင်းဖြစ်ပါတယ်။ ပုံစံ(၁၀၅)ဆိုတာက ဂရန်လျှောက်ထားရန်အတွက်ဖြစ်ပြီးတော့ ပိုင်ဆိုင်မှုမဟုတ်ဘူးဆိုတာကို အားလုံးသိရှိပြီးဖြစ်မှာပါ။ ပြီးတော့ ဒီပုံစံ(၁၀၅)ဟာ လျှောက်ရမှာဆိုတာလည်း ဒီ ၁၀ နှစ်အတွက်သာဖြစ်ပါတယ်။ ဂရန်လျှောက်ဖို့အတွက် ကျွန်မတို့ နမ္မတူမှာ ၁၉၉၈ ခုနှစ်က ဌာနမှ လာပြီးတော့ ပုံစံ(၁၀၅)အတွက် လာလျှောက်တယ်ဆိုကတည်းက ပိုင်ဆိုင်မှုမရှိဘူးဆိုတာကို ဒီဌာနက သက်သေပြနေခြင်းဖြစ်ပါတယ်။ ကျွန်မကို Power Point သုံးခွင့်ပြုပါရှင်။ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေပုဒ်မ ၃၉ အရ ခွင့်ပြုမိန့်ရရှိပြီးဖြစ်တဲ့ ခလရ ၃၂၄ ရဲ့ပုံဖြစ်ပါတယ်။ အစိမ်းရောင်နဲ့ပြထားပါတယ်။ ဒီအနီရောင်အကွက်လေးကတော့

သတ္တုတွင်းဌာနပိုင်ကလည်း ပါရှိသလို ကျွန်မတို့မြို့မြေကွက်ထဲမှာလည်း ပါရှိတယ်။ ပြီးတော့ တပ်မြေထဲမှာလည်း ပါရှိနေတဲ့ မြေဖြစ်နေပါတယ်။ အခုပြထားတဲ့ပုံအရဆိုလို့ရှိရင် သတ္တုတွင်းပိုင်ပါတယ်ဆိုတဲ့နယ်နိမိတ်ရဲ့အပြင်ဘက်မှာရှိပြီးတော့ မြို့မြေကွက်ထဲမှာ ပါရှိနေတဲ့ အဖြူရောင်အကွက်ဟာ မြန်မာ့အထွေထွေအထိပ်သတ္တုတွင်းလုပ်ငန်းကုမ္ပဏီလီမိတက် Zinc-oxide ထုတ်လုပ်တဲ့စက်ရုံဖြစ်ပါတယ်။ ဒီစက်ရုံကို သတ္တုတွင်းဌာနကနေပြီးတော့ ၂၀၀၁ ခုနှစ်မှာ တစ်ဇကေ ၆၀၀၀၀ နှုန်းနဲ့ ၅ ဇကေကို သတ္တုတွင်းဌာနကနေပြီးတော့ ဒီကုမ္ပဏီဟာ ငှားရမ်းလုပ်ကိုင်နေပါတယ်။ ဒီမြေပြင်နဲ့ပတ်သက်ပြီးတော့ ပိုင်ဆိုင်မှုအထောက်အထား တစ်နည်းအားဖြင့် ဌာနကဆွဲထားတဲ့မြေပုံသာရှိတဲ့အတွက်ကြောင့် ဝန်ကြီးဌာနအနေနဲ့ ပြန်လည်သုံးသပ်သင့်ပါတယ်။ အကယ်၍ ကျွန်မတို့မြေပြင်မှာ စိုက်ပျိုးရေးနဲ့ပတ်သက်ပြီး တောင်သူတွေအငြင်းပွားလို့ရှိရင် ကျွန်တော်တို့ တဲတွေရှိနေပါတယ်။ ကျွန်တော်တို့ပိုင်ဆိုင်မှုပုံစံ(၁၀၅)ရှိနေပါတယ် ဆိုလို့ရှိရင် အဲဒါတွေကို ကျွန်မတို့က အတည်ပြုပေးလို့ရမလားဆိုတဲ့ မေးခွန်းမေးနိုင်စရာဖြစ်နေပါတယ်။ အဲဒါကြောင့် ကျွန်မသိချင်တာက ဒီမြန်မာ့အထွေထွေအထိပ်သတ္တုတွင်းလုပ်ငန်းဟာ သတ်မှတ်တဲ့မြေဧရိယာရဲ့အပြင်ဘက်ကိုလည်း ရောက်ရှိနေတဲ့အတွက်ကြောင့် ဒီသတ္တုတွင်းနဲ့ပတ်သက်တဲ့ သက်ဆိုင်တဲ့ကိစ္စအဝဝကို မြို့နယ်စီမံခန့်ခွဲရေးကို ဘယ်လို၊ ဘယ်အချိန်မှာ လွှဲပြောင်းပေးမလဲဆိုတာ သိရှိလိုကြောင်းနှင့် ဒီသတ္တုတွင်းဌာနဟာ နမ္မတူမြို့မှာ မူဝါဒလမ်းညွှန်ချက်တွေနဲ့ လွဲမှားစွာကျင့်သုံးနေတဲ့အတွက်ကြောင့် မြို့အင်္ဂါရပ်နှင့်အညီ ပြန်လည်စွန့်ပစ်ပေးဖို့အတွက် သုံးသပ်ပြီးတော့ ပြန်လည်စွန့်ပေးဖို့ ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနအနေနဲ့ မေးခွန်းရှင်ရဲ့မေးခွန်းပါအပိုင်း၊ ပြန်ဖြေကြားတဲ့အခါမှာ ဖြေကြားတဲ့အပိုင်း၊ အဲဒီနှစ်ခုနဲ့ပတ်သက်ပြီး ဆက်စပ်တဲ့ တစ်ဆက်တစ်စပ်တည်းဖြစ်တဲ့ မေးခွန်းကိုပဲ ဖြေပါ။ မေးခွန်းအသစ်တွေကတော့ ဖြေဖို့မလိုပါဘူး။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ ဒီမေးခွန်းပါ အခုနကပြောတဲ့ ကုမ္ပဏီအနေနဲ့ကတော့ MIC နဲ့စာချုပ်ထားတာဖြစ်ပါတယ်။ အခုနက ကျွန်တော်တင်ပြတဲ့အတိုင်းပါပဲ။ ပထမဆွဲကတည်းက မူလအမှားအယွင်းကတော့ မျဉ်းဖြောင့်သွားဆွဲခြင်းပါပဲ။ အဲဒီတုန်းကတော့ အကယ်၍သူမူလရှိတဲ့အတိုင်းဆွဲမယ်ဆိုရင် ဒီပြဿနာဖြစ်စရာမရှိပါဘူး။ မျဉ်းဖြောင့်ဆွဲခဲ့တဲ့(၁)က အမှားဖြစ်ပါတယ်။ (၂) MIC နဲ့စာချုပ်ချုပ်ထားတဲ့အတွက်ကြောင့် မို့လို့ ကျွန်တော် MIC နဲ့ ဒါကိုတင်ပြပြီးတော့ ဘယ်လိုများဖြေရှင်းလို့ရမလဲဆိုတာကို ကျွန်တော်ဖြေရှင်းပေးပါမယ်ခင်ဗျား။ အခုလောလောဆယ်တော့ ကျွန်တော့်အနေနဲ့ ဒီလောက်ပဲ ဖြေရှင်းနိုင်ခွင့်ရှိပါတယ်ခင်ဗျား။

**မိုးမိတ်၊ မဘိမ်းသစ်ထုတ်လုပ်ရေးဒေသမှထုတ်လုပ်မည့် သစ်မာတန် ၂၀၀၀ နှင့် ရွှေလီ၊ မဘိမ်း သစ်ထုတ်လုပ်ရေးဒေသမှထုတ်လုပ်မည့် သစ်မာတန် ၁၀၀၀ အား အငှားကားတိုက်ရာတွင် ဒေသခံ ပြည်သူများလုပ်ကိုင်ခွင့်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုးမိတ်မဲဆန္ဒနယ်မှ ဦးတိုးသောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတိုးသောင်(မိုးမိတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြတဲ့ဝန်ကြီးများ၊ တက်ရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို ဦးစွာပထမ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုးမိတ်မဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးတိုးသောင် ဖြစ်ပါတယ်။ ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်၊ မဘိမ်းသစ်ထုတ်ရေးဒေသမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ သစ်မာတန် ၁၁၀၀၀ နှင့် ရွှေလီသစ်ထုတ်ရေးဒေသမှ သစ်မာတန် ၃၀၀၀ အား ထုတ်လုပ်မယ်လို့ သိရှိရပါတယ်။ အဲဒီမှာ ဌာနကားနဲ့တိုက်မှာက ၉၀၀၀ ဖြစ်ပြီးတော့ ပိုတဲ့တန် ၃၀၀၀ ကို ဒေသခံအငှားကားများနဲ့တိုက်မယ်လို့ ရည်ရွယ်ပြောဆိုခဲ့လို့ ကျွန်တော့်အနေနဲ့ ၂၈-၁၁-၂၀၁၆ ရက်နေ့ အမြဲသိမ်းဂျာနယ်မှာ ဝန်ကြီးကပြောထားတဲ့အရ မိုးမိတ်မြို့နယ်က ဒေသခံကားခေါင်းဆောင်ဖြစ်တဲ့ ကိုအောင်ဇင်ဦးကနေပြီးတော့မှ လျှောက်ထားခဲ့ပါတယ်။ ပိုတဲ့တန် ၃၀၀၀ ကို ဒေသခံကားများ အလုပ်အကိုင်အခွင့်အလမ်းရရှိအောင်ပေးရန် ကျွန်တော်တို့လျှောက်ထားခဲ့ပါတယ်။ ကျွန်တော့်ရဲ့ ဒီလိုတင်ပြတောင်းခံခဲ့တဲ့အပေါ်မှာ သဘာဝသယံဇာတဝန်ကြီးနှင့် ၁၈-၉-၂၀၁၇ ရက်နေ့မှာ ကျွန်တော် တွေ့ဆုံခဲ့ပါတယ်။ တွေ့ဆုံခဲ့တဲ့အခါမှာ ဝန်ကြီးရဲ့ပြောကြားချက်က ကျွန်တော်တို့ဟာ ဒေသခံကားတွေ နဲ့ပဲတိုက်ဖို့၊ ဒေသတာဝန်ခံရဲ့ ညွှန်ကြားမှုကိုလိုက်နာပြီးတော့ ဒေသခံကားများဖြင့်သာ လုပ်ငန်း ဆောင်ရွက်ဖို့ညွှန်ကြားခဲ့တာကို သိရှိရပါတယ်။ ဒါပေမဲ့လည်းပဲ ဥပဒေနဲ့အညီဆောင်ရွက်နေတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ တင်ပြတောင်းဆိုချက်နဲ့ ပြည်ထောင်စုဝန်ကြီးရဲ့ နှုတ်မိန့်ဖြင့်မှာကြား ခဲ့တဲ့ သဘောထားမှတ်ချက်ကို ဝန်ကြီးဌာနရဲ့လက်အောက်အဆင့်ဆင့်မှာရှိတဲ့ အကြီးအကဲများ အကောင်အထည်ဖော်ဆောင်မှုမရှိတာကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒေသခံပြည်သူများဟာ အလုပ်အကိုင်၊ အခွင့်အလမ်း နည်းပါးကြပါတယ်။ ကျွန်တော်တို့တိုင်းပြည်မှာ ဒီအလုပ်အကိုင်၊ အခွင့်အလမ်းနည်းပါးလို့ ဆင်းရဲတဲ့ ပြည်သူတွေအများကြီးပါ။ ဒီလိုအလုပ်အကိုင်အခွင့်အလမ်းလေးတွေကို ဥပဒေနဲ့အညီ ဆောင်ရွက်ခွင့် ရှိတဲ့အချိန်မှာ ကျွန်တော်တို့ဟာ ဒါပိုတဲ့သစ်ကလေးကိုတိုက်ဖို့ တောင်းဆိုခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့ ပိုတဲ့တန် ၃၀၀၀ ကို ဒေသခံပြည်သူများ အလုပ်အကိုင်၊ အခွင့်အလမ်းရရှိဖို့ရန်အတွက် အခွင့်အလမ်း ဆောင်ရွက်ပေးမှုရှိ/မရှိကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာကို မေးမြန်းအပ်ပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မိုးမိတ်မဲဆန္ဒနယ် ဦးတိုးသောင်ရဲ့ မိုးမိတ်၊ မဘိမ်းသစ်ထုတ်ရေးဒေသမှထုတ်လုပ်မည့် သစ်မာတန် ၂၀၀၀ နှင့် ရွှေလီ၊ မဘိမ်းသစ်ထုတ်ရေးဒေသမှထုတ်လုပ်မည့် သစ်မာတန် ၁၀၀၀ အား အငှားကားတိုက်ရာတွင် ဒေသခံပြည်သူများ လုပ်ကိုင်ခွင့်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို ကျွန်တော်ဖြေကြားသွားပါမယ်။ အားလုံးသိကြတဲ့အတိုင်းပါပဲ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကစပြီး ကျွန်တော်တို့ ပဲခူးရိုးမမှာရှိတဲ့ ပဲခူးရိုးမနဲ့မြန်မာနိုင်ငံတစ်ခုလုံးမှာရှိတဲ့ သစ်ထုတ်လုပ်ခြင်းကို ကျွန်တော်တို့ ရပ်နားထားပါတယ်။ ပဲခူးရိုးမတော့ ၁၀ နှစ်ဖြစ်ပါတယ်။ တစ်ခြားတိုင်းနဲ့ပြည်နယ်တွေမှာ တစ်နှစ်ရပ်နားထားပါတယ်။ အဲဒီနောက် ၂၀၁၇-၂၀၁၈ ခုနှစ်မှာ။ ကျွန်တော်တို့ ဒီသစ်တိုက်တဲ့လုပ်ငန်းကို ပြန်ပြီးတော့ သစ်ပြန်ထုတ်ပါတယ်။ ထုတ်တဲ့နေရာမှာ မြန်မာ့သစ်လုပ်ငန်းအနေနဲ့ မြန်မာတစ်နိုင်ငံလုံးကတော့ ကျွန်း ၁၅၀၀၀ ပါ။ သစ်မာ ၃၅၀၀၀၀ ကျွန်တော်တို့ ဌာနအားနဲ့ထုတ်ရန် ရည်မှန်းထားပါတယ်။ အကယ်၍ ဌာနအင်အားနဲ့မလုံလောက်ရှိရင်ကတော့ လုပ်ငန်းတစ်ခုချင်းအလိုက် သစ်တန်များကို အငှားကားနဲ့ ဆောင်ရွက်သွားမယ်လို့ ကျွန်တော်တို့ အစည်းအဝေးမှာဆုံးဖြတ်ထားပါတယ်။ အားလုံးတိုင်းနဲ့ ပြည်နယ်မှာရှိတဲ့ မန်နေဂျာများကိုလည်း ကျွန်တော်တို့ဒီလိုပဲ အမိန့်ချမှတ်ထားပါတယ်။ အဲဒီတော့ ခုနကကိုယ်စားလှယ်တော်ကြီးပြောကြားတဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ Power Point မှာ တင်ပြထားတဲ့အတိုင်းပါပဲ။

ကျွန်တော့်ကို Power Point တင်ပြခွင့်ပြုပါခင်ဗျား။ မိုးမိတ်မှာ သစ်မာ ၁၁၀၀၀၊ ရွှေလီ၊ မဘိမ်းမှာတော့ ၄၀၀၀ ပေါ့ခင်ဗျား။ အားလုံး ၁၅၀၀၀ ဖြစ်ပါတယ်။ အဲဒီ မိုးမိတ်ဒေသမှာထုတ်လုပ်မယ့် သစ်မာတန် ၁၁၀၀၀ ထုတ်ဖို့အနက် ဌာနအင်အားနဲ့ ၉၀၀၀၊ အငှားအားနဲ့ ၂၀၀၀ ကားတိုက်ဖို့ စီစဉ်ထားပါတယ်။ ဒါပေမဲ့ တကယ်တမ်းပင်ထောင်တောထဲမှာ တိုက်တဲ့အခါမှာ သစ်မာတန်က အားလုံးပေါင်းမှ ၉၀၀၀ ကျော်ပဲ ထွက်တာကြောင့်မို့လို့ ဌာနကကားနဲ့ပဲ တိုက်ထုတ်ပြီးတော့ အငှားကားနဲ့လုံးဝတိုက်စရာမလိုတဲ့အတွက်ကြောင့်မို့လို့ အငှားကားကို ကျွန်တော်တို့အသုံးမပြုရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ဒီတိုင်းပဲ ရွှေလီ၊ မဘိမ်းမှာလည်းပဲ သစ်မာတန် ၄၀၀၀ နဲ့ ဌာနအားနဲ့ ၃၀၀၀၊ အငှားအားနဲ့ ၁၀၀၀ တိုက်မယ်လို့ရည်ရွယ်ထားပါတယ်။ သို့သော်လည်းပဲ ခုနက ကျွန်တော်တင်ပြတဲ့ ပဲခူးတိုင်းဒေသကြီးမှာ ကျွန်တော်တို့က သစ်ထုတ်လုပ်ခြင်းကို ၁၀ နှစ်နားတဲ့အတွက်ကြောင့်မို့လို့ အဲဒီမှာရှိတဲ့ကားတွေကို ကားလိုအပ်တဲ့နေရာတွေ ကျွန်တော်တို့ပို့ပါတယ်။ အဲဒီမှာ သစ်ထုတ်လုပ်ရေး ဒေသက သစ်တိုက်ကား ၃ စီး ရွှေ့ပြောင်းပြီးတော့ ဌာနအင်အားနဲ့ ဆောင်ရွက်ရန်စီစဉ်ထားပါတယ်။ ဒါကြောင့်မို့လို့လည်းပဲ ကျွန်တော်တို့ ဒေသခံများကို အလုပ်အကိုင်ပေးချင်သော်လည်းပဲ ကျွန်တော်တို့ ရဲ့ဌာနမှာရှိတဲ့အင်အားနဲ့ ပြည့်စုံတဲ့အတွက်ကြောင့်မို့လို့လည်းပဲ ကျွန်တော်တို့က ဒါကိုမလိုအပ်ခြင်း ဖြစ်ပါတယ်။

အဆိုပါကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော် ဒုတိယအထွေထွေမန်နေဂျာ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကို ၂၈-၁၀-၂၀၁၇ ရက်နေ့မှာ ကျွန်တော်မေးတဲ့အခါမှာ အငှားကားလျှောက်ထားဖို့အတွက် ဦးအောင်ဇင်ဦး၊ ဦးဟန်ချယ်၊ ဦးစောတိုးတိုး၊ ဦးသီဟအောင်ခြူးနဲ့ ဒေါ်သန်းသန်းဌေးတို့ကို

အစည်းအဝေးခေါ်တဲ့နေရာမှာ လျှောက်ထားသူများက ဒီလိုဖြင့်လုံလောက်လို့ရှိရင်လည်းပဲ ဌာန အစီအစဉ်ဖြင့်သာ ဆောင်ရွက်လိုပါကြောင်း၊ ကြိုက်နှစ်သက်ပါကြောင်း ပြန်လည်ဖြေကြားလို့ သိရပါ တယ်။ အဲဒီနည်းတူ ဌာနအင်အားနဲ့ ကားတိုက်လုပ်ငန်းဆောင်ရွက်မယ့်ကိစ္စနဲ့ပတ်သက်ပြီးတော့ ခုနက ကိုယ်စားလှယ်တော်ကြီးနဲ့ နှစ်ဦးတယ်လီဖုန်းဖြင့်ပြောလို့ သိရပါတယ်။ အဲဒီအခါမှာ ကိုယ်စားလှယ် တော်ကြီးကနေပြီးတော့ ဌာနအင်အားနဲ့ ဆောင်ရွက်မယ့်ကိစ္စကိုတော့ အထူးပြောစရာမရှိပါဘူး။ ဌာန ဝန်ထမ်းများ လစာပေးနေရပြီး အလုပ်မရှိလို့မဖြစ်ပါဘူး။ အင်အားပြည့်ဝစွာအသုံးချရေး၊ ချွေတာ သုံးစွဲရေးအတွက်ကြောင့်မို့လို့ လက်ရှိအစိုးရမူဝါဒနဲ့ကိုက်ညီပါကြောင်းလို့ ပြန်လည်ပြောကြောင်း သိရပါတယ်။ ဒါကြောင့်မို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေးဌာနမှ ထုတ်လုပ်မယ့်မူများအရ အဖြစ်နိုင်ဆုံးလို့ ကျွန်တော်တို့ကတော့ ဌာနအင်အားနဲ့ထုတ်ပါမယ်။ ဌာနအင်အားနဲ့မလုံလောက်လို့ရှိရင်ကတော့ ပြင်ပကနေငှားပါမယ်။ ငှားမယ့်နေရာမှာလည်းပဲ ဒေသခံ များကို အဓိကဦးစားပေးပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အခုလောလောဆယ်အားဖြင့် ခုန ကျွန်တော်တင်ပြသလို မိုးမိတ်၊ မဘိမ်းဒေသမှာကတော့ သစ်ထုတ်ဖို့အတွက်ကတော့ မလုံလောက် သေးပါဘူး။ သို့သော်လည်းပဲ မြန်မာ့သစ်တောဦးစီးဌာနက ဖမ်းဆီးရမိတဲ့သစ်များကို ကားတိုက်ဖို့ရှိတဲ့ နေရာမှာ၊ ဒါမှမဟုတ် အခုလောလောဆယ်သစ်ထုတ်နေတဲ့နေရာမှာလည်းပဲ မိုးရွာလို့ ကျွန်တော်တို့ ရှိတဲ့အင်အားနဲ့မလုံလောက်လို့ရှိရင်ကတော့ ခုနပြောတဲ့ ဒေသခံများကိုပဲ ဦးစားပေးပြီးတော့ အလုပ်အကိုင်အခွင့်အရေးရအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ် ပါတယ်ခင်ဗျား။

**ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်းလုပ်ငန်းများအား စနစ်တကျ အားပေးကူညီ ဆောင်ရွက်သွားရန်နှင့် ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်မှုအခြေအနေများအား ပြန်လည်စိစစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနေထက်ဝင်း(ဆင်ပေါင်ဝဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါခင်ဗျာ။ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်း လုပ်ငန်းများအား စနစ်တကျ အားပေးကူညီဆောင်ရွက်သွားရန်နှင့် ညွှန်ကြားချက်များအတိုင်း လိုက်နာ ဆောင်ရွက်မှုအခြေအနေများအား ပြန်လည်စိစစ်ပေးရန်အစီအစဉ်ရှိ/မရှိ မေးမြန်းသွားမယ့် ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေထက်ဝင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက် Community Forestry Instruction ကို ၁၉၉၅ ခုနှစ်မှာ စတင်ထုတ်ပြန်ခဲ့ပြီး ကျွန်တော်တို့ အစိုးရသစ်လက်ထက် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့မှာ ဝန်ကြီးဌာနအနေနဲ့ သစ်တောဥပဒေပုဒ်မ ၅၇ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင် ခွင့်ကို ကျင့်သုံး၍ ဖြည့်စွက်ပြင်ဆင်စွာညွှန်ကြားချက်အသစ်တစ်ရပ် ထုတ်ပြန်ခဲ့ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ Power Point ဖြင့်တင်ပြခွင့်ပြုပါ။ ဒါကတော့ ၁၉၉၅ ခုနှစ်ကနေပြီးတော့မှ ၂၀၁၇ ခုနှစ် မေလအထိရထားတဲ့ CF က စာရင်းဖြစ်ပါတယ်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောတွေမှာ လုပ်ပိုင်ခွင့်ချထားပေးမှုအခြေအနေပဲဖြစ်ပါတယ်။ အသုံးပြုသူများအဖွဲ့

၂၈၀၀ ကျော်၊ အဖွဲ့ဝင်ဦးရေ ၇၀၀၀၀ ခွဲခန့်နှင့် ဧကပေါင်း ၄၀၀၀၀၀ နီးပါးခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒါကတော့ ရည်ရွယ်ချက်တွေပါ။ ဒီရည်ရွယ်ချက်တွေနှင့်အတူ ဝန်ကြီးဌာနအနေနှင့် ၂၀၁၇-၂၀၁၈ ခုနှစ်ကနေ ၂၀၂၁-၂၀၂၂ အထိ ပထမငါးနှစ်မှာ CF ဧက လေးသိန်းခွဲခန့် ၂၀၀၂၁-၂၀၂၂ ခုနှစ်ကနေ ၂၀၂၆-၂၀၂၇ ခုနှစ်အထိ ဒုတိယငါးနှစ်မှာ ဧကသုံးသိန်းကျော် စုစုပေါင်းဧက ခုနစ်သိန်းကျော်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားဖို့ရှိနေတာကြောင့်မို့လို့ CF တွေအောင်မြင်ဖို့အရေး ယခု ထက်ပိုပြီးတော့ စနစ်ကျနတဲ့အကူအညီတွေပေးဖို့လိုအပ်နေတာဖြစ်ပါတယ်။ ဒါကတော့ အောင်မြင် နေတဲ့ CF စိုက်ခင်းတစ်ခုအကြောင်း ဖော်ပြထားတာပါ။ ဝမ်းတွင်းမြို့အရှေ့ဘက်က ရိုးစုံဆိုတဲ့ကျေးရွာ လေးအကြားမှာ သဘာဝတောဧက ၅၅၀ ခန့်ကို အဖွဲ့ဝင်အင်အား ၈၅ ဦးနှင့် CF စိုက်ခင်းထူထောင်ခဲ့ ပြီးတော့ လျှော်ဖြူ စိုက်ပျိုးသီးနှံ၊ ပဲ၊ နှမ်း စတာတွေကိုစိုက်ပျိုးခဲ့လို့ ဒေသခံတွေဝင်ငွေကောင်းရုံမက ဩစတေးလျနိုင်ငံ Energy Globe အဖွဲ့က ချီးမြှင့်တဲ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆု Energy Globe National Award ဆုရခဲ့တာပါ။ ဒါပေမဲ့ ဒီလိုအောင်မြင်နေတာတွေရှိသလို နှစ် ၃၀ လုပ်ပိုင်ခွင့် ပေးထားတာကြောင့်မို့လို့ သဘာဝတောခေါင်းတွေကို ခပ်တည်တည်နဲ့ CF စိုက်ခင်းလုပ်ထားတာတွေ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီးထဲမှာဆိုရင် အများကြီးရှိပါတယ်။ မြေဦးရုံ၊ မြေပိုင်ဆိုင်ရုံခွင့်ရရုံ သက်သက် အပိုင်ဦးထားတာတွေ ကျွန်တော်တို့ လျှောက်တော့တစ်မျိုး၊ လုပ်တော့တစ်ဖုံဆိုတာမျိုးတွေ နည်းပညာနှင့်ဈေးကွက်ဖန်တီးပေးမှု အကူအညီအားနည်းမှုတွေကြောင့် မအောင်မြင်တဲ့ CF စိုက်ခင်း တွေ တစ်နိုင်ငံလုံး ဒုနဲ့ဒေးရှိနေပါတယ်။ ဒါကတော့ သစ်တောဦးစီးဌာနရဲ့ ကူညီပံ့ပိုးမှုတွေက ဒါတွေ ပါဆိုပြီးတော့ အပိုဒ် ၂၀ မှာဖော်ပြထားတာပါ။ ဒေသခံအစုအဖွဲ့ပိုင်သစ်တောတွေအောင်မြင်ရင် သစ်တောထွက်ပစ္စည်းတွေကို သားစဉ်မြေးဆက် ထုတ်ယူသုံးစွဲခွင့်ရမှာဖြစ်သလို ဝင်ငွေနှင့် အလုပ် အကိုင်အခွင့်အလမ်းတွေတိုးပွားလာမယ်။ သစ်တောစိုက်ခင်းတွေတည်ထောင်ခြင်းတွေကြောင့် ရာသီ ဥတုပြောင်းလဲမှု၊ သဘာဝဘေးဒဏ်ခံစားရမှုတွေ လျော့နည်းသက်သာလာမှာဖြစ်သလို ဇီဝမျိုးစုံ ကြွယ်ဝတဲ့ ဂေဟစနစ်ပြန်လည်ရရှိမှု စတဲ့အကျိုးတရားတွေကို ရရှိစေမှာဖြစ်ပါတယ်။ ဒါ့ကြောင့် သစ်တောဦးစီးဌာနအနေနဲ့ CF စိုက်ခင်းတွေလာလျှောက်ပြီဆိုကတည်းက မျိုးစေ့နှင့်အပင် ပံ့ပိုးကူညီ မှုဘယ်လိုကူညီပေးမလဲ၊ နည်းပညာအကူအညီတွေ ဘယ်လိုပေးမလဲ၊ ဒေသနှင့်ရောကိုက်ညီမှုရှိရဲ့ လား၊ ဒေသခံပြည်သူတွေကော တစ်ကယ်ဟုတ်ရဲ့လား။ နောက်ဒေသနှင့်ကိုက်ညီတဲ့ ဈေးကွက်နှင့် တစ်နိုင်တစ်ပိုင်လုပ်ငန်းတွေဖြစ်လာဖို့ ဘယ်လိုအကူအညီမျိုးတွေပေးသွားနိုင်မလဲ၊ ချေးငွေအကူအညီ ကောပေးနိုင်မလားစတဲ့ စနစ်ကျနတဲ့ အကူအညီပေးမှုတွေ လိုအပ်နေတာဖြစ်ပါတယ်။ ဒါကတော့ တားမြစ်ချက်တွေဖြစ်ပါတယ်။ ၁၉၉၅ ခုနှစ်ကနေ ယနေ့အချိန်အထိ ဘယ်သူတွေက ဒီတားမြစ်ချက် တွေကို ဖောက်ဖျက်ကျူးလွန်နေကြသလဲဆိုတာကို ပြန်လည်စိစစ်ဖို့ လိုအပ်နေပါတယ်။ ကျူးလွန်မှုတွေ ရှိခဲ့ရင်လည်း ညွှန်ကြားချက်အပိုဒ် ၁၈ မှာ ဖော်ပြထားသလို အသုံးပြုသူများအဖွဲ့သည် တည်ဆဲ သစ်တောဥပဒေနှင့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ခြင်း၊ ချိုးဖောက်ခြင်းများတွေ့ရှိပါက ခရိုင် သစ်တောအရာရှိသည် တိုင်းဒေသကြီး/ပြည်နယ်သစ်တောအရာရှိ၏ သဘောတူခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခွင့်လက်မှတ်ကို ပြန်လည်ရုပ်သိမ်းနိုင်သည်လို့ ဖော်ပြထားပါတယ်။ ဒါကိုလည်း လုပ်ဆောင်သွားဖို့ လိုအပ်ပါတယ်။ ဒီလိုမှမဟုတ်ဘူးဆိုလို့ရှိရင် နှစ် ၃၀ လုပ်စားပိုင်ခွင့်ရထားတာ မှုကြမ်း

ကြောင့်မလို့ မြေဦးချင်သူတွေ ဟန်ပြ CF စိုက်ခင်းတည်ထောင်ပြီးတစ်လွဲလုပ်မဲ့သူတွေအတွက် သည်းခြေကြိုက်ဖြစ်နေပါလိမ့်မယ်။ သို့ပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်းလုပ်ငန်းများအား စနစ်တကျအားပေးကူညီဆောင်ရွက်သွားရန် ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်မှုအခြေအနေများအား ပြန်လည်စိစစ်ရန်နှင့် တားမြစ်ချက်များ ဖောက်ဖျက်ကျူးလွန်မှုတွေရှိက လုပ်ပိုင်ခွင့် ပြန်လည်ရုပ်သိမ်းသွားရန် အစီအစဉ်ရှိ/မရှိသိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေထက်ဝင်းရဲ့ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်းလုပ်ငန်းများအား စနစ်တကျ အားပေးကူညီဆောင်ရွက်သွားရန်နှင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းတည်ထောင်ခြင်းဆိုင်ရာ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်မှုအခြေအနေများအား ပြန်လည်စိစစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်ပြီးတော့ ကျွန်တော် ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အား Power Point တင်ပြခွင့်ပြုရန်လည်း အချိန်အနည်းငယ်ပေးပါခင်ဗျား။ မြန်မာနိုင်ငံမှာရှိတဲ့သစ်တာများကို ထိန်းသိမ်းစောင့်ရှောက်ကာကွယ်တဲ့နေရာမှာ အဓိက ကာကွယ်တဲ့နည်းသုံးနည်းတို့ မဟာဗျူဟာချမှတ်ထားပါတယ်။ (၁)ကတော့ မူလရှိတဲ့သဘာဝသစ်တောများကိုထိန်းမယ်၊ (၂)ကတော့ နေရာလပ်တွေမှာစိုက်ခင်းတွေကိုတည်ထောင်မယ်။ အဲဒီနေရာမှာ နိုင်ငံတောကတည်ထောင်တဲ့စိုက်ခင်းရှိမယ်၊ ပုဂ္ဂလိကနေပြီးတော့တည်ထောင်တဲ့စိုက်ခင်းရှိပါမယ်။ ဒီနေရာမှာ ကျွန်တော်ဖြည့်စွက်ပြောချင်တာကတော့ ပုဂ္ဂလိကအပိုင်းကို ကျွန်တော်တို့ပိုပြီးဦးစားပေးပါတယ်။ ဒီနေရာမှာ ဒီလိုလည်းပဲ များများတည်ထောင်ပေးမှသာ တောတွေကပြန်လည်ပြည့်ဖြိုးပါမယ်။ အဲဒီနည်းတူ ဒေသမှာနေတဲ့ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော CF လို့ခေါ်ပါတယ်။ တည်ထောင်ခြင်း။ ဒီလုပ်ငန်းသုံးခုနှင့် ကျွန်တော်တို့ တောများကိုထိန်းသိမ်းပြီးတော့ ပြန်လည်လျော့ပါးသွားတဲ့ သစ်တောဧရိယာကို ပြန်လည်ဖြည့်တင်းရန်အတွက် အနှစ် ၃၀ မဟာဗျူဟာစီမံကိန်းချပြီးတော့ ဆောင်ရွက်နေပါတယ်။ အဲဒီတော့ ဒေသခံများရဲ့ ဒီအစုအဖွဲ့ပိုင်သစ်တောများလျှောက်မယ်ဆိုရင် ဘယ်လိုလျှောက်ရလဲဆိုတာ ကျွန်တော် Power Point နှင့် တင်ပြသွားပါမယ်။ ကျွန်တော်တို့ ပထမဆုံးဒီခရိုင်သစ်တောအရာရှိထံမှာ မနှစ်ကနေပြီးတော့ အစုအဖွဲ့ပိုင်ပြုလုပ်ခြင်းနှင့် လူအများကနေပြီးတော့၊ ကျေးရွာများကနေပြီးတော့ လျှောက်ရပါတယ်။ လျှောက်တဲ့အခါမှာ ခရိုင်သစ်တော အရာရှိကနေပြီးတော့ စိစစ်ပြီးတဲ့အခါကျလို့ရှိရင် ဒီနေရာဟာ ကြိုးဝိုင်းတွင်းမှာကျလို့ရှိရင်တော့ ကျွန်တော်တို့ တိုက်ရိုက်ပြည်နယ်ကိုတင်ရပါတယ်။ တိုင်းဒေသကြီးကိုတင်ရပါတယ်။ ဒါမှမဟုတ် ကြိုးဝိုင်းထဲမှာမကျလို့ရှိရင်တော့ သက်ဆိုင်ရာမြေစာရင်းမှာရှိတဲ့

အသုံးပြုသူများကို ကျွန်တော်တို့က ပြန်ပြီးတော့ သက်ဆိုင်ရာအာဏာပိုင်များကိုတင်ပြပြီးတော့ ဒီအစုအဖွဲ့ပိုင်တောများကို စီမံချက်ရေးဆွဲ ပြီးတော့ လုပ်ကိုင်ရပါတယ်။ အဲဒီလိုနည်းနဲ့ပဲ ကျွန်တော်တို့ ဒီဌာနကနေပြီးတော့ CF များကို တည်ထောင်ခဲ့ပါတယ်။ အဲဒီနေရာမှာ ခုနက ကိုယ်စားလှယ်တော်ကြီး တင်ပြသလိုပါပဲ။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလကုန်အထိဆိုလို့ရှိရင် CF အဖွဲ့ဝင်ပေါင်းကတော့ ၉၉၆၇၉ ဦးရှိပြီးတော့ အဖွဲ့ပေါင်း ၃၆၈၄ ဖွဲ့ရှိပြီးတော့ ဧရိယာအားဖြင့် ၅၀၂၆၅၀ ဧကကိုတော့ ကျွန်တော်တို့ CF သဘောတူလက်မှတ်ကို ဆောင်ရွက်လက်မှတ်ကို ပေးပို့ထားပါတယ်။ အဲဒီလိုပေးပို့ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီမှာ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းများ၊ အုပ်ချုပ်လုပ်ကိုင်မှုမှာပါတဲ့ ပြဋ္ဌာန်းချက်များနှင့် သစ်တောဦးစီး ဌာနက အခါအားလျော်စွာ ထုတ်ပြန်ထားတဲ့ညွှန်ကြားချက်များကို ချိုးဖောက်လို့ရှိရင်ကတော့ အဲဒီ ဒေသခံပြည်သူအစုအဖွဲ့ ပိုင်သစ်တောလုပ်ငန်းကို ပယ်ဖျက်တဲ့အထိ အရေးယူမှာဖြစ်ပြီးတော့ ဥပဒေ၊ စည်းကမ်းချက်များ၊ တားမြစ်ချက်များစတာတွေကို ထပ်မံကျူးလွန်လို့ရှိရင်ကတော့ သတ်မှတ်ထားတဲ့ ပြစ်ဒဏ်များကို ကျခံရမှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့လည်း ကျွန်တော်အရေးအတွက်လည်း ပြီးလို့ရှိရင် တင်ပြပါ့မယ်။ အဲဒီလို ဒီလိုနည်းတူပဲ ဒေသခံပြည်သူတွေကနေပြီးတော့ ဒါနဲ့ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်ရန်ဆန္ဒမရှိခြင်း၊ အုပ်ချုပ်လိုက်ကိုင်မှု စီမံချက်ပါပြဋ္ဌာန်းချက်များကို လည်းပဲ လိုက်နာဆောင်ရွက်တာကို တွေ့ရှိလို့ရှိရင် လုပ်ငန်းရုတ်သိမ်းတဲ့အထိ အရေးယူရန်အတွက် အသုံးပြုသူ အဖွဲ့ဝင်များအနေနဲ့ ရက်ပေါင်း ၉၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံကို အယူခံသူတို့ ဝင်နိုင်မှာဖြစ်ပါတယ်။ အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိတဲ့ တားမြစ်ချက်များ၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း ဖောက်ဖျက်လို့ရှိရင်တော့ ဖောက်ဖျက်တဲ့ဒေသခံ CF သစ်တောများ ပယ်ဖျက်ခြင်းဆောင်ရွက်လျက်ရှိရာမှာ ကျွန်တော်တို့ အဖွဲ့ဝင်ပေါင်း ၈၀၂ ဦး ပါဝင်တဲ့အဖွဲ့ပေါင်း ၅၃ ဖွဲ့ရဲ့ ဧရိယာ ၃၇၈၈ ဧကကိုလည်း လုံးဝပယ်ဖျက်ခဲ့ပြီး ဖြစ်ပါတယ်။

၂၀၁၃ ခုနှစ်မှာ ကျွန်တော်တို့ ကောက်ယူခဲ့သော စာရင်းများအရ သစ်တောမြေထဲမှာ ကျူးကျော်နေတဲ့ယာမြေ ၂၃၉၂ ဧကကိုတော့ ကျွန်တော်တို့ CF ပိုင်တွေ လက်မှတ်ကို ထုတ်ပေး နိုင်ရန်အတွက် ဆောင်ရွက်နေပါတယ်။ ကျန်ရှိသည့် ယာမြေဧရိယာ ၆၂၉၃၄၁ ဧကကိုလည်းပဲ ယခု ၂၀၁၈-၂၀၁၉ ခုနှစ်ကနေပြီးတော့ ၂၀၂၆-၂၀၂၇ ခုနှစ်အထိ မြန်မာနိုင်ငံသစ်တောများ ပြန်လည် တည်ထောင်ရေးစီမံကိန်းနှင့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများကို ဆောင်ရွက်ပြီးစီးအောင်လည်းပဲ စီမံချက်ချထားပါတယ်။ ခုနက ကိုယ်စားလှယ်ကြီး တင်ပြတဲ့ ခုန ဝမ်းတွင်းအဖွဲ့က ဝမ်းတွင်းမြို့နယ်၊ ရိုးစုံဒေသဆို အင်မတန်ကို ဒါအောင်မြင်ပါတယ်။ အဲဒီကို ကျွန်တော်တို့ 2nd Asia Regional Conference on Forest and farm Producer Organization (FFFPOs)ကလည်း သွားပြီးလေ့လာခဲ့ပါတယ်။ အဲဒီနည်းတူ တိုင်းဒေသကြီး/ပြည်နယ် များမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဌာနဝန်ကြီးများကလည်းပဲ ခုနက ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့အတိုင်းပါပဲ။ ဒီအဖွဲ့ဟာဖြင့် အီရန်နိုင်ငံတဟီရန်မြို့မှာကျင်းပတဲ့ Energy Globe Award ကနေပြီးတော့ ဆုကိုလည်းပဲ ရရှိခဲ့ပါတယ်။ အဲဒီအပြင် အမျိုးသားအဆင့် ဒေသခံပြည်သူ့အစုအဖွဲ့ပိုင်သစ်တောများလုပ်ငန်း (Community Forestry National Working

Group-CFNWG)ကိုလည်းပဲ သစ်တောဦးစီးဌာနရယ် ဆက်စပ်တဲ့ ဌာနကိုးခုရယ် အရပ်ဖက်အဖွဲ့အစည်းရှစ်ခုစတဲ့ကိုယ်စားလှယ်ပေါင်း ၂၅ ဦးနှင့် ၂၀၁၃ ခုနှစ် နိုင်ဝင်ဘာလမှာ ဖွဲ့ပါတယ်။ ဖွဲ့ပြီးတော့ သုံးလတစ်ကြိမ်အစည်းအဝေးတွေကျင်းပပြီးတော့ ဒေသခံပြည်သူအစုပိုင် သစ်တောများရဲ့ လုပ်ငန်းဆိုင်ရာစီမံချက်၊ ညွှန်ကြားချက်များ၊ ပြင်ဆင်ချက်များနှင့် CF အဖွဲ့ပိုင်သစ်တောများ ဆောင်ရွက်တာတွေကို ထိထိရောက်ရောက် ကြီးကြပ်ဖို့အတွက် Power Point မှာ တင်ပြထားသလိုပါပဲ။ ဗဟိုအဆင့်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ခရိုင်အဆင့် CF Unit များကို ဖွဲ့စည်းလျက်ရှိပါတယ်။ CFNWG အဖွဲ့ဟာ (၁၃)ကြိမ်မြောက်အစည်းအဝေးကိုတော့ ပြီးခဲ့တဲ့ ဒီလ ၈ ရက်နေ့က ကျင်းပပြီးတော့ ဒေသခံပြည်သူအစုဖွဲ့ပိုင် သစ်တောလုပ်ငန်း ဆိုင်ရာမဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် ၂၀၁၈-၂၀၂၂ (Community forestry Strategy and Action Plan 2018-2022)ကို ရေးဆွဲပြင်ဆင်လျက်ရှိပါတယ်။ အဲဒီနည်းတူ ဘဏ်ကနေပြီးတော့ ချေးငွေရအောင်လည်းပဲ ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ကိုယ်စားလှယ်တော်ကြီးရဲ့မေးခွန်းနဲ့ စပ်လျဉ်းပြောရမယ်ဆိုရင် သစ်တောဦးစီးဌာနအနေနဲ့ သီးနှံသစ်တောများရောနှောစိုက်ပျိုးခြင်းစနစ်နဲ့ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများတည်ထောင်တဲ့ အောင်မြင်စေရန် အခုနက တင်ပြသလိုပါပဲခင်ဗျား။ အခမဲ့ပေးပါတယ်။ အခမဲ့ပျိုးပင်များကို ပေးပါတယ်။ နည်းပညာများကို ပေးပါတယ်။ CF Unit များကလည်းပဲ မြို့နယ်မှာရှိတဲ့ Unit များကလည်းပံ့မှန်ကွင်းဆင်းပါတယ်။ လုပ်ငန်းတိုးတက်မှုများကို သုံးသပ်ပြီးတော့ အခါအားလျော်စွာ ကျင်းပတဲ့ အလုပ်ရုံဆွေးနွေးပွဲတွေမှာ အားသာချက်၊ အားနည်းချက်များကို အကြံပြုပါတယ်။ အောင်မြင်တဲ့ လုပ်ငန်းတွေကိုလုပ်ထားတဲ့ CF များကိုလည်း သွားရောက်လေ့လာခြင်းအစရှိတဲ့နည်းများနဲ့ CF လုပ်ငန်းများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပြီးတော့ အဲဒီနည်းတူ အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိတဲ့ တားမြစ်ချက်များ၊ ဥပဒေစည်းကမ်းချက်များကို ဖောက်ဖျက်တဲ့ CF များကိုတော့ စိစစ်ပြီးတော့ ပယ်ဖျက်လျက်ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးနေထက်ဝင်း(ဆင်ပေါင်ဝဲမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်းမေးခွန်းမေးခွင့်ပြုပါခင်ဗျား။ အခုလို ဝန်ကြီးဌာနက ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတွေအတွက် ထိရောက်တဲ့အကူအညီပေးသွားဖို့ရှိနေတယ်။ ဘဏ်ချေးငွေလည်းရရှိဖို့ဆောင်ရွက်နေတယ်။ နောက်တစ်ခုကတကယ်အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာမှုမရှိတဲ့ဟာတွေကိုလည်းပဲ လုပ်ပိုင်ခွင့်ရုပ်သိမ်းသည်အထိ ကျွန်တော်တို့ ဆောင်ရွက်နေတယ်ဆိုတာသိရတဲ့အတွက် ဒါအင်မတန်မှကို ကျွန်တော်တို့ ဝမ်းသာစရာပါ။ ကျွန်တော်ဆက်ပြီးတော့ မေးချင်တာက ကျွန်တော်တို့ အရင်တုန်းကဆိုလို့ရင် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောဆိုပြီးတော့ ဒေသခံပြည်သူဆိုပြီးတော့ ကျွန်တော်တို့ ခေါင်းစဉ်တပ်ထားပေမဲ့ ရန်ကုန်ကလူကလည်း ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီးထဲမှာသွားပြီးတော့ အစုအဖွဲ့ပိုင်သစ်တောတွေ လျှောက်ထားတာမျိုးတွေရှိပါတယ်။ နေပြည်တော်ကလူ

ကလည်း ကျန်တဲ့နေရာမျိုးတွေမှာ အဲဒီလိုမျိုးလျှောက်ထားတာမျိုးတွေရှိပါတယ်။ အခု အသစ်ပြဋ္ဌာန်းလိုက်တဲ့ ၂၀၁၆ ခုနှစ် ညွှန်ကြားချက်မှာဆိုလို့ရှိရင် အသုံးပြုသူများအဖွဲ့ဆိုသည်မှာ သစ်တောများအတွင်း သို့မဟုတ် သစ်တောများအနီး ငါးမိုင်ပတ်လည်အတွင်းတွင် ငါးနှစ် တစ်ဆက်တစ်စပ်တည်း အခြေချနေထိုင်ခဲ့သော ဒေသခံပြည်သူများအနေနဲ့ သစ်တောလုပ်ငန်းကို စိတ်ဝင်စားပြီး သစ်တောကို အမှန်တကယ်မှီခိုအသုံးပြု၍ တိုက်ရိုက်အကျိုးသက်ဆိုင်သည့် အိမ်ထောင်စုများဖြင့် ဖွဲ့စည်းထားသော ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းကို ဆောင်ရွက်သည့်အဖွဲ့ကို ဆိုသည်လို့ပြထားတာရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီညွှန်ကြားချက်အရ ယခင်ကာလများက ဒေသခံပြည်သူမဟုတ်ဘဲနဲ့ လုပ်ပိုင်ခွင့်ရယူထားတဲ့ အနေအထားတွေကိုကော မည်သို့ဆက်လက်ဆောင်ရွက်သွားဖို့ အစီအစဉ် အခြေအနေတွေကို သိလိုတဲ့အတွက် တစ်ဆက်တစ်စပ်တည်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနအနေနဲ့ တစ်ဆက်တစ်စပ်တည်းကိုပဲဖြေပါ။ မေးခွန်းသစ်ကိုတော့ မဖြေပါနဲ့။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ ကိုယ်စားလှယ်ကြီးတင်ပြထားတဲ့အတိုင်းပါပဲ။ မူလဒေသမဟုတ်ဘဲနဲ့ အခြားဒေသကနေပြီးတော့ လုပ်တဲ့လူများကို ကျွန်တော်တို့ ၂၀၁၆ ခုနှစ်မှာ ပြန်လည်စိစစ်တဲ့အခါမှာ ခုန ကျွန်တော်တင်ပြတဲ့ အဖွဲ့ဝင်ပေါင်း ၂၀၈ ဦး ပါဝင်သည့် အဖွဲ့ပေါင်း ၅၃ ဖွဲ့၏ ဧရိယာ ၃၇၈၈ ဧကကို ပယ်ဖျက်တဲ့အထဲမှာ အဲဒီခုနှစ်က ဒေသကျော်ပြီးတော့ လာပြီးလုပ်တဲ့ပုဂ္ဂိုလ်များ ပါဝင်လျက်ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**မုံရွာမြို့နယ်၊ လယ်ဇင်အုပ်စု၊ ဆားကျင်းအင်း(သို့)ဆင်သောက်ကန်အင်းအား သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်ရရှိရန်အတွက် ပြန်လည်ထိန်းသိမ်းရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မုံရွာမဲဆန္ဒနယ်မှ ဦးညွန့်အောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညွန့်အောင်(မုံရွာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး စိတ္တသုခ၊ ကာယသုခနှစ်ဖြာသောသုခနဲ့ပြည့်စုံကြပါစေလို့ ကျွန်တော့်အနေနဲ့ ဂါရဝပြုနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ မုံရွာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်အောင် ဖြစ်ပါတယ်။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆဋ္ဌမမြောက်နေ့မှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ မုံရွာမြို့ ဆားကျင်းအင်းသန့်ရှင်းရေးနဲ့ပတ်သက်လို့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆားကျင်းအင်းဟာ မုံရွာမြို့ရဲ့တောင်ဘက် မုံရွာ-မန္တလေးလမ်းမကြီးရဲ့အရှေ့ဘက်မှာတည်ရှိပါတယ်။ ဆားကျင်းအင်းရွာလေးကတော့ ဆားကျင်းအင်းနဲ့မုံရွာ-မန္တလေးလမ်းမကြီးရဲ့ကြားထဲမှာတည်ရှိပါတယ်။ ရွာလေးက အိမ်ခြေ ၁၉၂ လုံး၊ လူဦးရေ ၉၉၀ လောက်ရှိပါတယ်။ ယခင်က ဒီရွာလေးဟာဆိုလို့ရှိရင် သောက်ရေ/

သုံးရေအတွက် ရွာရဲ့အရှေ့ပိုင်းအင်းစပ်မှာရှိတဲ့ ရေတွင်းလေးကနေ ရယူသုံးစွဲနိုင်ခဲ့ပါတယ်။ ၁၉၉၆ ခုနှစ်နောက်ပိုင်းမှာ စက်မှုဇုန်တွေဖော်ထုတ်ရာမှာ မြို့ထဲမှာရှိတဲ့ ကြာဇံစက်တွေရယ်၊ သားရေရုံတွေရယ်ကို ဆားကျင်းအင်းရဲ့အရှေ့ဘက်ကို ပြောင်းရွှေ့ပေးခဲ့ပါတယ်။ ဒီစက်ရုံတွေကရေဆိုးတွေဟာ မကြာခင်မှာပဲ ဆားကျင်းအင်းထဲရောက်ရှိပြီးတော့ ဆားကျင်းအင်းထဲမှာရှိတဲ့ရေတွေက အဆင့်လျော့ကျလာပါတယ်။ အနံ့ဆိုးမျိုးစုံနဲ့ ပျက်စီးလာပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့ရေတွင်းဟာလည်းပဲ ကျွန်တော်တို့တစ်ရွာလုံးက အားကိုးအားထားပြုနေရတဲ့ရေတွင်းလေးကလည်း အနံ့ဆိုးမျိုးစုံနဲ့အသုံးမပြုနိုင်တဲ့အခြေအနေ ရောက်ရှိသွားခဲ့ပါတယ်။ အခုတော့ တစ်ရွာလုံး ရေကိုဝယ်သုံးနေရပါပြီ။ သောက်ရေအတွက်၊ သုံးရေအတွက် စည်ပင်ကပေးသောရေကို မလုံမလောက်မျှပြီးတော့ သုံးနေရတဲ့အခြေအနေရှိပါတယ်။ ဒါတင်မကပါဘူး။ ကျွန်တော်တို့ရွာလေးရဲ့ စိုက်ပျိုးမြေတွေလည်း လျော့ကျလာပါတယ်။ နဂိုက အင်းရေလျော့ကျချိန်မှာ စိုက်ပျိုးနိုင်ခဲ့တဲ့မြေတွေဟာ ယခုအင်းထဲကို အစည်မပြတ်စီးဝင်နေတဲ့ စက်ရုံတွေကထွက်တဲ့ရေတွေကြောင့် မြေလွတ်၊ မြေရိုင်းပေါ်လာမှု မရှိသလောက်ပါပဲ။ ပေါ်လာတဲ့မြေတွေကလည်းပဲ ရေဆိုးတွေကြောင့် မြေဆီမြေခွံခမ်းပြီးတော့ စိုက်လို့မရ၊ ပျိုးလို့မရဖြစ်လာပါတယ်။ ဒါတွေဟာတော့ ဆားကျင်းအင်းရွာလေးမှာရှိတဲ့ပြည်သူတွေရဲ့ ခံစားနေရတဲ့ တကယ့်လက်ရှိအခြေအနေဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆားကျင်းအင်းထဲကိုဝင်တဲ့ရေတွေ၊ ဒီစက်ရုံကထုတ်လိုက်တဲ့ ကန့်ဓာတ်ပါတဲ့ရေတွေဟာ အင်းထဲမှာတင်ရပ်တန့်နေတာမဟုတ်ပါဘူး။ မိုးရွာတဲ့အချိန်မှာ မိုးရေနဲ့အတူ မဟော်မဏိလမ်းမကြီးရဲ့အနောက်ဘက် မြောင်းမကြီးကနေ တောင်ဘက်အနိမ့်ပိုင်းကို စီးဆင်းပါတယ်။ အဲဒီအခါမှာ မြင်းရွာမှာရှိတဲ့ ကြံရေစက်ရေတွေနဲ့ပေါင်းပြီး ကြံပိုင်တောပုတ်ရွာတွေကိုရောက်ပြီးတော့ အဲဒီရွာတွေမှာလည်း စိုက်ပျိုးမြေတွေပျက်စီး၊ မြေအောက်ရေတွေပျက်စီးပြီးတော့ ဒုက္ခမျိုးစုံပေးလျက်ရှိပါတယ်။ မုံရွာမြို့ရဲ့လမ်းမကြီးရဲ့အနောက်ဘက် ရေဆိုးထုတ်တဲ့မြောင်းတစ်ခု ရှိပါတယ်။ ချင်းတွင်းမြစ်ထဲကို ထုတ်တဲ့မြောင်းပါ။ မကျည်းကုန်း ကွင်းအမှတ် (၆၈၆)မှာလည်း ရေဆိုးထုတ်တဲ့မြောင်းဟာ ကျိုးပေါက်နေပါတယ်။ အဲဒီကျိုးပေါက်နေတဲ့ နေရာကနေ ရေဆိုးတွေဟာ မအူ၊ မကျည်းစောက်၊ လင်းဦး၊ လင်းမေဝ။ နောက် ထနောင်းတော တောင်ရွာ၊ မြောက်ရွာ အစရှိတဲ့ရွာတွေကို ရောက်ရှိပါတယ်။ အဲဒီအတွက် ဒီရွာတွေကလည်း ဒုက္ခတွေ ရောက်နေပါတယ်။ ဒီအတွက် ဆားကျင်းအင်းရွာကြီးလိုမဖြစ်အောင် ဒီရေတွေကိုသန့်ရှင်းပေးဖို့၊ အင်းကို သန့်ရှင်းပေးဖို့ လိုပါတယ်။ အဲဒီအတွက် မုံရွာမဲဆန္ဒရှင်ပြည်သူတွေရဲ့ကိုယ်စား ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်အောင်ရဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ လယ်ဇင်အုပ်စု၊ ဆားကျင်းအင်း သို့မဟုတ် ဆင်သောက်ကန် အင်းအား သန့်ရှင်းသောသဘာဝပတ်ဝန်းကျင်ရရှိရန် ပြန်လည်ထိန်းသိမ်းရန်အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်မရှိပါက အဘယ်ကြောင့်ဆိုသည်ကို သိရှိလိုပါကြောင်းနှင့်စပ်လျဉ်းပြီးတော့ စစ်ကိုင်းတိုင်း ဒေသကြီးအစိုးရအဖွဲ့ရဲ့ကိုယ်စား ကျွန်တော်ဖြေကြားသွားမှာဖြစ်ပါတယ်။

ကျွန်တော့်အား Power Point တင်ပြခွင့်ပြုပါခင်ဗျား။ ခုနက ကိုယ်စားလှယ်ကြီးတင်ပြသလို ပါပဲ။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်မှာရှိတဲ့ မုံရွာစက်မှုဇုန်ကို ဆားကျင်းအင်းရဲ့အရှေ့ဘက် မြေဧရိယာ ၃၁၇ ဧကနဲ့ ကန်ကို ၁၉၉၂ ခုနှစ်ခန့်ကစပြီး တည်ထောင်ခဲ့ပါတယ်။ အဲဒီကာလတုန်း ကတော့ မုံရွာ-မန္တလေးကားလမ်းဘေးမှာရှိတဲ့ ဆိုးဝါးအနံ့အသက်ဖြစ်စေတဲ့ ကြာဖံစက်ရုံများနဲ့ သားရေနယ် စက်ရုံများကို မုံရွာစက်မှုဇုန်အတွင်းကို ပြောင်းရွှေ့လုပ်ကိုင်ခွင့်ပေးခဲ့ပြီးတော့ လက်ရှိ မုံရွာစက်မှုဇုန်အတွင်းမှာ စက်ရုံအကြီး၊ အလတ်၊ အသေးစုစုပေါင်း ၄၅၀ လုပ်ကိုင်ပြီးတော့ ရေဆိုး အများအပြားထုတ်လွှတ်လျက်ရှိတဲ့ ကြာဖံစက်ရုံကိုးရုံ၊ သားရေနယ်စက်ရုံငါးရုံ၊ နို့ဆီချက်စက်ရုံတစ်ရုံနဲ့ နို့စားနွားမွေးမြူရေး လုပ်ငန်းများရှိပါတယ်။ အဆိုပါစက်ရုံများမှ၊ လုပ်ငန်းများမှထွက်ရှိတဲ့ စွန့်ပစ် ရေဆိုးများဟာလည်းပဲ ဆားကျင်းအင်းအတွင်းကို ဝင်ရောက်လျက်ရှိတာကို ခုနက ကိုယ်စားလှယ်ကြီး တင်ပြသလိုပါပဲ။ အင်းရဲ့အရည်အသွေးက အလွန်ပင်ညစ်ညမ်းလျက် ရှိပါတယ်။

ဆားကျင်းအင်း သို့မဟုတ် ဆင်သောက်ရေကန်ဟာ ၇၉.၆၉ ဧကရှိပြီးတော့ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနရဲ့ ၈-၁၂-၂၀၀၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်-၉/၂၀၀၈ အရ ဂရန်အင်းအဖြစ်ကနေ ပယ်ဖျက်ခဲ့ပြီးတော့ မုံရွာစက်မှုဇုန်အနေနဲ့ အင်းနဲ့တစ်ဆက်တည်းမှာ ရေဆိုးကန်သတ်မှတ်စွန့်ပစ်လျက်ရှိပေမဲ့လည်း ကန်ပေါင်များကို လုံခြုံစွာကာရံထားခြင်းမရှိတဲ့အတွက် လက်ရှိအခြေအနေမှာ စွန့်ပစ်ရေဆိုးများဟာ အင်းအတွင်းကို စီးဝင်လျက်ရှိတာကို တွေ့ရှိရပါတယ်။ စက်မှုဇုန်အတွင်းမှာ စက်ရုံများမှ ကိုယ်ပိုင် မြေသားကန်များပြုလုပ်ရန် ကန့်သတ်ချက်များရှိတဲ့အတွက်ကြောင့်မို့လို့ နောက်ဆုံးရေဆိုးထိန်းချုပ် တဲ့ကန်များကို ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ဆားကျင်းအင်းနှင့် ဆက်စပ်လျက်ရှိတဲ့ စွန့်ပစ်ကန်အတွင်း ကိုသာ တိုက်ရိုက်စွန့်ပစ်လျက်ရှိပါကြောင်း တွေ့ရပါတယ်။

ခုနက ကျွန်တော်တင်ပြခဲ့တဲ့ ကြာဖံစက်ရုံများကနေထွက်လာတဲ့ စွန့်ပစ်ရေဆိုးများကို စနစ်တကျသန့်စင်ပြီး စွန့်ပစ်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနကို အောက်ပါအတိုင်း အသိပညာပေးဆောင်ရွက်စေခဲ့ပါတယ်-

(က) စွန့်ပစ်ရေဆိုးတွေကို အနည်ထိုင်ကန်အဆင့်ဆင့်ထားပြီးမှ ကြည်လင်သန့်စင်တဲ့ ရေများ အဖြစ်ဆောင်ရွက်ပြီးမှ စွန့်ပစ်ရန်၊

(ခ) သန့်စင်ပြီးရေများကို အနီးပတ်ဝန်းကျင်ရှိ ရိုး၊ ချောင်းများအတွင်း တိုက်ရိုက်စွန့်ပစ်ခြင်း မပြုဘဲ မိမိပိုင်မြေသားကန်အတွင်းမှာပဲ ထိန်းချုပ်ထားရန်၊

(ဂ) အနည်ထိုင်ကန်များမှ အနည်အဖက်များဖယ်ရှားခြင်းကို ပတ်ဝန်းကျင်မထိခိုက်စေရန် ရေရှည်စီမံချက်ချပြီး ဆောင်ရွက်ရန်၊

(ဃ) လက်ရှိ ကြာဇံလုပ်ငန်းများမှ မြေအောက်သဘာဝရေသုံးစွဲမှုအပေါ် ပြန်လည်ဆန်းစစ်ပြီး ရေသုံးစွဲမှုကို အတတ်နိုင်ဆုံးလျှော့ချရန် အထူးသဖြင့် မုန့်ရိုက်ရေများကို Recycle ပြန်လည်သုံးစွဲရန်၊

(င) စွန့်ပစ်ရေဆိုးများကို ရေရှည်ပတ်ဝန်းကျင်မထိခိုက်စေရန် စီမံချက်တစ်ခုရေးဆွဲပြီး စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်ပါတယ်။

အခုလောလောဆယ်မှာဖြင့် စက်ရုံ၊ အလုပ်ရုံများမှ စွန့်ပစ်ရေဆိုးများ သန့်စင်နိုင်ရန်အတွက် ၁၁-၁၂-၂၀၁၇ ရက်နေ့မှာ ဂျပန်နိုင်ငံ Hitachi Zosen Co., နဲ့ Horiba Co., များကနေပြီးတော့ ရေဆိုးသန့်စင်တဲ့ပညာရှင်များပါဝင်တဲ့အဖွဲ့နဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်းပြီး မုံရွာစက်မှုဇုန် ရေဆိုးသန့်စင်ခြင်းလုပ်ငန်းများကို ကွင်းဆင်းလေ့လာခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့တဲ့နေရာမှာ ကြာဇံစက်ရုံတစ်ရုံအနေနဲ့ တစ်ရက်ကို ရေဂါလန် ၄၀၀၀၀ သန့်စင်နိုင်ရန် Treatment Plan တစ်ခုအတွက် ခန့်မှန်းကုန်ကျငွေကတော့ သိန်း ၇၀၀၀ ဖြစ်ပြီးတော့ စုပေါင်းသန့်စင်ခြင်းလုပ်ငန်းများဆောင်ရွက်မယ်ဆိုပါက ကုန်ကျစရိတ်ပိုမိုသက်သာနိုင်ကြောင်း အကြံပြုဆွေးနွေးခဲ့ပါတယ်။ လက်ရှိတိုင်းဒေသကြီးအဆင့်အနေနဲ့ နည်းပညာနဲ့ ငွေကြေးအကန့်အသတ်များရှိတာကြောင့် ကုန်ကျစရိတ်ပိုမိုသက်သာပြီး ရေရှည်မှာထိရောက်တဲ့ ရေဆိုးများထိန်းချုပ်မယ့် နည်းလမ်းများနဲ့ ပံ့ပိုးဆောင်ရွက်ရန် လိုအပ်လျက်ရှိပါတယ်။

သို့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးမေးခွန်းပါ ဆားကျင်းအင်း သို့မဟုတ် ဆင်သောက်ကန်အင်းကို သန့်ရှင်းတဲ့သဘာဝပတ်ဝန်းကျင်ရရှိရေးနဲ့စပ်လျဉ်းပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်-

(က) ဆားကျင်းအင်းနဲ့ပတ်သက်ပြီး စီမံခန့်ခွဲတဲ့ဌာနတစ်ခုအား သတ်မှတ်တာဝန်ပေးခြင်း၊

(ခ) စက်မှုဇုန်ရှိ စက်ရုံများကထွက်ရှိတဲ့ ရေဆိုးများဆားကျင်းအင်းထဲ ထပ်မံဝင်ရောက်ခြင်းမရှိစေရေးထိန်းချုပ်ရန်နဲ့ စွန့်ပစ်ရေဆိုးများကိုသန့်စင်တဲ့ Waste Water Treatment စနစ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) ရေဆိုးသန့်စင်ခြင်းလုပ်ငန်းများကို စျေးနှုန်းသက်သာပြီး ရေရှည်ထိရောက်မှုရှိတဲ့နည်းလမ်းများဖြင့် ချိတ်ဆက်အကောင်အထည်ဖော်ခြင်းများ ဆောင်ရွက်ခြင်း၊

(ဃ) အချိန်ကာလတစ်ခုသတ်မှတ်ပေးပြီး ပြုပြင်စေခြင်းနဲ့ လိုက်နာမှုမရှိပါက အရေးယူခြင်းတို့ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ရေဆိုးများ စနစ်တကျစွန့်ပစ်ဖို့ တိုင်းဒေသကြီးအစိုးရရဲ့ဆောင်ရွက်ထားရှိမှုအခြေအနေနဲ့ပတ်သက်လို့ လက်တွေ့ထိရောက်တဲ့ဆောင်ရွက်မှုဖြစ်ဖို့ကို သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ကြပ်မတ်ဆောင်ရွက်ပေးပါရန် လိုအပ်တယ်လို့ပြောကြားလိုပါတယ်။

မူကြမ်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနက ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေကြမ်းကို တင်သွင်းမှာဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအား ဖိတ်ခေါ်ပါတယ်။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေကြမ်းကို တင်သွင်းသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ၁၈၈၄ ခုနှစ် The Explosive Act ကို ပြဋ္ဌာန်းထားပြီးဖြစ်သော်လည်း ယင်းဥပဒေဟာ အချိန်ကြာမြင့်ခဲ့ပြီးတော့ ယနေ့ခေတ်ကာလနဲ့ကိုက်ညီမှုမရှိတဲ့အပြင် အသစ်ရေးဆွဲရန် လိုအပ်လာတဲ့အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ ၁၉၇၂ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့ကထုတ်ပြန်ခဲ့တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီကြေညာချက်အမှတ် ၉၇ အရ ပြုပြင်ဖွဲ့စည်းခဲ့တဲ့ ဓာတ်သတ္တုပစ္စည်း ရှာဖွေတူးဖော်မှုဆိုင်ရာ လုပ်ငန်းစီမံကိန်းနဲ့ လုပ်ငန်းစိစစ်ရေးဦးစီးဌာနနှင့်စပ်လျဉ်းပြီး သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံးက ၁၉၇၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ရက်စွဲနဲ့ ထုတ်ပြန်ထားတဲ့ အမိန့်ကြော်ငြာစာအမှတ်၊ ၇၈ ရဲ့ အခန်း(၂)အပိုဒ် ၄ မှာ ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်အား သတ္တုတွင်းအက်ဥပဒေ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအက်ဥပဒေအရ သတ္တုတွင်းနှင့် ပေါက်ကွဲစေတတ်သည့် ဝတ္ထုပစ္စည်းများအားစစ်ဆေးရန် စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ပိုင်ခွင့်နှင့် တာဝန်ကို အပ်နှင်းခဲ့ပါတယ်။ ယင်းသို့လုပ်ငန်းနှင့်ဆက်စပ်မှုရှိတဲ့အတွက် ယခုဥပဒေကြမ်းအား ရေးဆွဲခဲ့ခြင်းဖြစ်ပါတယ်။ သတ္တုတွင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်တဲ့ ဥပဒေကြမ်းရေးဆွဲရေးအဖွဲ့ဖွဲ့စည်းခဲ့ပြီး ဥပဒေပညာရှင်များရဲ့ အကြံဉာဏ်ရယူခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့ သဘောထားမှတ်ချက်၊ အကြံပြုချက်များကိုရယူပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ ဥပဒေအကြံပြုချက် ဥပဒေရေးထုံးများနှင့်အညီ အဆင့်ဆင့်ရေးဆွဲဆောင်ရွက်ခဲ့ပါတယ်။ အရပ်ဘက်လုပ်ငန်းများမှ ယမ်းဘီလူးနှင့် ဆက်စပ်သုံးပစ္စည်းများ အသုံးပြုထုတ်လုပ်ဆောင်ရွက်တဲ့လုပ်ငန်းများ တိုးတက်များပြားလာခြင်း၊ လက်ရှိအခြေအနေနဲ့ လိုက်လျောညီထွေမှုရှိတဲ့ သယ်ယူ၊ သိုလှောင်ထားရှိ သုံးစွဲမှုများကို ဘေးကင်းလုံခြုံစွာရှိစေရေးနှင့် စနစ်တကျခွင့်ပြုနိုင်မှုလိုအပ်ခြင်း၊ မလိုလားအပ်သော မတော်တဆဖြစ်စဉ်များပေါ်ပေါက်လာစေရန်နှင့် ဥပဒေပါပြစ်ဒဏ်များဖြစ်တဲ့ ငွေဒဏ်၊ ထောင်ဒဏ်များကို ပြင်ဆင်တိုးမြှင့်သတ်မှတ်ရန် လိုအပ်လာခြင်းတို့ကြောင့် အသစ်ရေးဆွဲရခြင်းဖြစ်ပါတယ်။ အသစ်ပြဋ္ဌာန်းမယ့် ဥပဒေကြမ်းမှာ ပုဒ်မ ၁ ကနေပြီးတော့ ပုဒ်မ ၃၁ ထိ စုစုပေါင်း ပုဒ်မ ၃၁ ခု

ပါရှိတဲ့အပြင် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများပြုလုပ်ခြင်း၊ တင်သွင်းခြင်း၊ ထားသိုရန် ယမ်းတိုက်လိုင်စင်ထုတ်ပေးခြင်း၊ သိုလှောင်ခြင်း၊ ထုတ်ယူသယ်ဆောင်ခြင်းတို့ ပါရှိပါတယ်။

သို့ပါ၍ အရပ်ဘက်လုပ်ငန်းများတွင် ယမ်းဘီလူးနှင့် ဆက်စပ်သုံးပစ္စည်းများအား တရားဝင် တင်သွင်းခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ အသုံးပြုခြင်းများကို စနစ်တကျထိန်းသိမ်းကြီးကြပ် ဆောင်ရွက်ရန် ရည်ရွယ်ပြီးတော့ အသစ်ပြင်ဆင်ရေးဆွဲပြုစုထားတဲ့အတွက် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးပေးပါရန်နှင့် ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ် ခင်ဗျား။

## ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းရန်ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ဧည့်သည်တော်များ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်စုံပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီရဲ့ အဖွဲ့ဝင်ဦးဇော်ဝင်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက် အရ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ပြည်သူ့ လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို တင်ပြဖတ်ကြားသွားမှာ ဖြစ်ပါတယ်။

**ပြည်ထောင်စုတမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၈-၃၂

ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၂-၁၁-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၆/ ၁၂/ ၁၀ (၃၄၅)/ပထစ - ၂၀၁၇

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေကြမ်းကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အောက်ဖော်ပြပါ ရည်ရွယ်ချက်များကို အခြေခံ၍ရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) ပေါက်ကွဲစေတတ်သော ပစ္စည်းများအက်ဥပဒေ(၁၈၈၄ ခုနှစ်)သည် အင်္ဂလိပ်အစိုးရလက်ထက်ကပြဋ္ဌာန်းခဲ့သည့် ဥပဒေဖြစ်ပြီး သက်တမ်းကြာမြင့်သည့်အပြင် လက်ရှိခေတ်စနစ်အခြေအနေတို့နှင့် ကိုက်ညီမှုမရှိတော့သဖြင့် ဥပဒေအသစ်ပြဋ္ဌာန်းရန် လိုအပ်လာခြင်း၊

(ခ) ယမ်းဘီလူးနှင့် ဆက်စပ်သုံးပစ္စည်းများအသုံးပြုသည့် ထုတ်လုပ်မှုလုပ်ငန်းများ များပြားလာသည်နှင့်အညီ ခေတ်ကာလနှင့် လိုက်လျောညီညွတ်မှုရှိသည့် သယ်ယူမှု၊ သိုလှောင်မှု၊ ထားရှိသုံးစွဲမှုများကို ဘေးကင်းလုံခြုံမှုရှိစွာဖြင့် စနစ်တကျရှိရန် လိုအပ်လာခြင်း၊

(ဂ) ပေါက်ကွဲစေတတ်သော ပစ္စည်းများအက်ဥပဒေနှင့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအက်ဥပဒေတို့ရှိ ပြစ်ဒဏ်ပါငွေဒဏ်နှင့်ထောင်ဒဏ်များ ပြင်ဆင်တိုးမြှင့်သတ်မှတ်ရန် လိုအပ်လာခြင်း။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၁၄-၁-၂၀၁၈ ရက်(တနင်္ဂနွေနေ့)တွင် ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့်ပြင်ဆင်ရန်တင်ပြချက်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

၄။ သို့ဖြစ်ပါ၍ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့အစီရင်ခံ တင်ပြအပ်ပါတယ်ခင်ဗျား။ ဥပဒေကြမ်းကော်မတီ။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ပြည်ထောင်စုတမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၈-၃၂

ရက်စွဲ ၊ ၂၀၁၈ ခု နှစ်၊ ဇန်နဝါရီလ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိ ချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၂-၁၁-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၆/ ၁၂/ ၁၀ (၃၄၅)/ပထစ - ၂၀၁၇

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ ဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့ လာပါသည်။

၂။ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်းကို သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အောက်ဖော်ပြပါ ရည်ရွယ်ချက်များကို အခြေခံ၍ရေးဆွဲ ထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) ပေါက်ကွဲစေတတ်သော ပစ္စည်းများအက်ဥပဒေ (၁၈၈၄ ခုနှစ်)သည် အင်္ဂလိပ်အစိုးရ လက်ထက်ကပြဋ္ဌာန်းခဲ့သည့် ဥပဒေဖြစ်ပြီး သက်တမ်းကြာမြင့်သည့်အပြင် လက်ရှိ ခေတ်စနစ် အခြေအနေတို့နှင့် ကိုက်ညီမှုမရှိတော့သဖြင့် ဥပဒေအသစ်ပြဋ္ဌာန်းရန် လိုအပ်လာခြင်း၊

(ခ) ယမ်းဘီလူးနှင့် ဆက်စပ်သုံးပစ္စည်းများအသုံးပြုသည့် ထုတ်လုပ်မှုလုပ်ငန်းများ များပြားလာသည်နှင့်အညီ ခေတ်ကာလနှင့် လိုက်လျောညီညွတ်မှုရှိသည့် သယ်ယူမှု၊ သိုလှောင်မှု၊ ထားရှိသုံးစွဲမှုများကို ဘေးကင်းလုံခြုံမှုရှိစွာနှင့် စနစ်တကျရှိရန် လိုအပ် လာခြင်း၊

(ဂ) ပေါက်ကွဲစေတတ်သော ပစ္စည်းများအက်ဥပဒေနှင့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအက်ဥပဒေတို့ရှိ ပြစ်ဒဏ်ပါငွေဒဏ်နှင့် ထောင်ဒဏ်များ ပြင်ဆင်တိုးမြှင့်သတ်မှတ်ရန် လိုအပ်လာခြင်း။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၁၄-၁-၂၀၁၈ ရက်(တနင်္ဂနွေနေ့)တွင် ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေကြမ်းတွင် အခန်း(၈)ခန်းနှင့် အပိုဒ်ပေါင်း ၃၁ ပိုဒ်ပါရှိပါသည်။

(ခ) ဥပဒေခေါင်းစီးကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေ

(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်   ။ )

၁၃၇၉ ခုနှစ်၊ လ ရက်

( ၂၀၁၈ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

(ဂ) အခန်း(၂) အပိုဒ် ၄ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၁)ရှိ တွေ့ရှိရပါက ဆိုသည့်စကားရပ်ကို တွေ့ရှိပါက ဟုလည်းကောင်း၊ အပိုဒ်ခွဲငယ်(၂)ရှိ ဆောင်ရွက်တင်ပြရန် ဆိုသည့်စကားရပ်ကို ဆောင်ရွက်ပြီးပြန်လည်တင်ပြရန်ဟု လည်းကောင်း ပြင်ဆင်ပါသည်။

(ဃ) အပိုဒ် ၅ အပိုဒ်ခွဲ(က)ရှိ သတ်မှတ်ချက်နှင့်အညီ စိစစ်အတည်ပြုပြီး သဘောထားပြန်ကြားချက်ကို ဝန်ကြီးဌာနသို့ဆိုသည့်စကားရပ်ကို မှတ်ချက်နှင့်ညီညွတ်ခြင်း ရှိမရှိ စိစစ်အတည်ပြုပြီး သဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးဌာနသို့ဟု ပြင်ဆင်ပါသည်။

(င) အပိုဒ် ၆ အပိုဒ်ခွဲ(က)ရှိ တစ်မျိုးမျိုးကိုဖြစ်စေဆိုသည့် စကားရပ်နောက်တွင် တစ်မျိုးထက်ပို၍ဖြစ်စေ ဆိုသည့်စကားရပ်ကို ဖြည့်စွက်ပါသည်။

(စ) အပိုဒ် ၆ အပိုဒ်ခွဲ(ဂ)နှင့်အပိုဒ်ခွဲ(ဃ)တို့ရှိ တွေ့ရှိရပါကဆိုသည့် စကားရပ်ကို တွေ့ရှိပါကဟုလည်းကောင်း၊ အပိုဒ်ခွဲ(ဂ)ရှိ ဝန်ကြီးဌာနသို့ ခွင့်ပြုချက်မိတ္တူတစ်စောင်ကိုပေးပို့ပေးရမည် ဆိုသည့်စကားရပ်ကို ခွင့်ပြုချက်မိတ္တူတစ်စောင်ကို ဝန်ကြီးဌာနသို့ ပေးပို့ရမည်ဟုလည်းကောင်း ပြင်ဆင်ပါသည်။

(ဆ) အခန်း(၃) အပိုဒ် ၁၃ အပိုဒ်ခွဲ(က)ရှိ ညီညွတ်ခြင်းမရှိတော့ကြောင်း ဆိုသည့် စကားရပ်ကို ညီညွတ်ခြင်းမရှိကြောင်းဟုလည်းကောင်း၊ လမ်းညွှန်ရမည် ဆိုသည့် စကားရပ်ကို ညွှန်ကြားရမည်ဟုလည်းကောင်း ပြင်ဆင်ပါသည်။

(ဇ) အခန်း(၄) အပိုဒ် ၁၄ အပိုဒ်ခွဲ(က)ကို အောက်ပါအတိုင်းပြင်ဆင်ပါသည် -

၁၄။(က) ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို ခွင့်ပြုသည့်ပမာဏထက် မပိုစေဘဲ သတ်မှတ်ချက်နှင့်အညီ စနစ်တကျသိုလှောင်သိမ်းဆည်း ရမည်။

(ဈ) အပိုဒ် ၁၄ အပိုဒ်ခွဲ(ခ)ရှိ စစ်ဆေးရေးအရာရှိချုပ်ကဖြစ်စေ၊ စစ်ဆေးရေးအရာရှိက ဖြစ်စေဆိုသည့်စကားရပ်ကို စစ်ဆေးရေးအရာရှိချုပ် သို့မဟုတ် စစ်ဆေးရေး အရာရှိ၏ဟု ပြင်ဆင်ပါသည်။

(ည) အခန်း(၅)အပိုဒ် ၁၆ အပိုဒ်ခွဲ(က)ရှိ လိုက်နာမှုမရှိပါကဆိုသည့် စကားရပ်ကို လိုက်နာခြင်းမရှိပါကဟု ပြင်ဆင်ပါသည်။

(ဋ) အပိုဒ် ၁၆ အပိုဒ်ခွဲ(ဃ)ရှိ လိုင်စင်ထုတ်ပေးခြင်းဆိုသည့် စကားရပ်ရှေ့တွင် ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့်ဆိုသည့် စကားရပ်ကို ဖြည့်စွက် ပါသည်။

(ဌ) အပိုဒ် ၁၆ အပိုဒ်ခွဲ(ဇ)ရှိ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများနှင့် သက်ဆိုင်သည် ဆိုသည့်စကားရပ်ကို ပယ်ဖျက်ပါသည်။

(ဍ) အခန်း(၆) အပိုဒ် ၁၇ ရှိ ယင်းက တာဝန်ပေးအပ်သောဆိုသည့် စကားရပ်ကို ပယ်ဖျက်ပါသည်။

(ဎ) အပိုဒ် ၂၀ အပိုဒ်ခွဲ(ခ)ရှိ သတင်းပို့ခြင်းပြုရန်ဆိုသည့် စကားရပ်ကို သတင်းပို့ရန်ဟု ပြင်ဆင်ပါသည်။

(ဏ) အခန်း(၇) အပိုဒ် ၂၁ ရှိ ပုဒ်မ ၁၇ ပါတားမြစ်ချက်ကို ဆိုသည့်စကားရပ်ကို ပုဒ်မ ၁၇၊ ပုဒ်မ ၁၈ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၂၀ ပုဒ်မခွဲ(ခ)ပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုဟု ပြင်ဆင်ပါသည်။

(တ) အပိုဒ် ၂၂ ရှိ ပုဒ်မ ၁၈ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဆိုသည့်စကားရပ်ကို ပုဒ်မ ၁၈ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၂၀ ပုဒ်မခွဲ(က)၊ (ဂ)ပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုဟု ပြင်ဆင်ပါသည်။

(ထ) အပိုဒ် ၂၄ ကို ပယ်ဖျက်ပါသည်။

(ဒ) အပိုဒ် ၂၆ ကို အပိုဒ် ၂၅ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ထိုသူကို ပြစ်မှုရင်းအတွက် ပြဋ္ဌာန်းထားသော ပြစ်ဒဏ်ကိုချမှတ်ရမည် ဆိုသည့်စကားရပ်ကို ထိုသူကို

သက်ဆိုင်ရာပြစ်မှုအတွက် သက်မှတ်ထားသော ပြစ်ဒဏ်ကိုချမှတ်ခြင်းခံရမည်ဟု ပြင်ဆင်ပါသည်။

(ဓ) အပိုဒ် ၂၆ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

၂၆။ ဤဥပဒေအရ သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများသည် ခွင့်ပြုချက် မရရှိသော ပေါက်ကွဲစေတက်သော ဝတ္ထုပစ္စည်းဖြစ်ပါက ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းရမည်။

(န) အခန်း(၈) အပိုဒ် ၂၇ ရှိ ဝင်ငွေခွန်မပြေကျန်ငွေဆိုသည့် စကားရပ်ကို ငွေခွန်မပြေကျန်ငွေဟု ပြင်ဆင်ပါသည်။

(ပ) အပိုဒ် ၂၈ ရှိ ကာကွယ်ရေးဝန်ကြီးဌာနက ဆိုသည့်စကားရပ်ကို ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)ကဟု ပြင်ဆင်ပါသည်။

(ဖ) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ရေးဆွဲတင်သွင်း သည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေကြမ်းတွင်ပါရှိသည့် ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်တို့ရှိ ပေါက်ကွဲစေတတ်သော ပစ္စည်းများ အက်ဥပဒေ(၁၉၀၈ခုနှစ်)ဆိုသည့်စကားရပ်များကို ပယ်ဖျက်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက တင်သွင်းသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်း ဆွေးနွေးလိုသူများသည် ပြင်ဆင်လိုတဲ့ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျ ဖော်ပြ၍ ၂၉-၁-၂၀၁၈ ရက်(တနင်္လာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်းကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဒေါက်တာအေးမင်း၊ ခရမ်းမဲဆန္ဒနယ်က တင်သွင်းသည့်နိုင်ငံ့ဝန်ထမ်းများအတွင်း သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီပြီး ထူးချွန်စွာတာဝန်ထမ်းဆောင်သူများမှ သင့်လျော်သော ဝန်ထမ်းအရေအတွက်ကို ဘွဲ့တံဆိပ်၊ အဆောင်အယောင်များ၊ အပန်းဖြေလေ့လာရေးခရီးများ၊ နိုင်ငံရပ်ခြားပညာတော်သင်ခရီးစဉ်များနှင့် အခြားသောဂုဏ်ပြုချီးမြှင့်၊ အသိအမှတ်ပြုမှုများပြုလုပ်ပေးခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းတို့၏ စိတ်ဓာတ်နှင့်လုပ်ငန်းစွမ်းဆောင်ရည်တို့ကို မြှင့်တင်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာအေးမင်း၊ ခရမ်းမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ ၁၇-၁-၂၀၁၈ ရက်နေ့တွင် တင်သွင်းတဲ့ နိုင်ငံ့ဝန်ထမ်းများအတွင်း သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီပြီး ထူးချွန်စွာတာဝန်ထမ်းဆောင်သူများမှ သင့်လျော်သောဝန်ထမ်းအရေအတွက်ကို ဘွဲ့တံဆိပ်၊ အဆောင်အယောင်များ၊ အပန်းဖြေလေ့လာရေးခရီးများ၊ နိုင်ငံရပ်ခြားပညာတော်သင်ခရီးစဉ်များနှင့် အခြားသောဂုဏ်ပြုချီးမြှင့်၊ အသိအမှတ်ပြုမှုများပြုလုပ်ပေးခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းတို့၏ စိတ်ဓာတ်နှင့် လုပ်ငန်းစွမ်းဆောင်ရည်တို့ကို မြှင့်တင်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ၁၆ ဦးရှိပါတယ်။ ပထမဦးစွာ မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးနေလင်းအောင်(မင်းတပ်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝင်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သပါရစေ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ဦးနေလင်းအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ခရမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမင်းတင်သွင်းတဲ့ နိုင်ငံ့ဝန်ထမ်းများအတွင်း သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီပြီး ထူးချွန်စွာတာဝန်ထမ်းဆောင်သူများမှ သင့်လျော်သောဝန်ထမ်းအရေအတွက်ကို ဘွဲ့တံဆိပ်၊ အဆောင်အယောင်များ၊ အပန်းဖြေလေ့လာရေးခရီးများ၊ နိုင်ငံရပ်ခြားပညာတော်သင်ခရီးများနှင့် အခြားသောဂုဏ်ပြုချီးမြှင့်၊ အသိအမှတ်ပြုမှုများပြုလုပ်ပေးခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းတို့၏ စိတ်ဓာတ်နှင့်လုပ်ငန်းစွမ်းဆောင်ရည်တို့ကို မြှင့်တင်ပေးပါရန် နိုင်ငံတော်အစိုးရအားတိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဝန်ထမ်းများဟာ နိုင်ငံတော်နှင့် ပြည်သူများအတွက် အစိုးရကိုယ်စားဝန်ဆောင်မှုပေးနေသော အဖွဲ့အစည်းကြီးတစ်ရပ်ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံ့ဝန်ထမ်းများဟာ အစိုးရနှင့်ပြည်သူအကြား ယုံကြည်မှုပိုမိုအားကောင်းလာစေရန်အတွက် ဆက်စပ်ပုံဖော်ဆောင်ရွက်ပေးနေသော ကြားခံပေါင်းကူးတံတားလေးများဖြစ်ပါတယ်ခင်ဗျား။ ဒါ့အပြင် နိုင်ငံ့ဝန်ထမ်းများဟာ အစိုးရ၏အုပ်ချုပ်မှုယန္တရားကြီး အရှိန်အဟုန်ဖြင့် အဆင်ပြေစွာ

လည်ပတ်ချောမွေ့နိုင်စေရန်အတွက် လှည့်ပတ်ပေးနေသော ပင်နယန်လေးများနှင့်တူပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ နိုင်ငံ့ဝန်ထမ်းများဟာ တိုင်းပြည်တည်ဆောက်တဲ့နေရာနှင့် တိုင်းပြည်ပြုပြင်ပြောင်းလဲရေးလုပ်တဲ့နေရာမှာ အလွန်အရေးပါသောအခန်းကဏ္ဍမှာ တည်ရှိပါတယ်ခင်ဗျား။ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဆိုတဲ့အတိုင်းပဲ ထူးချွန်ထက်မြက်ပြီးတော့ ကိုယ်ကျင့်သိက္ခာနှင့်ပြည့်စုံပြီးတော့ ပြည်သူက လေးစားကြည်ညိုရသော ဝန်ထမ်းကောင်းများပေါ်ထွက်လာဖို့ရန် အလွန်ပင်အရေးကြီးပါတယ်ခင်ဗျား။

အဲဒီလို ဝန်ထမ်းကောင်းများပေါ်ထွက်လာဖို့ဆိုရင် ဝန်ထမ်းများဟာ လုပ်ငန်းခွင်မှာပျော်ရွှင်ပျော်မွေ့ပြီးတော့ တက်ကြွထက်သန်နေဖို့ရာ အလွန်ပင်အရေးကြီးပါတယ်။ အဲဒီလို ဝန်ထမ်းများဟာ အလုပ်ခွင်မှာ တက်ကြွထက်သန်စွာနဲ့ အလုပ်ခွင်မှာပျော်ရွှင်ဖို့ဆိုရင် လိုအပ်တဲ့အချက်ကလေးများကတော့ ကျွန်တော်တို့ လူမှုစရိုက်နှင့်ကိုက်ညီတဲ့ လစာတွေရရှိရန်လိုအပ်ပါတယ်။ ခန့်၊ တိုး၊ ပြောင်းဆိုသလို ရာထူးခန့်ထားတဲ့နေရာ၊ ရာထူးတိုးမြှင့်တဲ့နေရာတွေနဲ့ ဝန်ထမ်းများကို တစ်နေရာနဲ့ တစ်နေရာပြောင်းရွှေ့တဲ့နေရာတွေမှာ အဂတိတရားများကင်းစင်စွာ လုပ်ကိုင်ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ တန်းတူအခွင့်အရေးများလည်း ရရှိရန်လိုအပ်မှာဖြစ်ပါတယ်။ အရည်အချင်းအလိုက် ချီးမြှင့်မြှောက်စားမှုများလိုအပ်သလို အခြားသောအဆောင်အယောင်၊ အထောက်အပံ့၊ အိမ်ရာနှင့်ချေးငွေများလည်း ရရှိအောင် အစိုးရကဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ သို့မှသာ နိုင်ငံ့ဝန်ထမ်းများဟာ အလုပ်ခွင်မှာ ပျော်ရွှင်ပြီးတော့ စိတ်အားထက်သန်လာကြမှာဖြစ်ပါတယ်ခင်ဗျား။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်လူသားများမဆို မိမိကိုချီးမြှင့်မြှောက်စားခြင်းကို မခံယူလိုဘူးဆိုတဲ့လူဟာ မရှိသလောက်အလွန်ပင်ရှားပါးလိမ့်မယ်လို့ ထင်မိပါတယ်ခင်ဗျား။ ဒီလိုပဲ နိုင်ငံ့ဝန်ထမ်းများဟာလည်း လူလောကကြီးမှာရှိတဲ့ လူသားတွေဖြစ်သည့်အလျောက်မို့ ချီးမြှင့်မြှောက်စားခြင်းကို ခံယူလိုတဲ့စိတ်ရှိသည်မှာ မှားလိမ့်မယ်မထင်ပါဘူးခင်ဗျား။ အဲဒီလို ချီးမြှင့်မြှောက်စားခြင်းကို ခံယူခြင်းဟာလည်း ဒီချီးမြှင့်မြှောက်စားခြင်းမှ ရရှိလာတဲ့ အမြတ်အစွန်း၊ အဖိုးအခကို မက်မောလို့မဟုတ်ပါဘူး။ ဒီချီးမြှင့်မြှောက်စားခြင်းမှရရှိလာတဲ့ ဂုဏ်ဆိုတဲ့ ပီတိလေးကို ရင်ဝယ်ပိုက်ပြီးတော့ နိုင်ငံ့ဝန်ထမ်းတွေဟာ အလုပ်ခွင်မှာ တက်တက်ကြွကြွနဲ့ လုပ်ကိုင်ဆောင်ရွက်ချင်တဲ့စိတ်ကလေးပေါ်ပေါက်ဖို့ရန်ဖြစ်ပါတယ်။ အဲဒီပီတိဆိုတဲ့အရာလေးက ဘယ်လောက်အထိ အစွမ်းထက်သလဲဆိုလို့ရှိရင် နိုင်ငံ့ဝန်ထမ်းများကို ပြုပြင်ပြောင်းလဲရေးလုပ်တဲ့နေရာမှာ ပျော့ရင်ဖယောင်း၊ မာရင်သံချောင်းဆိုသလို ပြုပြင်ပြောင်းလဲရေးလုပ်တဲ့နေရာမှာ လိုရာပုံကိုသွင်းယူလို့ရအောင် ဖန်တီးနိုင်တဲ့အစွမ်းရှိတဲ့ တန်ခိုးလက်နက်လေးတစ်ခုဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီနေရာမှာ ဥပမာလေးတစ်ခုအနေနဲ့ ပြောဆိုပါရစေခင်ဗျား။ ကျွန်တော်တို့ရဲ့တောင်သူဦးကြီးများဟာ မိမိရဲ့လယ်ယာလုပ်ငန်းခွင်တွေမှာ လုပ်ကိုင်ဆောင်ရွက်တဲ့ အချိန်မှာ ကျွဲ၊ နွားများကို ခိုင်းစေတဲ့နေရာမှာ အဖေ့သားကြီး ရုန်းကန်ထကြတော့ကွာဆိုတဲ့ စိတ်ခွန်အားလေးပေးပြီးတော့ လုပ်ကိုင်ဆောင်ရွက်တဲ့နေရာမှာ လူမပြောပါနဲ့ တိရစ္ဆာန်လေးတွေမှာတောင် ဒီလိုချီးမြှောက်ခြင်းဆိုတဲ့ခွန်အားလေးရရှိရင် ပိုမိုရုန်းကန်ပြီးတော့ လုပ်ကိုင်ဆောင်ရွက်လာစေမှာ သိမြင်ကြမှာ အားလုံးအသိဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လူသားဟာ အရေးပါချင်ကြတယ်။

အရာဝင်ချင်ကြတယ်။ ချီးမြှင့်မြှောက်စားခြင်းကို ခံယူလိုသောသူများဖြစ်ပါတယ်။ နောက် ဥပမာလေး တစ်ခု ကျွန်တော့်အနေနဲ့ ပြောချင်တာကတော့ ကျောက်တုံး၊ ကျောက်ခဲများကို မပြီးတော့ လုပ်ကိုင်ဆောင်ရွက်နေကြသော ထောင်အကျဉ်းကျတဲ့ ထောင်သားများနဲ့ နိုင်ငံတော်အတွက်၊ တိုင်းပြည်အတွက် အလေးမပြိုင်ပွဲမှာဝင်ရောက်ယှဉ်ပြိုင်သောသူများကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင် အလေးမ တာချင်းကတော့ တူပါတယ်။ ဒါပေမယ့် ခံယူချက်ချင်းမတူကြပါဘူးခင်ဗျား။ ကျောက်တုံးကျောက်ခဲ များကို မနေတဲ့ ထောင်သားများဟာ အပြစ်ပေးခံရလို့ လုပ်ကိုင်ဆောင်ရွက်နေရခြင်းဖြစ်သည့်အတွက် မို့လို့ သူတို့ဟာ ခိုင်းမှလုပ်ပြီးတော့ စိတ်ပါလက်ပါဆောင်ရွက်တဲ့သူများမဟုတ်ပါဘူး။ လေးလေး လျော့လျော့နဲ့ လုပ်ကိုင်တဲ့သူများဖြစ်ပါတယ်။ ဒါပေမဲ့ အလေးမပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်တဲ့သူ များက ဒီလိုစိတ်နဲ့မဟုတ်ပါဘူး။ ဒါငါ့နိုင်ငံ၊ ဒါငါ့တိုင်းပြည်၊ ဒါငါ့လူမျိုးအတွက်ဆိုတဲ့စိတ်နဲ့ စိတ်အား ထက်သန်လာတဲ့ ပါဝင်ယှဉ်ပြိုင်ခြင်းကို ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ဟာ ဒီစိတ်ခွန်အားဟာ ဘယ်လောက်အထိ အရေးကြီးတယ်ဆိုတာကို နှိုင်းယှဉ်ကြည့်ရင် သိရှိနိုင်မှာဖြစ်ပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ နိုင်ငံ့ဝန်ထမ်းများကိုလည်း ဒါငါ့နိုင်ငံ၊ ဒါငါ့တိုင်းပြည်၊ ဒါငါ့လူမျိုးအတွက်ဆိုတဲ့ စိတ်နဲ့ တိုင်းပြည်တာဝန်များကို ကျေကျေပွန်ပွန်ထမ်းဆောင်နိုင်ရန်အတွက် စိတ်ခွန်အားကို ဖြစ်စေသော ချီးမြှောက်ခြင်းဆိုတဲ့ အားဆေးလေးကို တိုက်ကျွေးသင့်ပါတယ်လို့ ကျွန်တော့်အနေနဲ့ ပြောကြားရင်းနဲ့ အဆိုရှင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါ တယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာတင်အောင်(ကျောက်ဆည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်အောင်က ခရမ်း မဲဆန္ဒနယ်မှ ဒေါက်တာအေးမင်းရဲ့အဆိုကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ ဦးအေးမင်းရဲ့အဆိုကို အသေးစိတ်ပြန်လည်တင်ပြရမယ်ဆိုရင် နိုင်ငံ့ဝန်ထမ်းအတွင်း သတ်မှတ် အရည်အချင်းများနှင့်ကိုက်ညီပြီး ထူးချွန်စွာတာဝန်ထမ်းဆောင်သူများမှ သင့်လျော်သော ဝန်ထမ်း အရေအတွက်ကို ဘွဲ့တံဆိပ်၊ အဆောင်အယောင်များ၊ အပန်းဖြေလေ့လာရေးခရီးများ၊ နိုင်ငံခြား ပညာသင်ခရီးများနှင့် အခြားသောဂုဏ်ပြုချီးမြှင့်ခြင်းအသိအမှတ်ပြုပေးခြင်းများဖြင့် စိတ်ဓာတ်နှင့် လုပ်ငန်းစွမ်းဆောင်ရည်ကို တိုးမြှင့်ပေးပါရန်ဆိုတဲ့အဆိုပဲဖြစ်ပါတယ်။ ဒီနေရာမှာ သူ့ရဲ့အဆိုသည် အင်မတန်မှကောင်းမွန်တယ်လို့ ပြောရမှာဖြစ်သော်လည်းပဲ သူ့ရဲ့အဆိုမှာ ထူးချွန်စွာ တာဝန်ထမ်းဆောင် သူများအနက်မှ သင့်လျော်သောဝန်ထမ်းအရေအတွက်ကိုလို့ ဆိုလိုထားတာတွေ့ပါတယ်။ ဒီသင့်လျော် သော ဝန်ထမ်းအရေအတွက်ကိုလို့ သတ်မှတ်ဘောင်ခတ်ခြင်းသည် ကျွန်တော်တို့ ဆုတံဆိပ်တွေရဲ့ အရေအတွက်တွေဖောင်းပွများပြားလာမှာဖြစ်တာကို ထိန်းကျောင်းတယ်လို့လည်း တစ်ဖက်ကမြင်ရ သလို ထူးချွန်စွာတာဝန်ထမ်းဆောင်သူများအနက်က အကန့်အသတ်နဲ့ ရွေးချယ်ဆုပေးတဲ့အတွက် ဝန်ထမ်းအချင်းချင်းစိတ်ဝမ်းကွဲပြားစေပြီး နဂိုကကြိုးကြိုးစားစားလုပ်နေတဲ့ ဝန်ထမ်းများရဲ့စိတ်ကို

ပျက်ပြားစေတဲ့အဖြစ်မျိုးရှိလာနိုင်တာကို တွေ့ရှိရပါတယ်။ အဲဒါကြောင့်မို့လို့ ဒီနေရာမှာ ကောင်းကျိုးကိုလိုလားသော်လည်းပဲ ဆိုးကျိုးများလည်းပါဝင်လာနိုင်တယ်ဆိုတာ စဉ်းစားသင့်ပါတယ်။ ကျွန်တော်တို့တစ်ချိန်က နိုင်ငံ့ဝန်ထမ်းများအတွက် ယခင်က ပေးအပ်လျက်ရှိတဲ့ ဆုတံဆိပ်များအနေနဲ့ကြည့်မယ်ဆိုရင် လုပ်သက်(၂)နှစ်ပြည့်ပြီးသူများအတွက် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်၊ လုပ်သက်(၁၅)နှစ်ပြည့်ပြီးသူများအတွက် ပြည်သူ့ဝန်ထမ်းတံဆိပ်၊ လုပ်သက်(၂၅) နှစ်ပြည့်ပြီးသူများအတွက် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ဆိုပြီးတော့ ပေးအပ်ခဲ့တာ တွေ့ရှိပါတယ်။ ဒီပေးအပ်တဲ့ဝန်ထမ်းတွေအတွက် ဆုတံဆိပ်များသည် လုပ်သက်ကိုအခြေခံတဲ့ ဆုတံဆိပ်များဖြစ်တဲ့အတွက်ကြောင့်လက်ရှိဌာနဆိုင်ရာအားလုံးများသည် ရာထူးတိုးပေးတဲ့နေရာမှာ လုပ်သက်ကို အဓိကထားပေးနေတာကိုလည်း တွေ့ရပါတယ်။

တဖန် လက်ရှိ နိုင်ငံတော်က လွတ်လပ်ရေးနေ့တိုင်းပေးနေတဲ့ ဆုတံဆိပ်များကိုကြည့်မယ်ဆိုရင်ပထမဦးဆုံးအနေနဲ့ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်များ၊ ဒုတိယအနေနဲ့ တပ်မတော်ဆိုင်ရာစွမ်းရည်သတ္တိဘွဲ့တံဆိပ်များအပြင် တစ်ချိန်က ထူးချွန်စွာတာဝန်ကိုထမ်းဆောင်ခဲ့ကြတဲ့ တံဆိပ်များကိုလည်းပေးအပ်ခဲ့ဘူးတာရှိပါတယ်။ ဥပမာ - စီမံထူးချွန်တံဆိပ်လိုမျိုးကိုလည်း ပေးအပ်ခဲ့တာ ငွေသုံးသောင်းကျပ်လေးတော့ ထပ်ပြီးဖြည့်ခဲ့ပေးတာ တွေ့ရပါတယ်။ ယခုအဲဒီတံဆိပ်တွေ မပေးတော့လို့ အဆိုရှင်က ဒီလိုဆုမျိုးကို ပြန်လည်ပေးအပ်ချင်တဲ့ဆန္ဒနဲ့ တိုက်တွန်းရခြင်းဖြစ်တယ်လို့ သုံးသပ်မိပါတယ်။ ဒီဆုတွေနဲ့ပတ်သက်လို့ ကျွန်တော့်ရဲ့အတွေ့အကြုံလေးအရပြောရမယ်ဆိုရင်တော့ ဒီဆုများသည် စာရွက်တစ်ရွက်ရယ်၊ ရင်ဘတ်မှာ ထိုးတဲ့တံဆိပ်လေးတစ်ခုရယ်ပဲရခဲ့ဖူးပါတယ်။ တစ်ခြားဘာအခွင့်အရေးမှ ရရှိခဲ့ခြင်းမရှိပါဘူး။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်နောက်ဆုံးအနေနဲ့တိုတိုနဲ့လိုရင်း အကြံပြုချင်တာက ထူးချွန်စွာ တာဝန်ထမ်းဆောင်သူများမှ သင့်လျော်သော ဝန်ထမ်းအရေအတွက်ကို အဆောင်အယောင်များပေးမယ့်အစား အခြားသော ဂုဏ်ပြုခြင်းအစီအစဉ်အနေနဲ့အခွင့်အရေးတစ်ခုအနေနဲ့ ထူးချွန်စွာ တာဝန်ထမ်းဆောင်တဲ့ ဝန်ထမ်းတိုင်းကို ရာထူးတိုးပေးဖို့စဉ်းစားတဲ့အခါမှာ လုပ်သက်တစ်ခုတည်းကိုပဲမကြည့်ဘဲ ထူးချွန်စွာတာဝန်ထမ်းဆောင်ခြင်းဆိုတဲ့အချက်ကိုလည်း ထည့်သွင်းပေးစေချင်ပါတယ်။ ဒါမှသာ ဝန်ထမ်းများရဲ့စွမ်းဆောင်ရည် ပိုမိုမြင့်မားလာမှာဖြစ်ပါတယ်။ ဝန်ထမ်းများရဲ့အလိုချင်ဆုံးအရာသည် ရာထူးတိုးခြင်းဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်။ အစိုးရအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများကို အကြံပြုပေးချင်တာလေးတစ်ခုကတော့ ရာထူးတိုးပေးတဲ့နေရာမှာ လုပ်သက်တစ်ခုတည်းမကြည့်ဘဲနဲ့ ဘက်လိုက်မှုမရှိသော၊ စွမ်းဆောင်ရည်ပြည့်ဝသောတစ်နည်းအားဖြင့် Performance ကိုပါထည့်တွက်၍ ရာထူးတိုးပေးသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ အားလုံးကို လေးစားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးထွန်းထွန်းနိုင်(ကနီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမဲဆန္ဒနယ် ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်း တင်သွင်းထားတဲ့အဆိုနှင့်စပ်လျဉ်းပြီးတော့ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်က နိုင်ငံ့ဝန်ထမ်းများ၏ စိတ်ဓာတ်နှင့် လုပ်ငန်းစွမ်းဆောင်ရည်တို့ကို မြှင့်တင်ပေးနိုင်ဖို့ရာ ရည်ရွယ်ချက်နှင့် သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီပြီး ထူးချွန်စွာတာဝန်ထမ်းဆောင်သူများမှ သင့်လျော်သောဝန်ထမ်းအရေအတွက်ကို ဘွဲ့တံဆိပ်အဆောင်အယောင်များ၊ အပန်းဖြေလေ့လာရေးခရီးစဉ်များ၊ နိုင်ငံရပ်ခြားပညာတော်သင်ခရီးစဉ်များနှင့် အခြားသောဂုဏ်ပြုချီးမြှင့် အသိအမှတ်ပြုမှုများ ပြုလုပ်ပေးဖို့ ဖြစ်ပါတယ်။ ဒီအဆိုကို ကျွန်တော်တို့လွှတ်တော်ထဲ ဆွေးနွေးနေချိန်မှာ မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်(၂၀၁၇-၂၀၂၀)ကိုလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်မှုဖြင့် ရေးဆွဲချမှတ်ဆောင်ရွက်နေပြီး ၎င်းစီမံချက်ဟာ ထိရောက်သောစီမံခန့်ခွဲမှု၊ အရည်အချင်းအပေါ် အခြေခံသည့် ရာထူးတိုးမြှင့်ပေးမှု၊ မတူကွဲပြားမှုများကို စုစည်းပေးမည့် ခန့်အပ်မှု၊ အခွင့်အလမ်းများတန်းတူရည်တူရရှိနိုင်မှုတို့အပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတို့ကို အထူးအလေးပေးထည့်သွင်းစီစဉ်ထားတာတွေကိုလည်း တွေ့ရသည့်အတွက် ယခုအချိန်က အချိန်သင့်အခါကောင်း ဆွေးနွေးသင့်ပါကြောင်း ထောက်ခံအပ်ပါတယ်။ နိုင်ငံတော်၏ပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်ရာမှာ ပံ့ပိုးကူညီမှုများနှင့် စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရာမှာ နိုင်ငံဝန်ထမ်းများ၏ အရေးပါသောအခန်းကဏ္ဍကို အသိအမှတ်ပြုထားတဲ့ ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုများကို ထိပ်တန်းဦးစားပေးတစ်ရပ်အနေဖြင့် သတ်မှတ်ဆောင်ရွက်နေတာလည်း ရှိပါတယ်။ ခေတ်အဆက်ဆက်အုပ်ချုပ်ခဲ့တဲ့သူများဟာ နိုင်ငံ့ဝန်ထမ်းများကို ၎င်းတို့၏ အစေခံများသဖွယ် လေ့ကျင့်သင်ကြားဆက်ဆံခဲ့ကြသဖြင့် ဝန်ထမ်းများဟာ အစိုးရခိုင်းတာလုပ်၊ အစိုးရအပေါ်သာ သစ္စာခံကြရမည်ဟု ခံယူထားကြပြီးတော့ ပြည်သူ့ဝန်ထမ်းအဖြစ် ခံယူချင်စိတ်တွေ လျော့နည်းပျောက်ကွယ်စေခဲ့ပါတယ်။

အစဉ်အလာကျင့်သုံးမှုတွေ၊ စိတ်သဘောထားခံယူချက် အတွေးအခေါ်တွေ၊ ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲရန် အချိန်ယူဖို့ လိုအပ်မှာမှန်သော်လည်း အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။ အစဉ်အလာအရ ခေတ်အဆက်ဆက်မှ ရာထူးအလိုက် အဆင့်ဆင့်တင်းကြပ်စွာ အုပ်ချုပ်ခဲ့တဲ့စနစ်ကြောင့် အောက်ခြေအဆင့်ဆင့်မှဝန်ထမ်းများက အထက်အဆင့်သို့ တင်ပြဆွေးနွေးနိုင်မှု အားနည်းသည့်အတွက် ၎င်းတို့တွေ့ကြုံခံစားနေရတဲ့ အခက်အခဲပြဿနာများ အထက်လူကြီး ငြူစူမှာ၊ အပြစ်ပေးတွေကိုပဲကြောက်ပြီးတော့ ဖွင့်မပြောရဲဘဲနဲ့ ကြိတ်မှိတ်မြိုသိပ်နေကြရတဲ့ဟာတွေလည်းရှိပါတယ်။ ရာထူးတိုးမြှင့်ပေးခြင်းနှင့် တာဝန်ချထားပေးခြင်းတွေမှာလည်း အဂတိတရားများဖြင့် ဆောင်ရွက်နေမှုများရှိနေကြောင်း အောက်ခြေအဆင့် နိုင်ငံ့ဝန်ထမ်းများအကြား ရှုမြင်ယူဆမှုတွေလည်း ရှိနေပါတယ်။ ယခုလို ပြည်သူ့ဝန်ထမ်းများ၏ အတွေးအခေါ်၊ ခံယူချက်များ၊ အကြောက်တရားများ၊ အခက်အခဲများစိတ်ပျက်အားလျော့စရာများကို ကုစားရန် အမြန်လိုအပ်လျက်ရှိပါတယ်။ ဒါကြောင့် ယခုအဆိုဟာ ပြည်သူ့ဝန်ထမ်းများအတွက် တစ်စုံတစ်ရာမျှော်လင့်အားတက်ဖွယ်အဆိုဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ ဒါ့အပြင် ဝန်ထမ်းများဟာ ၎င်းတို့၏ ကြိုးပမ်းအားထုတ်မှုများအတွက် တရားမျှတစွာချီးမြှင့်မြှောက်စားမှု၊ တရားမျှတစွာချီးမြှင့်မြှောက်စားခံရမည်ဟု

ယုံကြည်မှု၊ မျှော်လင့်ချက်လည်းရှိရန် လိုအပ်မှာဖြစ်ပါတယ်။ ဒါမှသာ ၎င်းတို့၏ အောင်မြင်တိုးတက်မှုကို အဓိကအဆုံးအဖြတ်ပေးမယ့်အရာဟာ ၎င်းတို့၏ အရည်အချင်းနှင့် ကြိုးပမ်းအားထုတ်မှုများသာ ဖြစ်ကြောင်းယုံကြည်လျက် စိတ်အားထက်သန်မှု၊ တက်ကြွမှုတွေကို တိုးတက်လာစေနိုင်မှာဖြစ်ပါတယ်။

အစိုးရမှ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်လျက်ရှိရာမှာ ငြိမ်းချမ်းရေး၊ အမျိုးသားရင်ကြားစေ့ရေးတို့ကိုလည်း ကြိုးပမ်းအားထုတ်နေမှုများပါ။ နိုင်ငံ့ဝန်ထမ်းများရဲ့ အခန်းကဏ္ဍဟာလည်း လွန်စွာအရေးပါသည့်အတွက် ယခုအဆိုဟာ သင့်မြတ်လျော်ကန်တယ်လို့လည်း ယူဆမိပါတယ်။ နိုင်ငံ့ဝန်ထမ်းများ၏ကဏ္ဍပြုပြင်ပြောင်းလဲမှုများဖြစ်လာစေရေး၊ ကြိုးပမ်းအားထုတ်ကြတဲ့နေရာမှာ အခက်အခဲစိန်ခေါ်မှုများလည်း ရှိနိုင်ပါတယ်။ ဆယ်စုနှစ်များစွာ ကျင့်သုံးဆောင်ရွက်လာခဲ့ကြတဲ့ အကျင့်ဟောင်း၊ စနစ်ဟောင်းတွေဟာ အရိုးစွဲလာခဲ့ကြလို့ဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းများဟာ အစိုးရနှင့် ပြည်သူများအကြား ဆက်သွယ်ပေးတဲ့ ကြားခံဖြစ်သလို နိုင်ငံတော်ရဲ့ ပုံရိပ်၊ နိုင်ငံကိုကိုယ်စားပြု ထင်ဟပ်မယ့်သူများဖြစ်သည်နှင့်အညီ ပြည်သူများမှ နိုင်ငံ့ဝန်ထမ်းများအပေါ် ယုံကြည်လက်ခံလာနိုင်မှုမရှိပါက အစိုးရနှင့် ခေါင်းဆောင်များအပေါ်တွင်လည်း လူတို့ရဲ့ ယုံကြည်မှုများ လျော့နည်းပျောက်ကွယ်စေနိုင်ပါတယ်။ နိဂုံးချုပ်အနေဖြင့် အစိုးရမှ ပြည်သူ့ဝန်ထမ်းများအားလုံးကို သင့်တင့်သောလစာ၊ ကောင်းမွန်သောအခြေအနေများ ရရှိလာစေရန် အတတ်နိုင်ဆုံးကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း ကျွန်တော်တို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြောကြားထားပြီးဖြစ်သလို နိုင်ငံဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်(၂၀၁၇-၂၀၂၀)ကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိသဖြင့် ယခု ဒေါက်တာအေးမင်း တင်သွင်းထားတဲ့အဆိုအား အချိန်သင့်အခါကောင်းပါ။ အင်အားတစ်ခုဖြစ်ပါကြောင်း ထောက်ခံဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ချိုချို(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချို ဖြစ်ပါတယ်။ ခရမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမင်းရဲ့အဆိုအပေါ်မှာ ထောက်ပြအကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံ့ဝန်ထမ်းဟူသည် နိုင်ငံတော်ရဲ့အရေးကြီးသော အားကိုးအားထားပြုရာ အဖွဲ့ဖြစ်ပြီး ယင်းအခန်းကဏ္ဍမပါဘဲ နိုင်ငံတော်ကို မပြောင်းလဲ၊ မပြုပြင်နိုင်ပါဘူး။ မည်သည့်လုပ်ငန်းတွင် တာဝန်ထမ်းဆောင်နေသည်ပင်ဖြစ်စေ၊ နိုင်ငံသားဖြစ်လျှင် နိုင်ငံတော်နှင့် နိုင်ငံသား ပြည်သူလူထုကို သစ္စာရှိရမှာဖြစ်ပါတယ်။ သို့ရာတွင် ဝန်ထမ်းများကိုယ်တိုင်ကပင် သူတို့ဟာ အစိုးရကိုသာ သစ္စာခံရတဲ့ အစိုးရဝန်ထမ်းများဖြစ်ကြသည်ဟု ခံယူနေကြပြီး ထိုသို့သောသဘောထားကို အရိုးစွဲခဲ့ရာမှ ယခုအခါ ပြည်သူ့ဝန်ကိုထမ်းရသော၊ နိုင်ငံတော်ကိုသစ္စာခံရသော ပြည်သူ့ဝန်ထမ်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် ခံယူအသိအမှတ်ပြုရန် ခက်ခဲလာနေကြပါတယ်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အစိုးရဟာ ရွေးကောက်ပွဲရလဒ်များအရ ငါးနှစ်တစ်ကြိမ် အပြောင်းအလဲရှိတာကြောင့် သက်တမ်းအပြောင်းအလဲမရှိတဲ့ နိုင်ငံတော်နှင့် ပြည်သူများကိုသာ သစ္စာခံကာ နိုင်ငံ့အကျိုး၊ လူထုအကျိုးကို ဦးထိပ်ထားဆောင်ရွက်ရေးသည် ယနေ့ခေတ် ဝန်ထမ်းများအတွက် အခြေခံအကျဆုံးနဲ့ အရေးကြီးဆုံးကျင့်ဝတ်ဖြစ်ပါတယ်။ နိုင်ငံသားတို့အားလည်း နိုင်ငံတော်ဆိုင်ရာ သိအပ်၊ သိသင့်ထိုက်တဲ့အရာများကို အချိန်နှင့်တစ်ပြေးညီဖြည့်ဆည်းပေးခြင်းဖြင့် နိုင်ငံသားတို့အား အသိပညာ၊ ဗဟုသုတတိုးပွားအောင် ဖြည့်ဆည်းပေးရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ လက်ရှိမြေပြင် ပကတိမြေပြင်အခြေအနေတွေမှာတော့ အချို့သောဌာနများမှ ဝန်ထမ်းတွေဟာ ပြည်သူများသိရှိနားလည်စေရမယ့် ညွှန်ကြားချက်တွေ၊ စီမံကိန်းတွေကို ပွင့်လင်းမြင်သာစွာ ချမပြတဲ့အပြင် နားလည်လွယ်ကူအလုပ်ဖြစ်အောင် ကူညီဆောင်ရွက်ရှင်းပြပေးရမယ့် အစား ပညာပြခြင်းများ၊ လာဘ်လာဘမျှော်ကိုးခြင်းများအဖြစ်သာ မိမိလုပ်ဆောင်ရမယ့်အလုပ်တွေကို အချိန်ဆွဲဆောင်ရွက်ပေးခြင်းများရှိနေတဲ့အတွက်ကြောင့် ဌာနအသီးသီးမှာရှိတဲ့ အချို့သောဝန်ထမ်းများရဲ့ အပြုအမူ၊ လုပ်ဆောင်ချက်များမှာ ပြုပြင်ဆောင်ရွက်နေရန် လိုအပ်နေဆဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ အရည်အချင်းအလိုက် ချီးမြှင့်မြှောက်စားတဲ့စနစ်ကို အားကောင်းစေခြင်းဖြင့် အရည်အချင်းပြည့်ဝဆုံးသူကိုသာ အလုပ်ခန့်အပ်မှု သို့မဟုတ် ရာထူးတိုးမြှင့်ပေးမှုသည် တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့ဝတ္တရားများကို ထိရောက်စွာထမ်းဆောင်နိုင်စေရန် စည်းရုံးနိုင်မှာဖြစ်ပေမဲ့ အချို့နေရာတွေမှာ မိမိဆွေမျိုးသားချင်းများကိုသာ အလုပ်ခန့်အပ်ခြင်း၊ သတ်မှတ်ထားတဲ့ ငွေကြေးလာဘ်လာဘပေးနိုင်မှ အလုပ်ခန့်အပ်ပေးခြင်း၊ အပြောင်းအရွှေ့လုပ်ပေးခြင်းဆိုတဲ့ ယဉ်ကျေးမှုကြီးကလည်း မပျောက်မပျက်နိုင်သေးဘဲ ရှိနေပါတယ်။ အကျိုးဆက်အဖြစ် အလုပ်အကိုင်ရရှိရေးအတွက် ကုန်ကျတဲ့ ငွေကြေးကို ပြန်လည်ရရှိစေရန် ဝန်ထမ်းလောကမှာ အကျင့်ပျက်ခြစားမှုများဟာ မပျောက်ပျက်နိုင်ဘဲ ဖြစ်လို့နေပါတယ်။ ထို့အတွက်ကြောင့် ဝန်ထမ်းရွေးချယ်ခေါ်ယူမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေ ပိုမိုရှင်းလင်းလွယ်ကူမှုရှိရန် လိုအပ်သလို ရာထူးတိုးမြှင့်ပေးခြင်းနှင့် တာဝန်ကျရာနေရာကို သတ်မှတ်စေလွှတ်ခြင်းစနစ်တွေမှာလည်း ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် တရားမျှတမှုရှိအောင် ဆောင်ရွက်ရန် လိုအပ်နေဆဲဖြစ်ပါတယ်။ မြန်မာနိုင်ငံရှိ နိုင်ငံ့ဝန်ထမ်းလောကမှာ ပုဂ္ဂိုလ်ရေးအဆက်အသွယ်များသည် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု၏ အပိုင်းကဏ္ဍအများအပြားအပေါ် သက်ရောက်မှုရှိသည်ဟု ကျယ်ကျယ်ပြန့်ပြန့် လက်ခံယုံကြည်ထားခြင်းကိုလည်း ပြောင်းလဲလာအောင် လုပ်ဆောင်ရမှာဖြစ်ပါတယ်။ လူမှန်နေရာမှန်ဖြစ်ခြင်းနှင့် မိမိကြိုးစားအားထုတ်မှုနှင့် လုပ်ငန်းစွမ်းဆောင်ရည်ကိုသာအခြေခံ၍ ချီးမြှင့်မြှောက်စားခြင်းခံရမည်ဆိုသည်ကို ယုံကြည်စိတ်ချစေခြင်းဖြင့် လုပ်ငန်းစွမ်းဆောင်ရည်၊ တိုးတက်အောင် မြှင့်တင်ပေးရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဝန်ထမ်းများ လုပ်ခ၊ လစာနည်းပါးလို့ အကျင့်ပျက်ခြစားမှုများ ဖြစ်နေရတယ်ဆိုပေမဲ့ လစာအမြင့်ဆုံးရရှိတဲ့ ဝန်ထမ်းအချို့မှာလည်း တာဝန်ကိုလုပ်ပိုင်ခွင့်ထင်ကာ အကျင့်ပျက်ခြစားမှုများ ပိုမိုများပြားနေသည်ကို တွေ့နေရဆဲဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းများဟာ နိုင်ငံတော်အစိုးရရဲ့ ကိုယ်စားလှယ်များဖြစ်သည်သာမက ပြည်သူများပိုင်ဆိုင်တဲ့အရင်းအမြစ်များအား အထိရောက်ဆုံးနှင့် ဘက်လိုက်မှုအကင်းဆုံးနည်းလမ်းအဖြစ် အသုံးပြုရန် ယုံကြည်စွာအပ်နှံခြင်းခံရသူများဖြစ်ပြီး

ဝန်ထမ်းအဖွဲ့အစည်းအတွင်းမှ အသံများကိုလည်း နိုင်ငံတော်အစိုးရမှ အလေးပြု၍ အပြန်အလှန် ထိန်းညှိပေးသွားရန်လည်း လိုအပ်ပါတယ်။ အလုပ်နှင့်ဝန်ထမ်းအင်အားမမျှဘဲ မနိုင်ဝန်ထမ်းနေရတဲ့ ဌာနတွေမှာလည်း ဝန်ထမ်းအင်အားတိုးမြှင့်ပေးရမှာဖြစ်သလို ဝန်ထမ်းများအလုပ်ခွင်တွင် စိတ်ပါဝင်စားပျော်ရွှင်စွာ အလုပ်လုပ်နိုင်ရေးအတွက် လိုအပ်သည်များကိုလည်း ဖြည့်ဆည်းပေးရန် လိုအပ်လှပါတယ်။

နိဂုံးချုပ်အားဖြင့် သုံးသပ်တင်ပြလိုတာကတော့ ယခုအဆိုဟာ ဝန်ထမ်းတွေအတွက် လွန်စွာလိုအပ်တဲ့ Mind-set အတွက် စိတ်စေတနာအပြည့်နဲ့ တင်ပြခြင်းဖြစ်ပေမဲ့ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမယ်ဆိုတဲ့စကားလုံးကိုလည်း အောင်မြင်အောင် အကောင်အထည်ဖော်ရမှာဖြစ်ပါတယ်။ ကိုယ့်ဝင်ငွေ၊ ကိုယ့်အခြေအနေနဲ့ မရှိနိုင်တဲ့အခြေအနေတွေကို အဂတိတရားနဲ့ ဖန်တီးယူနေခြင်းများ မိမိတို့ရဲ့လုပ်ဆောင်ချက်များပြောင်းလဲနိုင်တဲ့ စိတ်စေတနာများကြောင့် ပြည်သူများက အစိုးရအား အထင်အမြင်လွဲမှားအောင် ဖန်တီးနေခြင်းများဟာလည်း ထိရောက်စွာပြုပြင်ရမယ့် အခြေအနေများဖြစ်လို့ ယခုလို အကြံပြုဆွေးနွေးရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်များ အဆိုကိုဆွေးနွေးတဲ့အခါမှာ အဆိုနှင့်တိုက်ရိုက်ပတ်သက်တဲ့ နည်းဥပဒေမှာပါတဲ့အတိုင်း ကျွန်တော် ထပ်ပြောပါမယ်။ အဆိုနှင့်တိုက်ရိုက်ပတ်သက်တဲ့ကိစ္စကိုပဲ ဆွေးနွေးကြပါ။ ဒါ နည်းဥပဒေ၊ ဥပဒေကို လိုက်နာဖို့ လိုပါတယ်။ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်က ဦးမြင့်လွင် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီကနေ့ ဒီမိုကရေစီစနစ်ကို ဦးတည်လျှောက်လှမ်းနေပါတယ်။ အားလုံးသိတဲ့အတိုင်း ဒီမိုကရေစီစနစ်ဆိုတာကတော့ အခြေခံအင်္ဂါရပ်တွေရှိပါတယ်။ အဲဒါကတော့ Responsibility ခေါ်တဲ့ တာဝန်သိမှုပေါ့။ နောက်တစ်ခုကတော့ Accountability ခေါ်တဲ့ တာဝန်ခံမှုပေါ့။ နောက်တစ်ခုကတော့ Transparency ခေါ်တဲ့ပွင့်လင်းမြင်သာမှုပေါ့။ ဒါပေမဲ့ ဝန်ထမ်းတွေလောကမှာ ကျွန်တော်တို့ရဲ့လွှတ်တော်ကိုယ်စားလှယ်အတွေ့အကြုံ နှစ်နှစ်တာကာလမှာ ပြန်သုံးသပ်တဲ့အခါမှာ ခုနကပြောတဲ့အင်္ဂါရပ်သုံးခုနဲ့ ဆန့်ကျင်နေတဲ့ အနုတ်လက္ခဏာဆောင်တဲ့ကိစ္စတွေ၊ အတွေးခေါ်တွေ ပြန့်ပွားနေတာလည်း ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။ အဲဒါကတော့ မလုပ်၊ မရှုပ်၊ မပြုတ်ဆိုတဲ့ မ သုံးလုံးအတွေးအခေါ်၊ ဝဝစား၊ ဝေးဝေးနေ၊ ဝင်မပါနဲ့ဆိုတဲ့ ဝ သုံးလုံးအတွေးအခေါ်၊ ခေါ်ရင်လာ၊ ခိုင်းတာလုပ်၊ ခံမပြောနဲ့၊ ခိုးစားဆိုတဲ့ ခ လေးလုံးအတွေးအခေါ် အဲဒီအတွေးအခေါ်တွေက ဒါဝန်ထမ်းတွေမှာ မရှိသင့်ပါဘူး။ သို့သော် အဲဒါတွေက လွှမ်းမိုးနေတာကို ကျွန်တော်တို့က တွေ့ရပါတယ်။ အဲဒီတော့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ကလည်း ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဆိုပြီးတော့ ဒီကြွေးကြော်သံများလုပ်ထားပါတယ်။ ဒါဟာ တကယ်အင်မတန်မှန်ကန်တဲ့ကြွေးကြော်သံဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ဝန်ထမ်းဆိုတာ နိုင်ငံတော်အစိုးရကို တာဝန်ခံရတာဖြစ်ပါတယ်။ အဲဒီတော့ ဝန်ထမ်းတွေရဲ့လုပ်ဆောင်ချက်က နိုင်ငံတော်အစိုးရအပေါ်မှာ သက်ရောက်မှုရှိပါတယ်။ ဝန်ထမ်းတွေက ကောင်းကောင်းလုပ်ရင် နိုင်ငံတော်အစိုးရက ပုံရိပ်ကောင်းပါတယ်။ ဝန်ထမ်းတွေ ဆိုးလို့ရှိရင်

နိုင်ငံတော်အစိုးရကလည်း အပြစ်ပြောခံရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အာရှတိုက်ရဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ဖွံ့ဖြိုးတိုးတက်မှုတွေကို နှစ်ပေါင်း ၆၀ ကျော်လောက် လေ့လာနေတဲ့ Asia Foundation အဖွဲ့ရဲ့ ၂၀၁၅ ခုနှစ် ဇွန်လထုတ် Report တစ်ခုမှာ ကျွန်တော်တို့ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုပြီးတော့ အကြံပြုချက်ခြောက်ခုတင်ပြခဲ့ပါတယ်။ အဲဒီထဲမှာလည်း ဘာပါလဲဆိုတော့ တစ်ချက်က နိုင်ငံ့ဝန်ထမ်းကဏ္ဍတွင် အရည်အချင်းအလိုက် မြှောက်စားမှုကိုအခြေပြုသည့် လုပ်ငန်းကျွမ်းကျင်သော နိုင်ငံ့ဝန်ထမ်းကဏ္ဍတစ်ရပ်အဖြစ် မြှင့်တင်ဆောင်ရွက်ရေးဆိုတာက ဝန်ထမ်းတွေနဲ့ပတ်သက်ပါတယ်။ ခရမ်းမဲဆန္ဒနယ်က ဒေါက်တာအေးမင်းတင်သွင်းတဲ့အဆိုနဲ့က ဒါထင်ဟပ်နေပါတယ်။ လက်ရှိအခြေအနေမှာ ကျွန်တော်တို့နိုင်ငံက ဝန်ထမ်းတွေရဲ့အခြေအနေသာ တစ်ကမ္ဘာလုံးဆိုင်ရာ Ranking ကို ဘယ်လိုဖော်ပြထားလဲဆိုတော့ နိုင်ငံ့ဝန်ထမ်း ကမ္ဘာ့အရည်အသွေးနဲ့ပတ်သက်ပြီးတော့ အနိမ့်ဆုံးကို အဆင့်(၁)၊ အမြင့်ဆုံးကို (၆)ထားတဲ့အခါ ကျွန်တော်တို့နိုင်ငံရဲ့ဝန်ထမ်းတွေရဲ့ အဆင့်က ၂.၇ ရှိပါတယ်။ ဗီယက်နမ်ကတော့ ၃.၅၊ လာအိုက ၃.၁၊ ဘင်္ဂလားဒေ့ရှ်က ၂.၉၊ ကမ္ဘောဒီးယားက ၂.၈ အဲဒီတော့ ဒီလေးနိုင်ငံနှင့်နှိုင်းယှဉ်တဲ့အခါ ကျွန်တော်တို့က အနိမ့်ဆုံးဖြစ်နေပါတယ်။ အဲဒီတော့ နိုင်ငံတော်အစိုးရက ဘယ်လောက်ပဲကောင်းတဲ့မူဝါဒတွေ ချမှတ်သည်ဖြစ်စေ ဝန်ထမ်းတွေက လိုက်ပါပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်မှသာ ကျွန်တော်တို့က အောင်မြင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့လွှတ်တော်ကြီးကနေပြီးတော့ ဘတ်ဂျက်တွေ တောင်းပေးတယ်၊ ချပေးလိုက်တယ်၊ ဘတ်ဂျက်တွေက အုန်းသီးလောက်ချပေးလိုက်တယ်။ အောက်ရောက်တဲ့အခါ ဆီးသီးလောက်ဖြစ်သွားတယ်။ အဲဒီတော့အဆင့်ဆင့်မှာ ဒီလိုတွေဖြစ်နေတာတွေလည်းရှိပါတယ်။ အဲဒီတော့ ဒါတွေကိုလည်း ကျွန်တော်တို့က ပြုပြင်ရမှာဖြစ်ပါတယ်။ ပြုပြင်တဲ့တစ်ချိန်ထဲမှာ ကျွန်တော်တို့က ခုနက ဆရာဒေါက်တာအေးမင်း တင်သွင်းတဲ့အဆိုအတိုင်းပဲ ကျွန်တော်တို့က ချီးမြှင့်မြှောက်စားမှုတွေကိုလည်း တစ်ချိန်တည်းမှာလုပ်ရမှာပါ။ အဲဒီတော့ ကျွန်တော်တို့ လူသားတွေနဲ့ပတ်သက်ပြီးတော့ ကျင့်သုံးတဲ့အခါမှာတော့ Stick and Carrot ပေါ့။ ကျွန်တော်တို့တုတ်နဲ့မုန်လာ။ ပြည်သူလူထုဘက်ကို မျက်နှာမူတဲ့ဝန်ထမ်းတွေကိုတော့ ကျွန်တော်တို့က မုန်လာဥနဲ့တူတဲ့ချီးမြှင့်မြှောက်စားမှုတွေ လုပ်ရပါတယ်။ ပြည်သူလူထုကိုကျောခိုင်းတဲ့၊ ပြည်သူလူထုကိုနှိပ်စက်ဖိစီးညှဉ်းပန်းတဲ့ဝန်ထမ်းတွေကိုတော့ ကျွန်တော်တို့က Stick တုတ်နဲ့တူတဲ့ပစ်ဒဏ်တွေ ချမှတ်ရပါတယ်။ ဒီလိုကျွန်တော်တို့က ဆုပေးဒဏ်ပေးစနစ်တွေနဲ့သွားမှသာလျှင် ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီစနစ်က အောင်မြင်မှာပါ။ အခုအတွေ့အကြုံအရကျွန်တော်တို့ပြောလိုက်လို့ရှိရင် ကျွန်တော်တို့ နှစ်နှစ်တာကာလတွင်းမှာ ဝန်ထမ်းတွေနဲ့ကျွန်တော်တို့ဆက်ဆံရပါတယ်။ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရပါတယ်။ ဆောင်ရွက်တဲ့အခါမှာ သူတို့ကိုယ်သူတို့ ပြုပြင်ပြောင်းလဲပြီးတော့ ခေတ်နဲ့အညီ ကြိုးစားပြီးတော့ ပြောင်းလဲတဲ့ဝန်ထမ်းတွေလည်း တွေ့ရပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင်တော့ ဒါအများစုပါပဲ။ သို့သော် သူတို့ကိုယ်သူတို့ပြုပြင်ပြောင်းလဲခြင်းမရှိဘဲနဲ့ ယခင်ခေတ်ဟောင်းအတိုင်းပဲနေပြီးတော့ ခေတ်ဟောင်းအတိုင်းပဲသွားပြီးတော့ ခေတ်ဟောင်းအတိုင်းပဲ ပြည်သူလူထုအပေါ်မှာ ဗိုလ်ကျစိုးမိုးပြီးတော့ မင်းစိုးရာဇာဆန်ဆန်နဲ့သွားနေတဲ့ဝန်ထမ်းတွေလည်းရှိပါတယ်။ ဒါကတော့ အနည်းစုပါပဲ။ ကျွန်တော်တို့ကလည်း ပေါင်းစပ်ညှိနှိုင်းပြီးတော့ စည်းရုံးတဲ့နည်းနဲ့အဓိကအားဖြင့် သုံးပြီးတော့ ကျွန်တော်တို့က ဝန်ထမ်းတွေကို ပြုပြင်ပြောင်းလဲအောင်လုပ်နေပါတယ်။ ဒါကြောင့်မို့လို့

ကျွန်တော်တို့ဝန်ထမ်းတွေကို ပြုပြင်ပြောင်းလဲတဲ့နေရာမှာ ခရမ်းမဲဆန္ဒနယ်က ဒေါက်တာအေးမင်း တင်သွင်းတဲ့ ဂုဏ်ပြုချီးမြှင့်မှုတွေ၊ ချီးမြှင့်မြှောက်စားမှုတွေလုပ်ရမယ်ဆိုတာကို သဘောတူပါတယ်။ ကျောင်းသားတွေမှာလည်း လူရည်ချွန်တွေလုပ်သလို အရင်ခေတ်ကလည်း ဆိုရှယ်လစ် လုပ်သားခေါင်း တို့၊ စံပြလုပ်သားတို့လုပ်သလို အခုခေတ်မှာလည်း လုပ်ပေးဖို့လိုပါတယ်။ လုပ်တဲ့အခါမှာ ကျွန်တော်တို့ အသင်းအဖွဲ့နဲ့ဖွဲ့ပြီးတော့ စစ်ဆေးအကဲဖြတ်ဖို့လိုပါတယ်။ အဲဒီအသင်းအဖွဲ့ထဲမှာ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ ပါဝင်ပြီးတော့ ဒီအသင်းအဖွဲ့ကနေပြီး တော့ ဘက်လိုက်ခြင်းမရှိ၊ မျက်နှာလိုက်ခြင်းမရှိဘဲနဲ့ အကဲဖြတ်ဖို့အတွက် အဲဒီလိုအသင်းအဖွဲ့မျိုးကို လည်း ထူထောင်ပြီးတော့ ဖွဲ့စည်းသင့်တယ်ဆိုတာကို အကြံပြုရင်းနဲ့ ဒေါက်တာအေးမင်းရဲ့အဆိုကို ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတင်ထွေး(ဝေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ် ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာအေးမင်းရဲ့အဆိုနှင့်ပတ်သက်ပြီးတော့ ကျွန်တော် ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ ဒီကနေ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလကြီးကို ဖြတ်ကျော်နေတဲ့အချိန်မှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ဖြစ်စဉ်ကြီးအောင်မြင်ဖို့ဆိုတာ အစိုးရယန္တရားတစ်ခုတည်းနဲ့မအောင်မြင်ပါဘူး။ ပြည်သူပါပါရမှာပါ။ အဓိကအနေနဲ့ အစိုးရရဲ့ယန္တရားကြီးမှာ ပင်နယန်ကဲ့သို့လှည့်ပတ်နေတဲ့နိုင်ငံ့ဝန်ထမ်းများကလည်း ဝန်ထမ်းစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်သူနှင့်အစိုးရပေါ်မှာ သစ္စာရှိပြီးတော့ လုပ်ဆောင်ကြမယ်ဆိုရင်တော့ ကျွန်တော်တို့ရဲ့အသွင်ကူးပြောင်းရေးကာလကြီးဟာ အောင်မြင်မှာ ဖြစ်ပါတယ်။ ရှေ့ကလည်းအားလုံးပြောသွားပြီးဖြစ်ပါတယ်။ ဝန်ထမ်းကောင်းမှ တိုင်းပြည်ကောင်းမှာ ပါ။ ဒါ ကျွန်တော်တို့ သင်တန်းကျောင်းတွေမှာလည်း ဒီဆိုင်းဘုတ်ကြီးတွေကို နေရာတိုင်းတွေ့ရပါတယ်။ ဝန်ထမ်းမကောင်းလို့ရှိရင်တော့ အစိုးရခေါင်းဆိုတာတော့ဆိုင်းဘုတ်မရှိသော်လည်းဘဲ ဝန်ထမ်းတွေအောက် မှာ လုပ်ချင်ရာလုပ်နေချင်သလိုနေလုပ်ကြမယ်ဆိုလို့ရှိရင် အစိုးရအပေါ်မှာပဲ တာဝန်တွေကျပါတယ်။ အစိုးရ ရဲ့မူဝါဒလမ်းစဉ်တွေ ဘယ်လိုပဲကောင်းကောင်း တကယ်တမ်းပြည်သူတွေမှာ အနီးကပ်အစိုးရရဲ့ တာဝန်တွေကိုထမ်းဆောင်ကြရတဲ့ ဝန်ထမ်းတွေပေါ်မှာ များစွာတည်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီကနေ့တွေ့နေရတာ အစိုးရဝန်ထမ်းတွေဟာ ခေတ်စနစ်ကြီးပြောင်းလာတဲ့အပေါ်မှာ လှေကြုံစီး သလိုလိုက်နေကြတဲ့ဝန်ထမ်းတွေရှိသလို မလုပ်မရှုပ်မပြုတ်ဆိုတဲ့ နေသာသလိုနေကြတဲ့ဝန်ထမ်းတွေ လည်း များစွာရှိပါတယ်။ အတိတ်ကိုလုံးဝမကြည့်ဘဲနဲ့ ခဏတာအရေးအတွက်ကို မိသားစုအရေး အတွက်ကိုပါ ဖိမ်ခံပြီးတော့ စားနေကြတဲ့ဝန်ထမ်းတွေလည်း အများကြီးရှိပါတယ်။ အဲဒီတော့ ဒီလို ရှိတဲ့အခါကြတော့ ကျွန်တော်တို့ရဲ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလကြီးက ရွှေ့အားဟာ နည်းမယ်လို့ပဲ ကျွန်တော်တို့ ဒီလိုပဲသုံးသပ်တာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ဝန်ထမ်းတွေဆိုတာဟာ ခေတ်အဆက်ဆက်မှာ လုပ်ခဲ့ကိုင်ခဲ့ရတဲ့အတွေ့အကြုံတွေနဲ့ကြည့်တဲ့အခါမှာ

ကျွန်တော်တို့ ပြီးခဲ့တဲ့ခေတ်ကာလတွေမှာ တချို့နေရာတွေမှာ ဝန်ထမ်းတွေကို ခါးပိုက်ဆောင်တပ်တွေလိုထားပြီးတော့ ခိုင်းစေတဲ့လူက သူ့ရဲ့တပည့်လက်သားမြေးအဖြစ် သူ့ရဲ့အကျိုးတရားကိုပါ အခြေခံပြီးတော့ ခိုင်းခဲ့တာပါ။ အဲဒီခိုင်းစေခြင်းခံခဲ့ရတဲ့ဝန်ထမ်းတွေတော်တော်များများဟာ ခေါက်ရိုးတွေကျိုး သံချေးတွေတက်ပြီးတော့ ဒီကနေ့ ခေတ်ရဲ့ပြောင်းလဲမှုကို အလေးမထား ဂရုမစိုက်ဘဲနဲ့ ဆောင်ရွက်မြဲဆောင်ရွက်နေတာ တွေ့ရပါတယ်။ လာဘ်ပေးလာဘ်ယူကိစ္စတွေဆိုလို့ရှိရင် ကျွန်တော်တို့ အခုအချိန်ထိအောင် တော်တော်များများတွေ့ရပါတယ်။ ဘာနဲ့တူသလဲဆိုတော့ ဆွမ်းတောင်းကို ကျီးကန်းနှိုက်သလို လစ်ရင်လစ်သလိုလုပ်နေကြတဲ့သူတွေ။ အဲဒီတော့ ဒါတွေကို ကျွန်တော်တို့ပြုပြင်နိုင်ဖို့အတွက်က ဆရာဦးအေးမင်းက သူ့ရဲ့ကြုံစည်လို့ရတဲ့ အဓိကကတော့ တိုင်းပြည်ပေါ်မှာ စိတ်ကောင်းစေတနာကောင်းထားပြီးတော့ ဘယ်လိုလေးတွေများလုပ်ရင် ကောင်းမလဲဆိုတဲ့ဟာကို အကြံရပြီးတော့ ဒီအဆိုကို တင်သွင်းတာဖြစ်တဲ့အတွက် သူ့ရဲ့အပေါ်မှာ များစွာလေးစားမိပါတယ်။

ထို့အတူပဲ ကျွန်တော်တို့ဝန်ထမ်းတွေမကောင်းလာသေးသမျှ ပြည်သူက ပြောလာတဲ့နေရာမှာ ရွှေသမင်ဘယ်ကထွက် မင်းကြီးတာကထွက် ဒါအစိုးရရဲ့ထိန်းချုပ်မှုနည်းလို့ပဲဆိုတာတွေက ဒါကျွန်တော်တို့အစိုးရကို တစ်ဖက်ကပြန်ပြောတာတွေရှိပါတယ်။ ဒီလိုအဖြစ်အပျက်တွေ ကျွန်တော်တို့ ချုပ်ငြိမ်းဖို့ဆိုတာကတော့ ကျွန်တော်တို့ဘက်က တစ်နည်းတစ်လမ်းနဲ့ရှာကြံကြမယ်ဆိုလို့ရှိရင် ဒီအဆိုမှာပါသွားတဲ့အကြောင်းအရာတွေအားလုံးဟာလည်းပဲ ပြီးခဲ့တဲ့တစ်ခေတ်မှာ ဆုပေးဒဏ်ပေးတွေလုပ်တယ်။ လုပ်ပေးတဲ့အခါကျတော့ လုပ်သားသူရဲကောင်းတွေ ဆင်းပြီးတော့ ပြောကြတယ်၊ လုပ်ကြကိုင်ကြတာရှိပါတယ်။ ဒီလိုလုပ်ခဲ့ကြတဲ့အခါမှာ ကျွန်တော်တို့ဝန်ထမ်းတွေဟာ ဒီနေ့ လက်ရှိအခြေအနေကတော့ ယခင်လုပ်ခဲ့တဲ့အစိုးရတွေလက်ထက်ကတော့ ဘယ်လောက်ကောင်းတယ် မကောင်းတယ်ကျွန်တော်တို့မသိပါဘူး။ သို့သော်လည်းပဲ ဒီနေ့ဝန်ထမ်းနဲ့ပတ်သက်ပြီးတော့ သီးခြားလုပ်ဆောင်ချက်မရှိတဲ့အခါကြတော့ လစာနည်းတယ်ဆိုတဲ့ပုံစံပေါ်မူတည်ပြီးတော့ ကျွန်တော် ခုနကတင်ပြသွားသလိုပဲ ဆွမ်းတောင်းကိုကျီးကန်းနှိုက်သလို လစ်ရင်လစ်သလိုဝင်တိုက်ပြီးတော့ ပြည်သူတွေဒုက္ခရောက်နေကြတာဖြစ်ပါတယ်။ အဲဒီဒဏ်သည် ကျွန်တော်တို့အစိုးရပေါ်မှာ ပြန်ပြီးတော့ ခံခဲ့ရတာဖြစ်ပါတယ်။ အဲဒီတော့ ဒီဟာနဲ့ပတ်သက်လို့ ကျွန်တော်တို့ဘယ်လိုလုပ်ကြမလဲလို့ပြောမယ်ဆိုလို့ရှိရင်တော့ စဉ်းစားတဲ့အခါမှာ ပြည်သူနဲ့အစိုးရရဲ့ကြားမှာ ပြည်သူက အစိုးရပေါ်မှာယုံကြည်မှုခိုင်မာလာဖို့ဆိုတာ အဓိကဟာ ဝန်ထမ်းပဲဖြစ်ပါတယ်။ ဝန်ထမ်းပဲဖြစ်တဲ့အတွက် ဝန်ထမ်းတွေနဲ့ပြည်သူနဲ့ဆက်ဆံတဲ့အခါမှာ ယခင်ကအတိုင်းပဲ ပြည်သူ့ဆန်ကိုစားရတယ်ဆိုတာကို မေ့ပြီးတော့ ပြည်သူ့အကျိုးကို သူတို့ကပဲ ဆုံးဖြတ်ပေးနေရသလိုလို၊ သူတို့ကျွေးတဲ့ဆန်ကိုပဲ ပြည်သူက စားနေရသလိုလို အဲဒီလိုစိတ်ဓာတ်တွေရှိတဲ့ဝန်ထမ်းတွေကို ကျွန်တော်တို့ ခုနတုန်းက ဒေါက်တာအေးမင်းတင်တဲ့အဆိုမှာလိုပဲ သူတို့ကို အခွင့်အရေးတစ်စုံတစ်ရာပေးပြီးတော့ အဲဒီပေးတဲ့အခွင့်အရေးပေါ်မှာ ကျန်တဲ့ဝန်ထမ်းတွေကလည်းပဲ လိုက်ပြီးတော့ အတုခိုးကြမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ များစွာအဆင်ပြေနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့နောက်ဆုံးတင်ပြလိုတာကတော့ နိုင်ငံ့ဝန်ထမ်းတွေပေါ်မှာ ကျွန်တော်တို့အစိုးရအနေနဲ့လျစ်လျူရှုထားတယ်လို့မပြောလိုပါဘူး။ သို့သော်လည်းပဲ ဟိုးအောက်က သမ္မန်စာပို့တဲ့ပြာတာအဆင့်ကနေ ညွှန်ကြားရေးမှူးချုပ်(အတွင်းဝန်)အထိကို ပြုပြင်ပြောင်းလဲနိုင်

ရေးအတွက် အစိုးရအနေနဲ့ တစ်နည်းတစ်ဖုံဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာဖြင့်တိုက်တွန်းရင်းနဲ့အဆိုကိုထောက်ခံအပ်ပါတယ်။ အားလုံးကိုလေးစားပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာ စားသုံးရန်အတွက် အစည်းအဝေးကို ခေတ္တရပ်နားပါမယ်။ နေ့လယ် ၁ နာရီအချိန်မှာ အစည်းအဝေး ပြန်လည်စတင်မှာဖြစ်ပါတယ်။

**အချိန်၊ ၁၂း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၂း၀၀ နာရီအချိန်တွင် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဂွမဲဆန္ဒနယ်မှ ဦးမြင့်ဝေ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ဝေ(ဂွမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဝေ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမင်းရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတစ်နိုင်ငံကို အုပ်ချုပ်ရတဲ့အစိုးရတစ်ရပ်အနေနဲ့ အဲဒီနိုင်ငံရဲ့ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးစသည်ဖြင့် အရေးပေါင်းများစွာကို တာဝန်ယူ၊ တာဝန်ခံရတာဖြစ်ပါတယ်။ လက်ရှိအုပ်ချုပ်နေသောအစိုးရအနေနဲ့ အဲဒီအရေးတွေသာမက ဒီမိုကရေစီစနစ် အောင်မြင်အောင်ဖော်ဆောင်ရေးကိုလည်း တာဝန်ရှိနေပြီးဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းများဟာ အစိုးရနှင့်ပြည်သူများကြားမှာ ပြည်သူအားလုံးရဲ့အကျိုးစီးပွားအတွက် ဝန်ကြီးဌာနအသီးသီးရဲ့ရည်ရွယ်ချက်၊ ရည်မှန်းချက်များ အကောင်အထည်ဖော်ဖို့အတွက် ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ပေးရသော လူ့အဖွဲ့အစည်းရဲ့အရေးပါလှသော အခန်းကဏ္ဍမှာ ရှိနေပါတယ်။ ဒီလိုအရေးပါလှတဲ့လူ့အဖွဲ့အစည်းကြီးဟာ အလုပ်ဝင်တဲ့နေ့မှစ၍ အလုပ်မှအနားယူသည်အထိ ကြားကာလတစ်လျှောက်လုံးမှာ ရာထူးတိုးခြင်း၊ နေရာဒေသပြောင်းရွှေ့တာဝန်

ထမ်းဆောင်ရခြင်းအပြင် အခြားသောစိတ်ဝင်စားစရာအစီအစဉ်များမရှိရင် ပျင်းရိငြီးငွေ့စရာကောင်းမှာဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းများဟာ ခေတ်ဆိုး၊ စနစ်ဆိုးများကို ဖြတ်သန်းလာခဲ့ရပြီးအလျောက် တစ်မိန့်တစ်အာဏာအောက်မှာ အကျင့်ပျက်ခြစားမှုနှင့် နာမည်ကြီးခဲ့ပါတယ်။ Transparency International ရဲ့ ၂၀၁၄ ခုနှစ် Corruption Perceptions Index အရ ကမ္ဘာ့အကျင့်ပျက်ခြစားတဲ့နိုင်ငံ ၁၅၇ နိုင်ငံအနက်အဆင့်(၁၅၆)ကို ရောက်ခဲ့ပါတယ်။ နိုင်ငံအတွက် အရေးပါလှတဲ့ ဝန်ထမ်းအဖွဲ့အစည်းကြီးဟာ ပျင်းရိငြီးငွေ့စရာလည်းကောင်း၊ အကျင့်ပျက်ခြစားစရာလည်း အများအပြားရှိနေသည်မို့ နိုင်ငံ့ဝန်ထမ်းတို့၏စိတ်ဓာတ်ကို ပြုပြင်ပြောင်းလဲမြှင့်တင်ပေးဖို့ လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအချိန်မှာ တင်လာတဲ့ ဒေါက်တာအေးမင်းရဲ့အဆိုဟာ လက်ရှိအခြေအနေ၊ အချိန်အခါနှင့်ကိုက်ညီမှုရှိတယ်လို့ ရှုမြင်သုံးသပ်မိပါတယ်။ ဒီမိုကရေစီစနစ်ကို အောင်မြင်အောင်ဖော်ဆောင်ဖို့အတွက် ဒီမိုကရေစီစနစ်သည် ကျင့်စဉ်လို့ဆိုသည့်အလျောက် လူတစ်ဦးချင်းရဲ့စိတ်နေသဘောထားအပေါ် အခြေခံဖို့လိုအပ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတစ်ဦးချင်းရဲ့စိတ်နေသဘောထားအပေါ်မှာအခြေခံဖို့ ပိုမိုလိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံ့ဝန်ထမ်းတစ်ဦးချင်းရဲ့စိတ်နေသဘောထားကို ပြုပြင်ပြောင်းလဲပေးဖို့ လိုအပ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတစ်ဦးချင်းရဲ့စိတ်ကို ပြုပြင်ပြောင်းလဲပေးဖို့ဆိုတာလည်းပဲ လူကို စိတ်ကအုပ်ချုပ်ပါတယ်။ စိတ်ကို ပညာက အုပ်ချုပ်ပါတယ်။ ပညာကို ဗဟုသုတက အုပ်ချုပ်ပါတယ်။ အရာအားလုံးကိုတော့ စာရိတ္တက အုပ်ချုပ်ပါတယ်။ စာရိတ္တကို ပြုပြင်ဖို့ဆိုတာကလည်းပဲ မသန့်ရှင်းသောလက်ကို သန့်ရှင်းသောလက်ဖြင့်ဆေးကြောရ၏။ မကောင်းသောစိတ်ကို ကောင်းသောစိတ်ဖြင့် ဆေးကြောရ၏ ဆိုသကဲ့သို့ ကောင်းမွန်သောဝန်ထမ်းများကို ဘွဲ့တံဆိပ်၊ အဆောင်အယောင်များ၊ အပန်းဖြေလေ့လာရေးခရီးစဉ်များ၊ နိုင်ငံရပ်ခြားပညာတော်သင်ခရီးစဉ်များနှင့် အခြားသောဂုဏ်ပြုချီးမြှင့် အသိအမှတ်ပြုမှုများ ပြုလုပ်ပေးခြင်းဖြင့် ကောင်းမွန်သောဝန်ထမ်းများကို မကောင်းသောဝန်ထမ်းများက စံနမူနာထားပြီးတော့ လေးစားပြောင်းလဲလာမှာဖြစ်တယ်လို့ယုံကြည်မိပါတယ်။ မြန်မာနိုင်ငံမှဝန်ထမ်းများ အကျင့်ပျက်ခြစားတယ်လို့ဆိုလိုက်ရုံနဲ့ အားလုံးကိုပြောလိုက်သလို အဓိပ္ပာယ်သက်ရောက်နေပါတယ်။ တကယ်တော့ အားလုံးမဟုတ်ပါဘူး။ ရိုးရိုးသားသားကြိုးစားနေကြတဲ့ဝန်ထမ်းများ၊ ဌာနတိုင်း၊ ဌာနတိုင်း၊ အဆင့်တိုင်း၊ အဆင့်တိုင်းမှာဆိုသလိုပဲ ရှိနေပါတယ်။ ရိုးရိုးကျင့် မြင့်မြင့်ကြံ၊ မှန်တာလုပ် ဟုတ်တာပြော၊ ဘယ်သူကောင်းကောင်း၊ မကောင်းကောင်း ကိုယ်ကောင်းအောင်နေ၊ ကိုယ်ကောင်းရင် ကိုယ်ခေါင်းဘယ်မှ မရွှေ့ဘူးဆိုတဲ့အဆုံးအမတွေအတိုင်း လိုက်နာခဲ့ကြတဲ့သူတွေပါ။ အင်မတန်မှ လေးစားစရာကောင်းလှပါတယ်။

တာဝန်သိသိ၊ သစ္စာရှိရှိနဲ့ ရိုးသားစွာကြိုးစားနေကြတဲ့ဝန်ထမ်းများကို အသိအမှတ်ပြုဂုဏ်ပြုချီးမြှင့်တဲ့အစီအစဉ်များဖြင့် ဘွဲ့တံဆိပ်အဆောင်အယောင်များ၊ အပန်းဖြေလေ့လာရေးခရီးစဉ်များ၊ နိုင်ငံရပ်ခြားခရီးစဉ်များနှင့် အခြားသောဂုဏ်ပြုအသိအမှတ်ပြုအစီအစဉ်များ ပြုလုပ်ပေးခြင်းဟာ အင်မတန်မှ သင့်လျော်တယ်လို့ ယုံကြည်မိပါတယ်။ ဒီအစီအစဉ်အတွက် ကုန်ကျစရိတ်တစ်ရပ်ရှိနေမှာဖြစ်ပေမဲ့ အဆိုရှင်ရဲ့တင်ပြချက်ထဲမှာ သင့်လျော်သည့်အရေအတွက်လို့ဆိုထားတဲ့အတွက် နိုင်ငံတော်အစိုးရရဲ့ဘတ်ဂျက်သုံးစွဲနိုင်မှုနှင့်တိုင်းတာပြီး အကောင်အထည်ဖော်မယ်ဆိုပါက အခက်အခဲမရှိနိုင်ဘဲ တိုင်းပြည်အတွက် အကျိုးရှိမယ်လို့ ယုံကြည်မိပါတယ်။ ဒါကြောင့်မို့လို့ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်း

မဲဆန္ဒနယ်မှ ဒေါက်တာအေးမင်းရဲ့နိုင်ငံ့ဝန်ထမ်းများအတွင်း သတ်မှတ်အရည်အချင်းနှင့်ပြည့်မီပြီး ထူးချွန်စွာတာဝန်ထမ်းဆောင်နိုင်သူများမှ သင့်လျော်သည့်အရေအတွက်ကို ဘွဲ့တံဆိပ်အဆောင်အယောင်များ၊ အပန်းဖြေလေ့လာရေးခရီးများ၊ နိုင်ငံရပ်ခြားခရီးစဉ်များနှင့် အခြားသောဂုဏ်ပြုချီးမြှင့်အသိအမှတ်ပြုမှုများ ပြုလုပ်ပေးခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းတို့၏စိတ်ဓာတ်နှင့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းသည့်အဆိုကို ဝန်ထမ်းများ၏လုပ်ငန်းခွင်ပျော်ရွှင်စေရန်လည်းကောင်း၊ ဒီမိုကရေစီစနစ်ဖော်ဆောင်ရာတွင် အထောက်အကူဖြစ်စေရန်လည်းကောင်း စေတနာကောင်းများဖြင့် ထောက်ခံလိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးတင်ကိုကိုဦး(ဘီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသောဝန်ကြီးများနှင့် လာရောက်လေ့လာသောသူအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦး ဖြစ်ပါတယ်။ အခု ခရမ်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမင်းရဲ့ နိုင်ငံ့ဝန်ထမ်းများအတွင်း သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပြီး ထူးချွန်စွာတာဝန်ထမ်းဆောင်သူများမှ သင့်လျော်သော ဝန်ထမ်းအရေအတွက်ကို ဘွဲ့တံဆိပ်အဆောင်အယောင်များ၊ အပန်းဖြေလေ့လာရေးခရီးများ၊ နိုင်ငံရပ်ခြားပညာတော်သင်ခရီးစဉ်များနှင့် အခြားသောဂုဏ်ပြုချီးမြှင့်အသိအမှတ်ပြုမှုများ ပြုလုပ်ပေးခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းများ၏ စိတ်ဓာတ်နှင့် လုပ်ငန်းစွမ်းဆောင်ရည်တို့ကို မြှင့်တင်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ထမ်းတွေကို သတ်မှတ်တဲ့အရည်အချင်းနဲ့ ဝန်ထမ်းအရေအတွက်ဆိုတဲ့အတွက်ကြောင့် ဒီမှာကျွန်တော်တို့က ပြိုင်ဆိုင်မှုတွေပါပါတယ်။ အဲဒီအခါကျတော့ နိုင်ငံ့ဝန်ထမ်းတွေကို စံပြအဖြစ်နဲ့ ရွေးချယ်တာဟာ ကောင်းပါတယ်။ အဆိုရှင်ရဲ့ ရည်ရွယ်ချက်ဟာလည်း အင်မတန်ကောင်းပါတယ်။ သို့သော် ဒီအဆိုရှင်ရဲ့ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဖို့အတွက် ရွေးချယ်တဲ့နေရာမှာ ဘယ်လိုရွေးချယ်မလဲ။ ဘယ်သူတွေက ရွေးချယ်မလဲဆိုတဲ့ဟာကလည်း ကျွန်တော်တို့အတွက်သတိထားဖို့ လိုအပ်ပါတယ်။ ဘာလို့လဲဆိုတော့ ရွေးချယ်ခြင်းနဲ့ပြောမယ်ဆိုရင် ရွေးချယ်သင့်တဲ့လူကို မရွေးချယ်တာဟာ ပြဿနာမဟုတ်ပါဘူး။ ဝန်ထမ်းတစ်ယောက်အတွက်ပဲ ပြဿနာရှိပေမဲ့ မရွေးချယ်သင့်တဲ့လူကိုရွေးချယ်လိုက်ရင်တော့ အဲဒီမရွေးချယ်သင့်ဘဲနဲ့ ရွေးချယ်ခံရတဲ့သူဟာ စံပြဖြစ်သွားရင် အဲဒါဟာ အဲဒီဌာနအတွက်၊ ဝန်ထမ်းလောကအတွက် အင်မတန်နစ်နာပါတယ်။ နောက်တစ်ခုက စံပြနမူနာယူရမှာဖြစ်တဲ့အတွက်ကြောင့် ဝန်ထမ်းကြားထဲမှာ အင်မတန်ကသိကအောက်ဖြစ်စရာဖြစ်တဲ့အတွက်ကြောင့် ဒါကို ကျွန်တော် အကြံပြုထောက်ပြခြင်းဖြစ်ပါတယ်။ နောက်တစ်ခုက လက်ရှိဝန်ထမ်းတွေရဲ့စောစောကပြောတဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာနဲ့ စိတ်ဓာတ်နှင့် လုပ်ငန်းစွမ်းရည်လို့ပြောတဲ့အခါကျတော့ စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ ဒါဆိုရင် ဝန်ထမ်းတွေရဲ့လက်ရှိလိုအပ်ချက်တွေဟာ ဘာလဲဆိုတာကိုလည်း ကျွန်တော်တို့ စဉ်းစားဖို့လိုပါတယ်။ ဒီအချိန်မှာကျွန်တော်တို့ဝန်ထမ်းတွေဟာ ခေတ်အဆက်ဆက်မှာ အစိုးရ၊ ဝန်ထမ်းအကြီးအကဲတွေကနေပြီးတော့

မူကြမ်း

နှုတ်မိန့်နဲ့ ခိုင်းခဲ့တဲ့အတွက်ကြောင့် လေးစားမှုမဟုတ်ဘဲ ကြောက်ရွံ့မှုတွေနဲ့ လုပ်ခဲ့ရတဲ့အလုပ်တွေ ရှိပါတယ်။ ဒါတွေဟာ မပြီးဆုံးသေးပါဘူး။ လက်ရှိအခြေအနေအထိ ဌာနအတွင်းမှာ ရင်ဆိုင်ရုန်းကန်နေရတဲ့အခြေအနေတွေဟာ ရှိနေပါသေးတယ်။ အဲဒီအခါကျတော့ ဝန်ထမ်းအကြီးအကဲတွေရဲ့ မှားယွင်းမှုကို ထောက်ပြပြောဆိုခြင်းကို ခဏထား။ ဒါကို ကျွန်တော်တို့က ကိုယ်စားလှယ်တွေကို ပြောလို့ ကိုယ်စားလှယ်တွေက သိလို့ပြန်မေးခဲ့ရင်တောင်မှ အဲဒီဝန်ထမ်းတွေက သတိပေးခံရတာတို့၊ လက်မှတ်ထိုးရတာတို့ဟာ အခုအချိန်အထိရှိနေသေးတဲ့အတွက် ဒါတွေကို အလေးအနက်ထား ကိုင်တွယ်ဖို့ လိုတယ်ဆိုတဲ့ဟာကိုလည်း ကျွန်တော် ထောက်ပြဆွေးနွေးလိုပါတယ်။ နောက်တစ်ခုက ကျတော့ အခုစိတ်ဓာတ်မြှင့်တင်တာမဟုတ်ဘဲနဲ့ လက်ရှိမှာကို စိတ်ဓာတ်မြင့်မားတဲ့ ဝန်ထမ်းတွေရှိပါတယ်။ အဲဒါဘာလဲဆိုတော့ ကျွန်တော်တို့က နိုင်ငံ့ဝန်ထမ်းနှင့် ဌာနဝန်ထမ်းမတူပါဘူး။ အခုလက်တွေ့ လုပ်ဆောင်နေတဲ့နေရာမှာ ဘာတွေ့လာရလဲဆိုတော့ နိုင်ငံ့ဝန်ထမ်းလို့ ကိုယ်ဟာကိုယ်ခံယူတဲ့သူက နိုင်ငံတော်အကျိုးရှိဖို့၊ နိုင်ငံသားအကျိုးရှိဖို့ဆိုရင် အမြဲတမ်းစဉ်းစားပြီး အလုပ်လုပ်ပါတယ်။ ဒါပေမဲ့ ကိုယ့်ကိုယ်ကို ဌာနဝန်ထမ်းလောက်ပဲ စဉ်းစားတဲ့ ဝန်ထမ်းတွေနဲ့တွေ့တဲ့အခါကျရင် သူ့ဌာနအလုပ်ပြီးသွားတာနဲ့ ကျန်တာကို သူပူးပေါင်းဆောင်ရွက်ဖို့၊ ညှိနှိုင်းဖို့ မစဉ်းစားတာတွေ ရှိပါတယ်။ ဒါကို ကျတော့ နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံ့ဝန်ထမ်းတွေကို ဌာနဆိုင်ရာဝန်ထမ်းလို့ ကိုယ်ကိုယ့်ကို ဒီလောက်ပဲခံယူထားတဲ့သူတွေကိုလည်း နိုင်ငံ့ဝန်ထမ်းစိတ်ပေါ်လာအောင် အစိုးရကနေပြီးတော့ ကြိုးစားအကောင်အထည်ဖော်ပေးဖို့ လိုပါတယ်။ ဒါဟာစိတ်ဓာတ်ပိုင်းဆိုင်ရာနဲ့ပြောတာပါ။

နောက် လုပ်ငန်းစွမ်းဆောင်ရည်နဲ့ပြောမယ်ဆိုရင် ဝန်ထမ်းတစ်ဦးချင်းစီရဲ့လုပ်ငန်းစွမ်းဆောင်ရည်ပြည့်ဝဖို့လိုသလို အဲဒီဝန်ထမ်းတွေကလည်း မိမိလုပ်ကိုင်နိုင်စွမ်းကို ပြသနိုင်တဲ့အခင်းအကျင်းတစ်ခုရှိဖို့လိုပါတယ်။ အဲဒီတော့ ဝန်ထမ်းရဲ့အရည်အသွေးပြည့်ဝဖို့ကတော့ နိုင်ငံတော်က လေ့ကျင့်ပေးရမယ်။ စွမ်းဆောင်ရည်တွေမြှင့်ပေးရပါမယ်။ သို့သော် မိမိဝန်ထမ်းက မိမိရဲ့လုပ်ကိုင်နိုင်စွမ်းကို ပြနိုင်တဲ့အခင်းအကျင်းတစ်ခုဖြစ်ဖို့ကိုတော့ အစိုးရကသာလျှင် လုပ်ထုံးလုပ်နည်းတွေကို ရှင်းလင်းစွာ၊ လုပ်ထုံးလုပ်နည်းတွေကို ရေးဆွဲတဲ့နေရာမှာ ရှင်းလင်းဖို့၊ လွယ်ကူဖို့၊ ပြတ်သားဖို့ လိုအပ်ပါတယ်။ ဥပမာတစ်ခုအနေနဲ့ပြောရရင် မြို့နယ်တိုင်းမှာရှိတဲ့ OSS ဆိုတဲ့ One Stop Shop ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းတွေဟာ စီမံခန့်ခွဲမှုအရ အဆင်ပြေသည်၊ မပြေသည် ကျွန်တော်တို့စဉ်းစားလို့ရပါတယ်။ ဒီနေရာမှာ အခုဘာတွေတွေ့နေရလဲဆိုတော့ အစိုးရက ပြည်သူကို ဝန်ဆောင်မှုပေးချင်တဲ့အတွက် ကြောင့် OSS ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းကို လုပ်တယ်။ ဒီမှာဝန်ထမ်းတွေက ဒါကို အကောင်အထည်ဖော်ရတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မေးကြည့်တဲ့အခါကျတော့၊ တကယ်ကျတော့ သူတို့ရဲ့လုပ်ပိုင်ခွင့်နဲ့ တာဝန်တွေကို တိတိကျကျ၊ ပြတ်ပြတ်သားသား ပေးထားတာမရှိတဲ့အခါကျတော့ ဝန်ထမ်းတွေက အကောင်အထည်ဖော်ရတာ အင်မတန်ခက်ပါတယ်။ ဒါပေမဲ့ အမှန်တကယ် ပြည်သူနဲ့ကြားမှာ နာမည်ပျက်ရင်တောင် ဝန်ထမ်းပါပဲ။ အဲဒါကြောင့် ကျွန်တော်အဓိကဆိုလိုချင်တာက ဝန်ထမ်းတွေရဲ့လုပ်ငန်းစွမ်းဆောင်ရည်ကို မြှင့်ချင်ရင် တစ်ယောက်ချင်းစီရဲ့စွမ်းဆောင်ရည်သာမကဘဲနဲ့ အစိုးရ၊ နိုင်ငံ့ဝန်ထမ်းအကြီးအကဲတွေအနေနဲ့လည်း ဝန်ထမ်းတွေ လုပ်ထုံးလုပ်နည်းတွေနဲ့ပတ်သက်ပြီးတော့ ရှင်းရှင်းလင်းလင်း၊ လွယ်လွယ်ကူကူ၊ ပြတ်ပြတ်သားသားဆောင်ရွက်လို့ရအောင် ဆောင်ရွက်ပေးဖို့လိုပါတယ်။

အဲဒါမှသာလျှင် ဝန်ထမ်းဟာ အခုတော့ OSS ရုံးတွေမှာ ဖြစ်နေတာတွေက ဘာဖြစ်လဲဆိုတော့ ဝန်ထမ်းအင်အားဆုံးရှုံးတယ်လို့တောင် သက်ဆိုင်ရာဌာနက ထင်လာတာတွေ ရှိပါတယ်။ ဒါကြောင့် ဝန်ထမ်းတွေအားလုံးကို သတ်မှတ်အရည်အချင်းနဲ့ အရေအတွက်အတိုင်း ရွေးချယ်မယ်ဆိုရင် ကျွန်တော်စောစောကပြောသလို သူတို့ရဲ့ Play Ground ကိုလည်း ညီမျှအောင်ထားပေးဖို့ အတွက်ပြင်ဆင်။

**ဥက္ကဋ္ဌ။** ။ သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစောဗစ်တာခလိုက်(သံတောင်ကြီးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်အပေါင်းတို့ခင်ဗျား။ ဦးစွာ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က ကရင်ပြည်နယ်၊ သံတောင်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဗစ်တာခလိုက် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ခရမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမင်းရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ရည်ရွယ်ချက်က နိုင်ငံအဝန်းမှာရှိတဲ့ ဝန်ထမ်းများ၏ အရည်အသွေးမြင့်မားလာဖို့ရန်အတွက် မိမိတို့ရဲ့တာဝန်၊ ဝတ္တရားကို ကြိုးစားအားထုတ်ဆောင်ရွက်နိုင်ရန်အတွက်နဲ့ ဝန်ထမ်းများရဲ့လိုအပ်ချက်များကို ပြန်လည်ဖြည့်စွက်ပေးနိုင်ဖို့ရန်အတွက် ရည်ရွယ်ထားကြောင်း ကျွန်တော် နားလည်ရပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ထုတ်ပြန်ကြေညာချက်အရ အစိုးရ၊ ဌာနများ၊ ဦးစီးဌာနများနှင့် အဖွဲ့အစည်းများမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းပေါင်း ကိုးသိန်းခန့်ရှိပါတယ်။ ၎င်းဝန်ထမ်းအင်အားများဟာ နိုင်ငံတော်ယန္တရားကြီးများ လည်ပတ်နိုင်ရန်အတွက် အရေးပါသော၊ အဓိကကျသော လူသားအရင်းအမြစ်များဖြစ်ပါ၍ မှန်ကန်စွာအသုံးပြုမွေးထုတ်နိုင်ရန်အတွက် အဓိကလိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အပေးအယူမျှတပြည့်စုံမှသာ နိုင်ငံ့ဝန်ထမ်းများ၏ဘဝကို ပြုပြင်ပြောင်းလဲပြီး နိုင်ငံတော်ယန္တရားလည်ပတ်မှုအရှိန်အဟုန်မြင့်တက်လာမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အချက်လေးချက်အပေါ်မှာမူတည်ပြီးတော့ အကြံပြုထောက်ခံဆွေးနွေးလိုပါတယ်။ (၁)အချက်အနေနဲ့ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်၏ ယန္တရားကြီးများလည်ပတ်နိုင်ရန်အတွက် အထူးတာဝန်ယူဝန်ဆောင်မှုပေးသူများဖြစ်ကြောင်း မိမိကိုယ်မိမိ သိရှိနားလည်ဖို့ရာ အထူးပဲလိုအပ်ပါတယ်။ ဒုတိယအချက်အနေနဲ့ ခေတ်အဆက်ဆက်မှာ ဝန်ထမ်းများရဲ့ဘဝနဲ့ ခံယူချက်၊ ရပ်တည်ချက်၊ ဘယ်လိုပဲရှိပါစေ။ ယခုအခါမှာ မိမိတို့ဟာ နိုင်ငံတော်ရဲ့မူဝါဒနှင့်အညီ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးပြု ဝန်ဆောင်မှုပေးတဲ့ နိုင်ငံ့ဝန်ထမ်းများဖြစ်ကြောင်း သိရှိနားလည်ရန် အထူးပဲလိုအပ်ပါတယ်။ တတိယအချက်ကတော့ ကျွန်တော်တို့ နိုင်ငံတော်ဟာ ဆောင်ရွက်ပေးရမယ့်အချက်ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ နိုင်ငံ့ဝန်ထမ်းဖြစ်သော အမှုထမ်း၊ အရာထမ်းဝန်ထမ်းများအတွက် အရည်အချင်းအလိုက် ကြိုးစားအားထုတ်မှု၊ ကျွမ်းကျင်မှု၊ စည်းကမ်းကျင့်ဝတ်လိုက်နာမှု၊ တာဝန်ကျေမှုအပေါ်မှာမူတည်ပြီးတော့ ရာထူးတိုးမြှင့်ဆောင်ရွက်ပေးဖို့ရန်အတွက် အထူးပဲလိုအပ်ပါတယ်။ မလိုလားအပ်သော စည်းကမ်း၊

မကိုက်ညီသောလုပ်ငန်းအတွက် မကျွမ်းကျင်သော အခြားအခြားသောပုဂ္ဂိုလ်များအား ခေါ်ယူရာထူး ပေးတိုးမြှင့်ခန့်အပ်ဆောင်ရွက်မှုမျိုးကို ရှောင်ကျဉ်ရန် အထူးပဲလိုအပ်ပါတယ်။ (၄)အချက်အနေနဲ့ နိုင်ငံတော်အနေဖြင့် နိုင်ငံ့ဝန်ထမ်းများအတွက် ဆုပေး၊ ဒဏ်ပေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အထူးပဲလိုအပ်ပါတယ်။ ဝန်ထမ်းစည်းကမ်း၊ ဥပဒေနဲ့အညီ ဝန်ထမ်းများဟာ တာဝန်ဝတ္တရားများ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ၊ ခံစားပိုင်ခွင့်များရှိပြီး၊ ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ အရည်အချင်းပြည့်မီ ကြိုးစားအားထုတ် စည်းကမ်းလိုက်နာတဲ့၊ တာဝန်ကျေထူးချွန်တဲ့ဝန်ထမ်းများကို ဆုလာဘ်ချီးမြှင့် မြှောက်စားပေးဖို့ရန် အထူးပဲလိုအပ်ပါတယ်။ ထိုနည်းတူ စည်းကမ်းဖောက်ဖျက်ပြီး တော့ တာဝန်မကျေ၊ တာဝန်ပျက်ကွက်တဲ့ဝန်ထမ်းများကို အပြစ်ပေး၊ ဒဏ်ပေးစနစ်ကျင့်သုံး ဆောင်ရွက်ဖို့လည်း အထူးလိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုဆုပေး၊ ဒဏ်ပေးစနစ်ကြောင့် နိုင်ငံ့ဝန်ထမ်းများသည် မိမိတို့တာဝန် ထမ်းဆောင်သည့်လုပ်ငန်းအပေါ်မှာလည်းကောင်း၊ နိုင်ငံတော်နှင့် ပြည်သူ့အတွက်သော်လည်းကောင်း၊ မှန်ကန်သော မိမိတို့ရဲ့ တွေးခေါ်မြော်မြင်မှုတို့၊ ခံယူမှု၊ ရပ်တည်မှု၊ လုပ်ဆောင်မှုတွေ တိုးတက်မြင့်မား ပြောင်းလဲလာမှာဖြစ်ပါတယ်။ ဒါ့အပြင် အသိအမှတ်ပြုခြင်း၊ ဂုဏ်ပြုခြင်း၊ မှတ်တမ်းတင်ချီးမြှင့်ခြင်း ကတော့ အမှန်တကယ်ပဲ နိုင်ငံ့ဝန်ထမ်းကောင်းများ၊ ပြည်သူ့ဝန်ထမ်းကောင်းများ ပေါ်ထွက်လာနိုင်ရန် အတွက် လိုအပ်တဲ့ ဂုဏ်ပြုမှတ်တမ်းတင်ခြင်း ဆောင်ရွက်ဖို့လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆက်လက်ပြီးတော့ နိဂုံးချုပ်အနေနဲ့ နိုင်ငံ့ဝန်ထမ်းတို့ရဲ့ စိတ်ဓာတ် နှင့် လုပ်ငန်းစွမ်းရည်မြှင့်တင်ပေးနိုင်ရန် ၎င်းတို့အား ဘွဲ့တံဆိပ်အဆောင်အယောင်၊ ပညာတော်သင် ဆု၊ လေ့လာရေးခရီး၊ အခြားအခြားသောဆုများဖြင့် ဂုဏ်ပြုချီးမြှင့်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းသော ဒေါက်တာအေးမင်းရဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်သီဟ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးကျော်သီဟ(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးပဲ မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်သီဟ ဖြစ်ပါတယ်။ ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်း တင်သွင်းတဲ့အဆိုအပေါ်မှာ ပါဝင် ဆွေးနွေးကြမှာဖြစ်ပြီး Power Point သုံးစွဲတင်ပြခွင့်ပြုပါခင်ဗျား။ နိုင်ငံ့ဝန်ထမ်းဆိုတာဟာ နိုင်ငံတော် ယန္တရားလည်ပတ်နိုင်ရေးအတွက် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သော အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးကဏ္ဍအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသူများ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသောအခန်းကဏ္ဍမှာ တာဝန်ယူ ပုံဖော်နေကြသူများသည်လည်း နိုင်ငံ့ဝန်ထမ်းများပင်ဖြစ်ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် အတွက် ထိရောက်၍စွမ်းရည်ပြည့်ဝသော ပွင့်လင်းမြင်သာမှုရှိပြီး ကောင်းမွန်သောဝန်ဆောင်မှုများ ပေးနိုင်ရေးကို ဦးတည်ဆောင်ရွက်မည့် ပြည်သူ့ဝန်ဆောင်မှုကဏ္ဍတစ်ခု ပေါ်ထွက်လာရေးသည် နိုင်ငံ့

ဝန်ထမ်းများအပေါ် မှီတည်လျက်ရှိပါတယ်။ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်နှင့်ပြည်သူလူထု အကျိုးအတွက် ကျရာအခန်းကဏ္ဍတာဝန်ထမ်းဆောင်နေကြတဲ့ ပြည်သူထဲကပြည်သူများပင် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ခေတ်အဆက်ဆက်နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးငှာ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသော နိုင်ငံ့ဝန်ထမ်းများအား ပြည်သူ့ဝန်ထမ်းဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခဲ့ရာ ပါလီမန်အစိုးရလက်ထက်တွင် သင်္ဂဟဘွဲ့ရှစ်မျိုး၊ ဘွဲ့ကိုးမျိုးနှင့် တံဆိပ် ၁၃ မျိုး၊ လမ်းစဉ်ပါတီလက်ထက်တွင် ဘွဲ့ ၁၀ မျိုး၊ တံဆိပ် ၃၁ မျိုး၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် ဘွဲ့ ၁၀ မျိုး၊ တံဆိပ် ၃၅ မျိုးကို ပြဋ္ဌာန်းသတ်မှတ်ပြီး နှစ်စဉ်ချီးမြှင့်ခဲ့တာကိုလည်း တွေ့ရပါတယ်။

၂၀၁၉ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာပြဋ္ဌာန်းချက်ကို ၁၇-၁၂-၂၀၁၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့ရာ သင်္ဂဟဘွဲ့ရှစ်မျိုး၊ ဘွဲ့ရှစ်မျိုးနဲ့တံဆိပ် ၂၂ မျိုး ပါရှိပါတယ်။ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် ပြည်ထောင်စုအဆင့်ရုံးအဖွဲ့များ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများမှချီးမြှင့်သင့်/ချီးမြှင့်ထိုက်သော၊ ရသင့်/ရထိုက်သောပုဂ္ဂိုလ်များ သတ်မှတ်အရည်အချင်း၊ စည်းကမ်းချက်များနှင့် ကိုက်ညီပြည့်စုံသည့်ဝန်ထမ်းများအား ထောက်ခံတင်ပြရန် ချီးမြှင့်အပ်နှင်းရန် ပဏာမစစ်ဆေးရေးအဖွဲ့မှ နှစ်စဉ် မတ်လတွင် သက်ဆိုင်ရာများသို့ အကြောင်းကြားဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ ချီးမြှင့်အပ်နှင်းလျက်ရှိသော ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များမှ ပြည်သူ့ဝန်ထမ်းဆိုင်ရာ စွမ်းဆောင်မှုဂုဏ်ထူးဆောင်တံဆိပ်များနှင့်စပ်လျဉ်း၍ ဝန်ထမ်းများအနေဖြင့် ပဏာမစစ်ဆေးရေးအဖွဲ့သို့လျှောက်ထားရန် မလိုဘဲ ၎င်းတို့ရုံး၊ ဌာနအလိုက်စုစည်း၍ ဌာနအကြီးအကဲများကစိစစ်ပြီး အဆင့်ဆင့်ထောက်ခံတင်ပြလျက်ရှိပါတယ်။ ထိုတင်ပြချက်ပေါ်မူတည်ပြီး ပဏာမစစ်ဆေးရေးအဖွဲ့၊ စစ်ဆေးရေးအဖွဲ့တို့မှ ၂၀၁၉ ခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာပြဋ္ဌာန်းချက် အခန်း(၈) ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ အရည်အချင်းများ အပိုဒ် ၂၇ ပါ သတ်မှတ်ချက်များနှင့်အညီ အဆင့်ဆင့်စိစစ်ပြီး နိုင်ငံတော်သမ္မတရုံးမှ နှစ်စဉ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ပြီး ဂုဏ်ပြုချီးမြှင့်လျက်ရှိပါတယ်။

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေမှာ ထူးချွန်ဝန်ထမ်းများရွေးချယ်ရေးအတွက် အကဲဖြတ်ချက်နှင့် အမှတ်ပေးစနစ်များကို စနစ်တကျပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။ ဒီနေရာမှာဖြည့်စွက်အကြံပြုလိုတာက အဆိုပါအကဲဖြတ်ချက်နှင့်အမှတ်ပေးစနစ်များသည် အဂတိတရားများကင်းစင်ပြီး မှန်ကန်စွာရွေးချယ်နိုင်ရေးအတွက် အထောက်အကူဖြစ်စေမည့်စနစ်များ ဖြစ်ပေါ်လာစေရန် လိုအပ်သလိုပြင်ဆင်သင့်ကြောင်း အကြံပြုလိုပါတယ်။ သို့မှသာ နိုင်ငံ့ဝန်ထမ်းများအတွင်း မှန်ကန်သောယှဉ်ပြိုင်မှုများဖြင့် နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုး ထိရောက်စွာတာဝန်ထမ်းဆောင်နိုင်မည့်အပြင် ဝန်ထမ်းများအတွင်း စည်းလုံးညီညွတ်မှုကို ထိခိုက်မှုမရှိစေဘဲ စွမ်းဆောင်ရည်ပြည့်ဝသောဝန်ထမ်းကောင်းများ ပေါ်ထွန်းလာမှာဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းများသည် တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း စားဝတ်နေရေးနှင့်သက်ဆိုင်သောအခက်အခဲများ၊ သဘာဝဘေးအန္တရာယ်များအပါအဝင် မမျှော်မှန်းနိုင်သည့်ဖြစ်စဉ်များ၌ အသက်ဆုံးရှုံးနိုင်သောအခြေအနေများနှင့် ရင်ဆိုင်နေရသူများလည်းဖြစ်ပါ

တယ်။ ဝန်ထမ်းများအနေဖြင့် မိမိတာဝန်ထမ်းဆောင်နေရသော ဝန်ထမ်းနယ်ပယ်မှာ ယုံကြည်တန်ဖိုးထားပြီး ပျော်ရွှင်သောလုပ်ငန်းဘဝကို တည်ဆောက်လျက် စိတ်နေပျော်၍ လုပ်ငန်းခွင်တွင်တော်မှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများတွင် ကူညီထောက်ပံ့မှုများလည်း ရရှိမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုတွင်ပါဝင်သော နိုင်ငံ့ဝန်ထမ်းများအတွက် အရည်အချင်းသတ်မှတ်ချက်နှင့်ကိုက်ညီပြီး ထူးချွန်စွာတာဝန်ထမ်းဆောင်သူများနှင့်ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းဥပဒေ အခန်း(၈)တွင် ချီးမြှင့်ခြင်းအနေဖြင့် ပြဋ္ဌာန်းပါရှိပြီးဖြစ်ပါတယ်။ ပုဒ်မ ၃၄ သည် ဝန်ထမ်းများ ထူးချွန်ပြောင်မြောက်စွာ တာဝန်ထမ်းဆောင်နိုင်ပါက လုပ်ဆောင်ရမည့်နည်းလမ်းများ ပါရှိပါတယ်။ နိုင်ငံ့ဝန်ထမ်းအား ထူးချွန်မှု၊ စွမ်းစွမ်းတမံကြိုးစားဆောင်ရွက်မှုများရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ရာထူးတိုးမြှင့်ခြင်း၊ နှစ်တိုးလစာချီးမြှင့်ခြင်း၊ ဂုဏ်ပြုလွှာပေးအပ်ခြင်း၊ ဆုငွေချီးမြှင့်ခြင်းဆောင်ရွက်နိုင်ကြောင်း ပုဒ်မ ၃၁ ဖြင့်လည်းကောင်း၊ ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်နိုင်ရေး အတွက် ထောက်ခံတင်ပြရန် ပုဒ်မ ၃၂ ဖြင့်လည်းကောင်း ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်။ ထူးချွန်ဝန်ထမ်းများအား ချီးမြှင့်ပေးသလို နိုင်ငံ့ဝန်ထမ်းများကိုလည်း ခေတ်ကာလနှင့်အညီ လစာ၊ စရိတ်များ တိုးမြှင့်ပေးနိုင်ပါက ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။

အဆိုတွင်ပါရှိသော ထူးချွန်ဝန်ထမ်းများထဲမှ သင့်လျော်သည့်အရေအတွက်ဆိုသည့်စကားရပ်ကို ပြန်လည်သုံးသပ်ရန်လိုအပ်မည်ဟု ထင်မြင်ယူဆမိပါတယ်။ ဝန်ထမ်းအဖွဲ့အစည်းသည် ကျယ်ပြန့်သလို ဝန်ထမ်းဦးရေကိုးသိန်းကျော်ရှိပြီး ဝန်ဆောင်မှုကဏ္ဍများဟာ အမျိုးအစားစုံလင်လှပါတယ်။ အရေအတွက်အားကန့်သတ်မည်ဆိုပါက ဝန်ထမ်းအချင်းချင်းစိတ်ဝမ်းကွဲနိုင်သလို မလိုလားအပ်သော ဆောင်ရွက်မှုများဖြစ်ပေါ်လာနိုင်မှာကို သတိပြုစေလိုပါတယ်။ အရေအတွက်ကိုကန့်သတ်မည့်အစား ဝန်ကြီးဌာနအလိုက် သို့မဟုတ် ဝန်ဆောင်မှုကဏ္ဍအလိုက် တိကျသောမူဝါဒများချမှတ်မည်ဆိုပါက ပိုမိုသင့်လျော်မည်ဖြစ်ကြောင်း အကြံပြုတင်ပြလိုပါတယ်။

ထူးချွန်သော နိုင်ငံ့ဝန်ထမ်းများအား အဆိုပါအတိုင်း အသိအမှတ်ပြုချီးမြှင့်ပေးခြင်းသည် ပိုမိုသင့်လျော်မှုရှိပြီး လုပ်ငန်းစွမ်းဆောင်ရည်တိုးမြင့်လာမည်ဖြစ်၍ စိစစ်ရွေးချယ်သတ်မှတ်မှုများအား နိုင်ငံတော်အစိုးရက ဥပဒေပြဋ္ဌာန်းချက်များပါအတိုင်း စနစ်တကျရွေးချယ်သင့်ကြောင်း အကြံပြုဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမင်းဇာနည်ထွေး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးမင်းဇာနည်ထွေး(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမင်းဇာနည်ထွေး ဖြစ်ပါတယ်။ ခရမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ အေးမင်းရဲ့အဆိုအား အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ နိုင်ငံတော်အနေဖြင့် နိုင်ငံတော်အကျိုး၊ အများပြည်သူအကျိုးကို တာဝန်ကျေပွန်စွာ စွမ်းစွမ်းတမံဆောင်ရွက်နိုင်သော နိုင်ငံ့ဝန်ထမ်းများအား ဆုချီးမြှင့်ရာတွင် ပြည်သူ့ဝန်ထမ်းများအတွက် သတ်မှတ်

ထားသည့် စွမ်းဆောင်မှုဆိုင်ရာတံဆိပ်များအပြင် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်ကို ၁၉၄၈ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့မှစပြီး နိုင်ငံတစ်ဝန်းလုံး၌ ပြည်တွင်းငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် ပြည်သူ့ဝန်ထမ်းအဖြစ် အနည်းဆုံး (၂)နှစ်တာဝန်ထမ်းဆောင်ခဲ့တဲ့ အငြိမ်းစားဝန်ထမ်းများအပါအဝင် ဝန်ထမ်းများအားချီးမြှင့်ခြင်းဖြစ်ပါတယ်။ ပြည်သူ့ဝန်ထမ်းတံဆိပ်ကို အမှုထမ်းသက်(၁၅)နှစ်ရှိပြီး ပြစ်မှုလုံးဝကင်းရှင်း၍ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိလျက်အလုပ်တာဝန်များကို ကျေပွန်စွာထမ်းဆောင်သူများကို ချီးမြှင့်ပါတယ်။ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ဟာ အမှုထမ်းသက်(၂၆)နှစ်ရှိပြီး ပြစ်မှုလုံးဝကင်းရှင်း၍ ပြဋ္ဌာန်းခွင့်ပြုထားသည့် အမှတ်ပေးစနစ်အရ အနည်းဆုံးအမှတ် ၃၀ ရရှိတဲ့ ပြည်သူ့ဝန်ထမ်းများကို ချီးမြှင့်ပါတယ်။ ဘွဲ့တံဆိပ်များချီးမြှင့်ရန် ထောက်ခံတင်ပြမှုဆိုင်ရာနည်းလမ်းများနှင့်ပတ်သက်ပြီးတော့ နိုင်ငံတကာမှာ ဆောင်ရွက်လျက်ရှိတဲ့ ရွေးချယ်ရေးနည်းစနစ်အချို့ကို တင်ပြရာ နိုင်ငံ့ဝန်ထမ်းများရဲ့ လုပ်ငန်းအပေါ် တာဝန်ကျေပွန်မှု၊ စွမ်းစွမ်းတမံဆောင်ရွက်မှုများကို ဝန်ထမ်းများအားလုံး ညီတူညီမျှခံစားနိုင်ရေး အတွက် ဖြည့်စွက်အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။

နိုင်ဂျီးရီးယားနိုင်ငံမှာဆိုရင် ထူးချွန်တဲ့နိုင်ငံ့ဝန်ထမ်းအားလုံးအတွက် ဂုဏ်ပြုချီးမြှင့်ရန်စီစဉ်ထားပါတယ်။ ကင်ညာနိုင်ငံမှာဆိုရင်တော့ နိုင်ငံ့ဝန်ထမ်းကော်မရှင်က ၂၀၁၇ ခုနှစ် ဇွန်လမှာ နိုင်ငံ့ဝန်ထမ်း ထူးချွန်မှုဆိုင်ရာစည်းမျဉ်းများကို ပြုစုခဲ့ကြောင်း တွေ့ရှိရပါတယ်။ ထိုဆုမှာ တင်ပြထားတဲ့အတိုင်း အပိုင်းသုံးပိုင်းပါဝင်ပါတယ်။ ၎င်းဆုအသီးသီးအတွက် လူပုဂ္ဂိုလ်ဆိုင်ရာသတ်မှတ်ချက်၊ ဌာနဆိုင်ရာ သတ်မှတ်ချက်၊ လုပ်သက်ဆိုင်ရာသတ်မှတ်ချက်၊ ပညာရပ်ပိုင်းဆိုင်ရာသတ်မှတ်ချက်၊ စိတ်နေစိတ်ထား ပိုင်းဆိုင်ရာသတ်မှတ်ချက်အစရှိတဲ့ Criteria များသတ်မှတ်ထားတာကိုလည်း တွေ့ရှိရပါတယ်။ ဒါ့အပြင် ရွေးချယ်ရေးစနစ်ကိုလည်း Nomination Process များသတ်မှတ်ထားတာ ကော်မတီက ထူးချွန်ဝန်ထမ်းများကိုလည်း ရွေးချယ်ရေးအတွက် စနစ်တကျဆောင်ရွက်လျက်ရှိတာကို တွေ့ရှိရပါတယ်။ ဖိလစ်ပိုင်နိုင်ငံမှာဆိုရင်လည်း နိုင်ငံ့ဝန်ထမ်းများအားလုံးအတွက် ဂုဏ်ပြုထူးချွန်ဆု Honor Award Program- HAP ကို ချီးမြှင့်ကြောင်း တွေ့ရှိရပါတယ်။ ဖိလစ်ပိုင်နိုင်ငံ နိုင်ငံ့ဝန်ထမ်း ကော်မရှင်က ၂၀၁၄ ခုနှစ်မှာ HAP အတွက် Guide line တစ်ခုရေးသားပြုစုခဲ့ပြီး အဲဒီ Guide line မှာ လုပ်ငန်းပိုင်းဆိုင်ရာစွမ်းဆောင်ရည်ဆုနဲ့ ကိုယ်ရည်ကိုယ်သွေးပိုင်းဆိုင်ရာထူးချွန်ဆုဟူ၍ ထူးချွန်ဆု အမျိုးအစားနှစ်မျိုးကို ချီးမြှင့်ကြောင်း တွေ့ရှိရပါတယ်။ လုပ်ငန်းပိုင်းဆိုင်ရာစွမ်းဆောင်ရည်ဆုမှာ အလွန်ထူးချွန်တဲ့ဝန်ထမ်းများအား နိုင်ငံတော်သမ္မတကချီးမြှင့်ပြီး နိုင်ငံ့ဝန်ထမ်းကော်မရှင်ကလည်း ဆုကို ချီးမြှင့်ကြောင်း တွေ့ရှိရပါတယ်။

ဒုတိယအမျိုးအစားဖြစ်တဲ့ ကိုယ်ရည်ကိုယ်သွေးပိုင်းဆိုင်ရာထူးချွန်ဆုမှာတော့ လုပ်ငန်းခွင် စိတ်ပါဝင်စားမှု၊ လုပ်ငန်းပိုင်းဆိုင်ရာကျွမ်းကျင်မှု၊ ရိုးသားမှု၊ ပါတီနိုင်ငံရေးကင်းရှင်းမှု၊ ပြည်သူလူထု အပေါ်တာဝန်ယူတာဝန်ခံတတ်မှု၊ နိုင်ငံချစ်စိတ်နှင့် အမျိုးသားရေးစိတ်ဓာတ်ရှိမှု၊ ဒီမိုကရေစီကျင့်စဉ် များအတိုင်း လိုက်ပါဆောင်ရွက်တတ်မှု၊ ရိုးရှင်းစွာနေထိုင်တတ်မှု အစရှိတဲ့အချက်ရှစ်ချက်အပေါ် မူတည်၍ ချီးမြှင့်ကြောင်း တွေ့ရှိရပါတယ်။ ထိုဆုများကို ချီးမြှင့်ရာမှာ လူပုဂ္ဂိုလ်တစ်ဦးချင်းဆုနှင့် အဖွဲ့အစည်းအလိုက်ချီးမြှင့်သောဆုဟူ၍ အပိုင်းနှစ်ပိုင်းရှိပြီး အရည်အသွေးပိုင်းဆိုင်ရာ ပြည့်ဝမှု၊

ထိရောက်စွာစွမ်းဆောင်နိုင်မှု၊ စဉ်ဆက်မပြတ်စွမ်းဆောင်ရည်ရှိမှု၊ ပူးပေါင်းဆောင်ရွက်တတ်မှု အစရှိတဲ့ အပိုင်းတွေကိုလည်း ဆုချီးမြှင့်တာကို တွေ့ရှိရပါတယ်။

ဒါ့အပြင် ထူးချွန်ဆုအတွက် လိုအပ်တဲ့အချက်အလက်များတင်သွင်းခြင်း၊ ဆုရွေးချယ်ခြင်း ဆိုင်ရာလုပ်ထုံးလုပ်နည်းများ တိကျစွာသတ်မှတ်ခြင်းတို့ကိုလည်း စနစ်တကျဆောင်ရွက်လျက်ရှိတာ ကို တွေ့ရှိရပါတယ်။ ဟောင်ကောင်မှာလည်း ဝန်ထမ်းများ၊ အဖွဲ့အစည်းများနှင့်ပတ်သက်ပြီး ထူးချွန်ဆု ချီးမြှင့်ခြင်းဆိုင်ရာဆုများကို တင်ပြပါအတိုင်းတွေ့ရှိရပါတယ်။ အသင်းအဖွဲ့ဆုတွင် လူထုဝန်ဆောင်မှု လုပ်ငန်းများအတွက် ချီးမြှင့်သောဆု၊ အထူးလုပ်ငန်းများအတွက် ချီးမြှင့်သောဆု၊ လုံခြုံရေးနှင့်တရား ဥပဒေစိုးမိုးရေးအတွက် စွမ်းဆောင်ရည်ဆု စသဖြင့် ဆုအမျိုးအစားများ ခွဲခြားချီးမြှင့်ထားတာကို လည်းတွေ့ရှိရပါတယ်။ မိမိတို့နိုင်ငံအနေဖြင့် ဆုရွေးချယ်ချီးမြှင့်ရာတွင် နိုင်ငံ၏တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအပြင် ခေတ်စနစ်နှင့်လျော်ညီစွာ နိုင်ငံတကာတွင် ဆောင်ရွက် သကဲ့သို့ တိကျသော၊ ပွင့်လင်းမြင်သာသော၊ အဆင့်အတန်းခွဲခြားမှုမရှိသော Guide line သို့မဟုတ် manual များချမှတ်ကာဆောင်ရွက်သင့်ကြောင်း အကြံပြုအပ်ပါတယ်။ ကျင့်ဝတ်သိက္ခာပြည့်စုံသော၊ ဘက်လိုက်မှုကင်းသော၊ တာဝန်ခံမှုရှိသော၊ လုပ်ရည်ကိုင်ရည်နှင့် ယုံကြည်ချက်ခံမာမှုရှိသော ပြည်သူ့ ဝန်ထမ်းများပေါ်ပေါက်လာရေးဟာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့အခန်းကဏ္ဍမှာ ရှိနေပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဝန်ထမ်းကောင်းများပေါ်ပေါက်လာရေး အတွက် ဝန်ထမ်းသက်သာချောင်ချိရေး၊ ဝန်ထမ်းများ၏ နေထိုင်မှုအဆင်ပြေစေရေးမှသည် အဂတိ တရားကင်းရှင်းပြီး ကောင်းမွန်တဲ့အစိုးရတစ်ရပ်ပေါ်ပေါက်လာစေရန် မဟာဗျူဟာများချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ လစာငွေမလုံလောက်ခြင်း၊ လုပ်ငန်းခွင်အခြေ အနေများကောင်းမွန်မှုမရှိခြင်းနှင့် ဝန်ထမ်းများ၏စွမ်းဆောင်ချက်များကို အသိအမှတ်မပြုခြင်းစတဲ့ အချက်များဟာလည်း စွမ်းရည်ပြည့်ဝတဲ့ဝန်ထမ်းများပေါ်ထွက်ရန်အတွက် အဟန့်အတားများ ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ လက်ရှိအခြေအနေမှာ အခြေခံစားသောက်ကုန်ဈေးနှုန်းနှင့် အသုံးအဆောင်ပစ္စည်းဈေးနှုန်းများမြင့်တက်လျက်ရှိပါတယ်။ ဒါ့အပြင် ဌာနများတွင် ဝန်ထမ်းအင်အား ဖွဲ့စည်းပုံပြည့်မီအောင် ခန့်အပ်နိုင်ခြင်းမရှိတဲ့အတွက် အချို့ဝန်ထမ်းများအနေဖြင့် အလုပ်တာဝန်ကို ပိုမိုတာဝန်ထမ်းဆောင်နေရကြောင်း တွေ့ရှိရပါတယ်။ သို့ဖြစ်ရာ နိုင်ငံအနေဖြင့် နိုင်ငံ့ဝန်ထမ်းများအား ထိရောက်သော ဂုဏ်ပြုချီးမြှင့်မှုများကို ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းများရဲ့စိတ်ဓာတ်ကို မြှင့်တင်ပေးနိုင်ပြီး လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုအပါအဝင် မလိုလားအပ်တဲ့ကိစ္စရပ်များ လျော့နည်းပပျောက်စေနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ပြည်သူများတန်ဖိုးထား လေးစားသော နိုင်ငံ့ ဝန်ထမ်းကောင်းများ ပေါ်ထွန်းလာစေမှာဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံ့ဝန်ထမ်းများအတွင်းမှာ စည်းလုံးမှု၊ ကြိုးစားလိုမှု၊ ထူးချွန်စွာဆောင်ရွက် လိုမှုများ နိုင်ငံတော်နှင့်ပြည်သူအတွက် တာဝန်များကို ကြည်ဖြူကျေပွန်စွာထမ်းဆောင်လိုစိတ်များ ပြည့်စုံနေရန်လိုအပ်ပါတယ်။ သို့ဖြစ်ပါ၍ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီတဲ့ ဝန်ထမ်းများစွာရှိရင် ထိုဝန်ထမ်းများသည် အပြည့်အဝခံစားခွင့်ရသူများဖြစ်တဲ့အတွက် အရည်အချင်းနှင့်ကိုက်ညီသော

ဝန်ထမ်းအားလုံးကို ဥပဒေနှင့်အညီ စည်းမျဉ်းစည်းကမ်းများရေးဆွဲကာ ဂုဏ်ပြုချီးမြှင့်သင့်ပါကြောင်း အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်သက်သက်ခိုင်(ဒဂုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်သက်သက်ခိုင် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ခရမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမင်း တင်သွင်းတဲ့အဆိုနိုင်ငံ့ဝန်ထမ်းများအတွင်း သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပြီး ထူးချွန်စွာတာဝန်ထမ်းဆောင်သူများမှာ သင့်လျော်သောဝန်ထမ်းအရေးအတွက်ကို ဘွဲ့တံဆိပ်အဆောင်အယောင်များ၊ အပန်းဖြေလေ့လာရေးခရီးများ၊ နိုင်ငံရပ်ခြားပညာတော်သင်ခရီးစဉ်များနှင့် အခြားသောဂုဏ်ပြုချီးမြှင့် အသိအမှတ်ပြုမှုများ ပြုလုပ်ပေးခြင်းအားဖြင့် နိုင်ငံ့ဝန်ထမ်းတို့ရဲ့ စိတ်ဓာတ်နဲ့လုပ်ငန်းစွမ်းဆောင်ရည်တို့ကိုမြှင့်တင်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လုပ်ငန်းစွမ်းဆောင်ရည်စီမံခန့်ခွဲမှုရှုထောင့်မှ ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ဒီအဆိုကိုထောက်ခံရခြင်းဟာ အစိုးရအဖွဲ့အစည်းဖြစ်စေ၊ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းဖြစ်စေ၊ ပုဂ္ဂလိကအဖွဲ့အစည်းဖြစ်စေ အဖွဲ့အစည်းတိုင်းရဲ့အောင်မြင်မှုအဆင့်အတန်းကို သက်ဆိုင်ရာအဖွဲ့အစည်းမှာရှိတဲ့ ဝန်ထမ်းများရဲ့စွမ်းဆောင်ရည်က အဆုံးအဖြတ်ပေးတာဖြစ်ကြောင်း မီးမောင်းထိုးပြချင်လို့ ဆွေးနွေးတာဖြစ်ပါတယ်။ အဖွဲ့အစည်းတစ်ခုရဲ့စွမ်းဆောင်ရည်ဟာ ၎င်းအဖွဲ့အစည်းက Performance Management System လို့ခေါ်တဲ့ လုပ်ငန်းစွမ်းဆောင်ရည်စီမံခန့်ခွဲမှုစနစ်ကို ဘယ်လောက်ထိထိရောက်ရောက်အကောင်အထည်ဖော် ကျင့်သုံးနိုင်သလဲဆိုတဲ့အပေါ်မူတည်နေပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံမှာ နိုင်ငံ့ဝန်ထမ်းဥပဒေပြဋ္ဌာန်းထားပေမဲ့ နိုင်ငံ့ဝန်ထမ်းများအတွက် ဥပဒေပါ တာဝန်၊ လုပ်ပိုင်ခွင့်နှင့်အခွင့်အရေးတွေကို နိုင်ငံ့ဝန်ထမ်းများအမှန်တကယ်အသုံးပြုခံစားနိုင်ဖို့ နိုင်ငံ့ဝန်ထမ်းများအနေနဲ့ လူမှန်၊ နေရာမှန်နဲ့ စိတ်ဓာတ်နှင့်လုပ်ငန်းစွမ်းဆောင်ရည်မြှင့်ဖို့ ထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်မှု အားနည်းနေသေးတာကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ လမ်းညွှန်ချက်သဘောတရား မူဝါဒမဟာဗျူဟာနှင့် လုပ်ထုံးလုပ်နည်းတွေဟာ ဗျူရိုကရေစီယန္တရားတစ်ရပ်လုံးကို လွှမ်းခြုံရတာဖြစ်လို့ ယေဘုယျဆန်နေပြီး ဝန်ကြီးဌာနတစ်ခုချင်းစီရဲ့ မတူကွဲပြားတဲ့လုပ်ငန်းသဘာဝတွေကို ထင်ဟပ်နိုင်မှုအားနည်းနေတာကို တွေ့ရှိရပါတယ်။ ဗျူရိုကရေစီယန္တရားဆိုတဲ့ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းတစ်ခုလုံးဟာ ကြီးမားကျယ်ပြန့်ပြီး လုပ်ငန်းသဘာဝအားဖြင့် ကျွမ်းကျင်မှုနှင့်လည်းကောင်း၊ ကျွမ်းကျင်မှုနယ်ပယ်အားဖြင့်လည်းကောင်း၊ မတူကွဲပြားခြားနားကြပြီး နေရာဒေသအားဖြင့် နိုင်ငံတစ်နံတစ်လျားမှာ တည်ရှိတာကြောင့် တိကျတဲ့လုပ်ငန်းဆောင်တာနှင့် စွမ်းဆောင်ရည်စီမံခန့်ခွဲမှုစနစ်တစ်ရပ်ပေါ်ပေါက်လာဖို့ စိန်ခေါ်မှုများစွာ ရှိနေတာကို အသိအမှတ်ပြုရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အထူးအားဖြင့် ဆွေးနွေးလိုတာကတော့ နိုင်ငံ့ဝန်ထမ်းများအနက် အစိုးရဌာနများရဲ့ စိတ်ဓာတ်နှင့်လုပ်ငန်းစွမ်းဆောင်ရည်ကို ထိထိရောက်ရောက်မြှင့်တင်ဖို့ Performance Management System လို့ခေါ်တဲ့ လုပ်ငန်းစွမ်းဆောင်ရည်စီမံခန့်ခွဲမှုစနစ်ပေါ်ပေါက်လာဖို့ အချက်သုံးချက်နှင့်အကြံပြုဆွေးနွေးလိုပါတယ်ရှင်။ ပထမအချက်အနေနဲ့ ဝန်ကြီးဌာနတိုင်းမှာ မိမိဝန်ကြီးဌာနရဲ့လုပ်ငန်းသဘာဝနှင့်ကိုက်ညီပြီး အများလက်ခံနိုင်တဲ့ လုပ်ငန်းရည်ရွယ်ချက်များနှင့် ရာထူးအလိုက်တိကျတဲ့ လုပ်ငန်းတာဝန်များဖော်ထုတ်ပြီး ရာထူးအလိုက်လုပ်ငန်းတာဝန်နှင့်ဆီလျော်တဲ့ ဆုံးဖြတ်ပိုင်ခွင့်နယ်ပယ်နှင့် အကောင်အထည်ဖော်ပိုင်ခွင့် ပေးအပ်ဖို့လိုအပ်ပါတယ်။ တစ်ပြိုင်နက်တည်းမှာပဲ ဆုံးဖြတ်ချက်ချရာမှာ လိုအပ်တဲ့ သတင်းအချက်အလက်များရရှိအောင် ပံ့ပိုးပေးဖို့လိုအပ်ပါတယ်ရှင်။ ဒုတိယအချက်အနေနဲ့ ပေးအပ်ထားတဲ့ဆုံးဖြတ်ပိုင်ခွင့်နှင့် ရရှိတဲ့သတင်းအချက်အလက်တွေကိုသုံးပြီး အဖွဲ့အစည်းရဲ့ရည်မှန်းချက်တွေ ဘယ်လောက်အောင်အောင်မြင်မြင် အကျိုးရှိရှိ အကောင်အထည်ဖော်နေလဲဆိုတာကို သိနိုင်တဲ့ လုပ်ငန်းစွမ်းဆောင်ရည်ဆန်းစစ်ခြင်း(Performance Evaluation) တစ်ရပ်လိုအပ်ပါတယ်ရှင်။ အဓိကအားဖြင့် ဝန်ကြီးဌာနတစ်ခုချင်းစီရဲ့ ဦးစီးဌာနများရဲ့ မတူကွဲပြားတဲ့ အလုပ်တွေအတွက် သက်ဆိုင်ရာလုပ်ငန်းစွမ်းဆောင်ရည် အရည်အသွေးကို ထင်ဟပ်နိုင်တဲ့ Key Performance Indicator လို့ခေါ်တဲ့ အဓိကလုပ်ငန်းစွမ်းဆောင်ရည်ညွှန်းကိန်းများကို အများလက်ခံနိုင်တဲ့နည်းလမ်းများနှင့် သမာသမတ်ကျကျဖော်ထုတ်တိုင်းတာနိုင်ဖို့အရေးကြီးကြောင်း ဆွေးနွေးလိုပါတယ်ရှင်။ အထက်ပါအဓိကလုပ်ငန်းစွမ်းဆောင်ရည်ညွှန်းကိန်းများနှင့် စိစစ်အကဲဖြတ်ခြင်းကို အထက်အောက်ဘေးတိုက်နှင့် မိမိကိုယ်တိုင်အမှတ်ပေးတဲ့ ၃၆၀ ဒီဂရီအမှတ်ပေးစနစ်ကို ကျင့်သုံးခြင်းအားဖြင့် တစ်ဦးချင်းစီကိုလည်းကောင်း၊ အစုအဖွဲ့တစ်ခုချင်းစီကိုလည်းကောင်း၊ လုပ်ငန်းစွမ်းဆောင်ရည်အကဲဖြတ်ခြင်းကို ဘက်လိုက်မှုမရှိဘဲ ထိထိရောက်ရောက်မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အထက်ကဆွေးနွေးခဲ့တဲ့အချက်နှစ်ချက်ဖြစ်တဲ့ သတ်မှတ်ထားတဲ့တာဝန်နှင့်ဆီလျော်တဲ့ဆုံးဖြတ်ပိုင်ခွင့်ပေးခြင်း ဆုံးဖြတ်ချက်နှင့်အကောင်အထည်ဖော်မှုအရည်အသွေးဆန်းစစ်ခြင်းစနစ်များ စတင်ကျင့်သုံးပြီးတဲ့အခါ တတိယအနေနဲ့ရရှိတဲ့ အရည်အသွေးဆန်းစစ်ချက်ရမှတ်အလိုက် ထိရောက်တဲ့ ဆုပေး၊ ဒဏ်ပေးစနစ် တည်ထောင်အကောင်အထည်ဖော်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါမှသာ တစ်ဦးချင်းစီနှင့် အစုအဖွဲ့လိုက်ရှိထားတဲ့သတင်းအချက်အလက်တွေနဲ့ ပေးထားတဲ့ ဆုံးဖြတ်ပိုင်ခွင့်တွေကို အသုံးချပြီး အဖွဲ့အစည်းရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်ဖို့ နိုင်ငံ့ဝန်ထမ်းများအနေနဲ့ လူမှန်၊ နေရာမှန်ဖြစ်ပြီး စိတ်ဓာတ်တက်ကြွစွာ ကျေကျေနပ်နပ်အလုပ်လုပ်ကြမှာဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ နိဂုံးချုပ်အနေနဲ့ပြောရရင် ဝန်ကြီးဌာနတစ်ခုချင်းစီက မိမိတို့ဝန်ကြီးဌာနရဲ့လုပ်ငန်းသဘာဝအလိုက် အဓိကစွမ်းဆောင်ရည်ညွှန်းကိန်းများဖော်ထုတ်ပြီး အစိုးရတစ်ရပ်လုံးအနေနဲ့ တိကျတဲ့မူဝါဒချမှတ်ပြီး ဝန်ထမ်းများအကျိုးခံစားခွင့်ကို ထိထိရောက်ရောက်ဖော်ဆောင်သင့်ပါတယ်။ ဒါမှသာ အရည်အချင်းပြည့်ဝတဲ့ဝန်ထမ်းများ တိုးတက်များပြားလာပြီး ဌာနတစ်ခုချင်းစီရဲ့စွမ်းဆောင်ရည်မှတစ်ဆင့် ဝန်ကြီးဌာနတစ်ခုလုံး၊ ဝန်ကြီးဌာနတစ်ခုချင်းစီရဲ့စွမ်းဆောင်ရည်မှတစ်ဆင့်

အစိုးရတစ်ရပ်လုံးရဲ့ စွမ်းဆောင်ရည်မြင့်တက်လာမှာဖြစ်ပါတယ်။ ဒီလိုကိစ္စကို ဝန်ကြီးဌာနတစ်ခုချင်းစီက အချိန်ပေးပြီး စနစ်တကျဆောင်ရွက်ရမှာဖြစ်ပါတယ်။ အစိုးရတစ်ရပ်လုံးအနေနဲ့ နိုင်ငံ့ဝန်ထမ်းများကို လုပ်ငန်းခွင်ပျော်ပြီး အလုပ်လုပ်ရင်လုပ်သလောက်၊ စွမ်းဆောင်ရည်ရှိရင်ရှိသလောက် အကျိုးခံစားခွင့်ကို ဝန်ကြီးဌာနများအားလုံးအကြား သာတူညီမျှစွာကျင့်သုံးဖို့ အချိန်ပေးပြီး သီးခြားဥပဒေမူဘောင်တစ်ရပ်ရေးဆွဲဖို့နှင့် နိုင်ငံ့ဝန်ထမ်းကဏ္ဍပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရန် အချိန်ကျရောက်ပြီဖြစ်ပါကြောင်း အကြံပြုပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကော့မှူးမဲဆန္ဒနယ်မှ ဦးကျော်ဆွေဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်ဆွေဝင်း(ကော့မှူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ခရမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမင်း တင်သွင်းသောအဆိုကို ထောက်ခံဆွေးနွေးမယ့် ကော့မှူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆွေဝင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတွင် နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲခြင်းဆိုင်ရာ မဟာဗျူဟာစီမံချက်လုပ်ငန်း(၂၀၁၉-၂၀၂၀) အစီအစဉ်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်၏လမ်းညွှန်မှုဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ဦးဆောင်ပြုစုရေးဆွဲပြီးဖြစ်ပါတယ်။ အကောင်အထည်ဖော်မှုအပိုင်းကို အင်တိုက်အားတိုက်ဆောင်ရွက်ရန်အတွက် ရေတိုဆောင်ရွက်ရမည့်ပြုပြင်ပြောင်းလဲမှု၊ ရေရှည်ဆောင်ရွက်ရမည့် ပြုပြင်ပြောင်းလဲမှုများကို သတ်မှတ်အချိန်ကာလအတွင်း အောင်မြင်ပြီးမြောက်ရန်အတွက် ပြည်သူ့ဝန်ထမ်းများသာမက အများပြည်သူများပါ ပူးပေါင်းပါဝင်မှုရအောင် အရပ်ဘက်လူ့အဖွဲ့အစည်းများ ကူညီဆောင်ရွက်မှသာလျှင် အောင်မြင်နိုင်မှာဖြစ်ပါတယ်။ ပြီးဆုံးသွားသောပြုပြင်ပြောင်းလဲမှုများကိုလည်း ပြန်လည်သုံးသပ်ရမယ့်လုပ်ငန်းစဉ်ကိုလည်း မဖြစ်မနေဆောင်ရွက်ရမှာဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းများပြုပြင်ပြောင်းလဲမှုပြုလုပ်ခဲ့သည့် နိုင်ငံအသီးသီး၏အားသာချက်၊ အားနည်းချက်များကိုလည်း နမူနာယူရန် လိုအပ်လှပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အကြံတူ နောက်လူသာစမြဲဆိုသည့်အတိုင်း မအောင်မြင်ခဲ့ရသည့်အချက်အလက်များကို ဆင်ခြင်သုံးသပ်ရှောင်ရှားကာ အောင်မြင်ခဲ့သည့်နမူနာများဖြင့် ပိုမိုလျင်မြန်ထိရောက်သည့်ပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။ အိမ်နီးနားချင်းနိုင်ငံများရဲ့နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုမအောင်မြင်ခဲ့ရသည့်အချက်အလက်များကို လေ့လာဆန်းစစ်ရာမှာ အချက်(၄)ချက်ရှိပါတယ်။ (၁) ချမှတ်ထားသောမူဝါဒများ၏အောင်မြင်မှု၊ ကျရှုံးမှုကို ပြန်လည်သုံးသပ်ပြင်ဆင်ဆောင်ရွက်မှုမရှိခြင်း၊ (၂) မှန်ကန်တိကျသောအချက်အလက်များရရှိရန် အကန့်အသတ်များရှိနေခြင်း၊ (၃) အစိုးရအကောင်အထည်ဖော်ဆောင်ရွက်နေသော ပြုပြင်ပြောင်းလဲမှုကို ပြည်သူများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများမှ နားလည်သဘောပေါက်ကာ ပူးပေါင်းပါဝင်ခွင့်မရရှိခြင်း၊ (၄) နိုင်ငံရေးစိတ်ဆန္ဒပြင်းထန်မှုမရှိခြင်း စသည့်အချက်အလက်တွေကြောင့် အောင်မြင်မှုမရရှိခဲ့တဲ့သာဓကတွေကို လေ့လာတွေ့ရှိရမှာဖြစ်ပါတယ်ခင်ဗျား။ လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ဝန်ထမ်းတွေဟာဆိုရင် အာဏာရှင်စနစ်ရဲ့

ဗျူရိုကရေစီယန္တရားမှာ ကာလရှည်ကြာစွာအသားကျနေတဲ့အတွက် ရေရှည်ဆောင်ရွက်ရမယ့် ပြုပြင်ပြောင်းလဲမှုတွေမှာ စိတ်ရှည်သည်းခံမှု၊ ဇွဲရှိမှုနှင့် နိုင်ငံရေးဆန္ဒပြင်းပြမှုတို့ရှိမှသာလျှင် အောင်မြင်မှုကို ရနိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လိုအပ်ပါက ပြည်တွင်းပြည်ပမှ ပညာရှင်များအကူအညီဖြင့် နိုင်ငံ့ဝန်ထမ်းလောကပြုပြင်ပြောင်းလဲရေးအတွက် အားဖြည့်ပေးသင့်လှပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် မြန်မာ့ဝန်ထမ်းလောကပြုပြင်ပြောင်းလဲရေးဟာ အရေးတကြီး အင်တိုက်အားတိုက် လုပ်ဆောင်ရမယ့်အရာလည်း ဖြစ်ပါတယ်။ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဆိုတဲ့ဆောင်ပုဒ်နှင့်အညီ စွမ်းဆောင်ရည်မြင့်မားတဲ့ဝန်ထမ်းကောင်းတွေဖြစ်လာဖို့ဆောင်ရွက်တဲ့အခါမှာ အဂတိတရားလေးပါးကင်းရှင်းစေဖို့ လိုအပ်တဲ့အရေးယူမှုတွေ မဖြစ်မနေဆောင်ရွက်ရမှာဖြစ်သလို အဆိုရှင်တင်ပြသွားတဲ့ နိုင်ငံ့ဝန်ထမ်းများအတွက် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပြီး ထူးချွန်စွာတာဝန်ထမ်းဆောင်သူများကို ချီးမြှင့်မြှောက်စားရေး၊ နိုင်ငံ့ဝန်ထမ်းတို့၏ ဘဝအခြေအနေမြှင့်တင်ပေးရေး၊ ပျော်ရွှင်သောလုပ်ငန်းခွင်ဖန်တီးပေးခြင်းဖြင့် စိတ်ဓာတ်နှင့်စွမ်းဆောင်ရည်မြှင့်တင်နိုင်ပေးရေး စသည့် အရေးတကြီးဆောင်ရွက်ချက်များကိုလည်း လုပ်ဆောင်ပေးရမှာဖြစ်ပါတယ်။ နိဂုံးချုပ်အားဖြင့် ပြည်သူတွေမျှော်လင့်နေတဲ့ နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအနက် အရေးတကြီးဆောင်ရွက်ရမယ့် နိုင်ငံ့ဝန်ထမ်းလောကပြုပြင်ပြောင်းလဲရေးအတွက် ဒေါက်တာအေးမင်းတင်သွင်းသောအဆိုကို အလေးအနက်ထောက်ခံကြောင်း တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ရှေးဦးပဏာမမေတ္တာများပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်းရဲ့ နိုင်ငံ့ဝန်ထမ်းများအတွင်း သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီပြီး ထူးချွန်စွာတာဝန်ထမ်းဆောင်သူများမှ သင့်လျော်သောဝန်ထမ်းအရေးအတွက်ကို ဘွဲ့တံဆိပ်၊ အဆောင်အယောင်များ၊ အပန်းဖြေလေ့လာရေးခရီးများ၊ နိုင်ငံရပ်ခြားပညာတော်သင်ခရီးစဉ်များနှင့် အခြားသောဂုဏ်ပြုချီးမြှင့်အသိအမှတ်ပြုမှုများ ပြုလုပ်ပေးခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းတို့၏စိတ်ဓာတ်နှင့် လုပ်ငန်းစွမ်းဆောင်ရည်တို့ကို မြှင့်တင်ပေးပါရန် နိုင်ငံတော်အစိုးရအားတိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ဟာ နိုင်ငံ့ဝန်ထမ်းတွေရဲ့စိတ်ဓာတ်နှင့် လုပ်ငန်းစွမ်းဆောင်ရည်တွေကို မြှင့်တင်ပေးပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုနှုန်းမြန်ဆန်ဖို့အတွက် အင်မတန်ကောင်းမွန်တဲ့စိတ်စေတနာတွေနဲ့ တင်သွင်းခဲ့ကြောင်း သိသာလှပါတယ်။ နိုင်ငံ့ဝန်ထမ်းဆိုတဲ့နေရာမှာ နိုင်ငံ့ဝန်ထမ်းဥပဒေပါ ပုဒ်မ ၂(င)အရ ခန့်အပ်ခြင်းခံရတဲ့သူများကိုဆိုလိုကြောင်း အတိအလင်း တင်ပြ

ထားသလို သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီပြီး ထူးချွန်စွာတာဝန်ထမ်းဆောင်သူများလို့ ဆိုထားတဲ့အတွက် အဲဒီဥပဒေရဲ့အခန်း(၄) ပုဒ်မ ၁၀ ပါ တာဝန်(၁၂)ရပ်ကိုလည်း ထူးချွန်စွာထမ်းဆောင်သူများထဲမှ ရွေးချယ်ရမှာပဲဖြစ်ပါတယ်။ အဲဒီတာဝန်(၁၂)ရပ်ထဲမှ ပုဒ်မ ၁၀(ဂ)မှာဆိုရင် နိုင်ငံတော်နှင့်နိုင်ငံသားတို့ရဲ့အကျိုးစီးပွားကို အလေးထား၍ဆောင်ရွက်ခြင်းလို့ပါရှိတဲ့အတွက် နိုင်ငံ့ဝန်ထမ်းတွေဟာ နိုင်ငံတော်နှင့်နိုင်ငံသားအကျိုးစီးပွားအတွက် ဘယ်လောက်အလေးထားဆောင်ရွက်ပြီး ဘယ်လိုတွေအလေးထားသလဲဆိုတာကို ကြည့်ရှုရမှာလည်းဖြစ်ပါတယ်။ ပုဒ်မ ၁၀(ဃ)မှာဆိုရင် နိုင်ငံတော်ပိုင်ပစ္စည်း နိုင်ငံတော်ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် အလွဲသုံးစားမှုမပြုရေးတို့အတွက် ထိန်းသိမ်းစောင့်ရှောက်ခြင်းလို့ ပြဋ္ဌာန်းထားသော်လည်းပဲ အချို့ဆိုရင် နိုင်ငံတော်ဘဏ္ဍာငွေကို မိမိချွေးနဲ့စာမဟုတ်တဲ့အတွက် အလေးမထားဘဲ အလွယ်တကူသုံးဖြုန်းနေကြပြီး အချင်းချင်းလက်သိပ်ထိုးဝေစုခွဲနေကြတာတွေလည်း ရှိခဲ့သလို ဝန်ထမ်းကောင်းအဖြစ် စိတ်စေတနာကောင်းရှိသူတွေကတော့ စနစ်တကျသုံးစွဲနေတာတွေလည်း တွေ့မြင်နေရပါတယ်။ ပုဒ်မ ၁၀(ည)မှာဆိုရင် တာဝန်အရအပ်နှင်းထားတဲ့လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်းမှရှောင်ကြဉ်ခြင်းဟု ပြဋ္ဌာန်းပါရှိပြီး အချို့ဆိုလို့ရှိရင် မိမိရဲ့လုပ်ပိုင်ခွင့်ကို မိမိကိုယ်ကျိုးအတွက်အသုံးချပြီး ပုဒ်မ ၁၀(ဋ)ပါပြဋ္ဌာန်းချက်များဖြစ်တဲ့ လာဘ်ပေးလာဘ်ယူခြင်းကိုပါ တစ်ပါတည်းကျူးလွန်နေသူများရှိနေကြောင်း အားလုံးသိရှိပြီးဖြစ်ပါတယ်။ ပုဒ်မ ၁၀(ဌ)မှာဆိုရင် ပြည်သူကိုရိုသေလေးစားခြင်းလို့ပြဋ္ဌာန်းထားတာကတော့ ပိုပြီးအရေးကြီးတယ်လို့ ယုံကြည်မိပါတယ်။ အဲဒီဥပဒေအရ ဝန်ထမ်းတိုင်းဟာ ပြည်သူကိုရိုသေလေးစားရမယ်လို့ ပြဋ္ဌာန်းထားသော်လည်းပဲ လက်တွေ့မှာတော့ တချို့ဝန်ထမ်းတွေကသာ ပြည်သူကိုလေးလေးစားစား ဆက်ဆံကြပေမဲ့လို့ အတော်များများကတော့ အဲဒီလိုမဟုတ်ဘဲ ဆင်းရဲနွမ်းပါးသူနှင့် ငွေကြေးချမ်းသာသူ၊ ဂုဏ်ရှိသူနှင့် ဂုဏ်မရှိသူ စသဖြင့်ခွဲခြားပြီးတော့ လေသံမာမာနဲ့မလေးမစားဆက်ဆံတာတွေလည်း တွေ့နေရပါတယ်။ ယခုလက်ရှိမှာလည်း သတ်မှတ်ပြဋ္ဌာန်းထားတဲ့တာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်နေတဲ့ဝန်ထမ်းကောင်းတွေရှိသလို အကယ်၍အဆိုရှင်ရဲ့အဆိုအား အတည်ဖြစ်ခဲ့မယ်ဆိုရင် သတ်မှတ်ထားတဲ့တာဝန်တွေနဲ့ကိုက်ညီအောင် ပိုမိုကြိုးစားဆောင်ရွက်လာမယ့်ဝန်ထမ်းကောင်းတွေလည်း တိုးတက်လာမှာဖြစ်ပါတယ်။ နောက်ပြီး သင့်တော်တဲ့ဝန်ထမ်းအရေအတွက်လို့ဆိုထားတဲ့အတွက် နိုင်ငံတော်အနေနဲ့လည်း အခက်အခဲမရှိနိုင်ပါဘူး။ နိုင်ငံတော်ရဲ့ဘဏ္ဍာရေးအခြေအနေအရ တတ်နိုင်သလောက် တတ်နိုင်ရင်တတ်နိုင်သလို တိုင်းပြည်တိုးတက်လာတာနှင့်အမျှ ထူးချွန်သောဝန်ထမ်းဦးရေကို သတ်မှတ်လိုက်မယ်ဆိုရင် အဆိုရှင်မျှော်မှန်းထားသလို ဝန်ထမ်းကောင်းတွေလည်း ပိုမိုများပြားလာပြီး တိုင်းပြည်လည်းအမှန်တကယ်တိုးတက်ပြောင်းလဲလာမှာအမှန်ပဲ ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းဥပဒေရဲ့ပုဒ်မ ၁၁ (ဂ)နဲ့(င)တို့အပြင် (ဆ)ပါဆိုရင် ထူးချွန်စွာ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်မှုတို့အတွက် ချီးမြှင့်ခြင်းကို ခံစားခွင့်ရှိကြောင်း ပြဋ္ဌာန်းပါရှိသလို အခန်း(၈) ချီးမြှင့်ခြင်းအပိုင်းမှာဆိုရင်လည်းပဲ ပုဒ်မ ၃၁၊ ၃၂၊ ၃၃ နဲ့ ၃၄(က)၊ (ခ)၊ (ဂ)တို့မှာ ဘယ်လိုချီးမြှင့်နိုင်ကြောင်းကိုလည်း အသေးစိတ်ပြဋ္ဌာန်းပါရှိပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးအခန်းကဏ္ဍတစ်ခုမှာ ပါဝင်တဲ့ နိုင်ငံ့ဝန်ထမ်းတွေရဲ့အကျိုးကို ရှေးရှုပြီး စိတ်စေတနာကောင်းနဲ့တင်သွင်းခဲ့တဲ့ အဆိုရှင်

ဒေါက်တာအေးမင်းရဲ့အဆိုအား လေးလေးနက်နက်ထောက်ခံပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျှန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နီရွှေလျှန်း(ထန်တလန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ချင်းပြည်နယ်၊ ထန်တလန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီရွှေလျှန်း ဖြစ်ပါတယ်။ ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်း အဆိုတင်သွင်းတဲ့ နိုင်ငံ့ဝန်ထမ်းများအတွင်း သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီပြီး ထူးချွန်စွာတာဝန်ထမ်းဆောင်သူများမှ သင့်လျော်သောဝန်ထမ်းအရေအတွက်ကို ဘွဲ့တံဆိပ်၊ အဆောင်အယောင်များ၊ အပန်းဖြေလေ့လာရေးခရီးများ၊ နိုင်ငံခြားပညာတော်သင်ခရီးစဉ်များနှင့် အခြားသောဂုဏ်ပြုချီးမြှင့်အသိအမှတ်ပြုမှုများ ပြုလုပ်ပေးခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းတို့၏ စိတ်ဓာတ်နှင့် လုပ်ငန်းစွမ်းဆောင်ရည်တို့ကို မြှင့်တင်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံ့ဝန်ထမ်းများဟာ အစိုးရ၏အဓိကဆောင်ရွက်ချက်များဖြစ်တဲ့ စီးပွားရေးစီမံခန့်ခွဲမှု၊ နိုင်ငံတော်၏အခြေခံအဆောက်အအုံများတည်ဆောက်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးနှင့် လူမှုရေးဆိုင်ရာဝန်ဆောင်မှုများ စသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အစိုးရဟာ ငါးနှစ်တစ်ကြိမ်ပြောင်းလဲသွားမည်ဖြစ်သော်လည်း သက်တမ်းအပြောင်းအလဲမရှိတဲ့ နိုင်ငံ့အကျိုး၊ လူထုအကျိုးကို ဦးထိပ်ထားဆောင်ရွက်ရေးသည့် ဝန်ထမ်းများအတွက် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံးကျင့်ဝတ်ဖြစ်ပါတယ်။ ခေတ်အဆက်ဆက် ကြွေးကြော်သံဆောင်ပုဒ်ဖြစ်သည့် ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဟူသော ဆောင်ပုဒ်နှင့်အညီ မည်သည့်အစိုးရအပြောင်းအလဲတွင်ဖြစ်ပါစေ၊ မိမိတို့ဝန်ထမ်းဟာ နိုင်ငံတော်၏ တာဝန်ဝတ္တရားများကို ပုခုံးပြောင်းဆောင်ရွက်ရမည်ဖြစ်ပါတယ်။ အစိုးရ၏မူဝါဒများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန်အတွက် နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍဟာ အလွန်အရေးကြီးလှပါတယ်။ နိုင်ငံ့ဝန်ထမ်းများကို ကျင့်ဝတ်သိက္ခာပြည့်စုံခြင်း၊ ဘက်လိုက်မှုရှင်းခြင်း၊ တာဝန်ခံမှုရှိခြင်း၊ လုပ်ရည်ကိုင်ရည်နှင့် ယုံကြည်ချက်ခိုင်မာမှုရှိခြင်း စသည့် အရည်အချင်းနှင့်ပြည့်စုံ သောပြည်သူ့ဝန်ထမ်းများပေါ်ပေါက်ရေးဟာ ကောင်းမွန်သော ဒီမိုကရေစီကျင့်စဉ်၏ ကျောရိုးတစ်ခုပင်ဖြစ်ပါတယ်။ ခေတ်အဆက်ဆက်အုပ်ချုပ်သူအစိုးရတစ်ရပ်၏ ဆယ်စုနှစ်များစွာ စီမံအုပ်ချုပ်မှုအပေါ် အသားကျနေသော နိုင်ငံ့ဝန်ထမ်းများသည် ယခုအချိန်အခါတွင် ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ရန် လိုအပ်နေသောကာလဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတော်ယန္တရားကြီးကို ဟန်ချက်ညီညီအောင်မြင်စွာ ဆောင်ရွက်သည့် ဝန်ထမ်းများအတွက် အရည်အချင်းနှင့်ကိုက်ညီပြီး ထူးချွန်စွာတာဝန်ထမ်းဆောင်သူများကို ချီးမြှင့်သည့်ဥပဒေနှင့် နည်းဥပဒေများကို တိတိကျကျရေးဆွဲသတ်မှတ်ပေးရန်နှင့် လက်တွေ့အကောင်အထည်ဖော်ရန် အားနည်းနေသေးကြောင်း တင်ပြဆွေးနွေးလိုပါတယ်။ တချို့ဝန်ထမ်းများကို

အပြစ်ပေးသည့်အခါ ဝေးလံခေါင်ပါးသည့်ဒေသဖြစ်သော ချင်းပြည်နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကချင်ပြည်နယ် နယ်စွန်နယ်ဖျား စသည့်ဒေသများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေခဲ့ပါတယ်။ ဤကဲ့သို့ ပြစ်ဒဏ်ဖြင့် ဝေးလံသည့်ဒေသသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည့်ဝန်ထမ်းများသည် စိတ်ဓာတ်ကျပြီး တာဝန်ကျတဲ့ဒေသခံ ဝန်ထမ်းများ၏ လုပ်ရည်ကိုင်ရည်မြှင့်တင်ပေးနိုင်ခြင်းလည်း မရှိခဲ့ပါဘူး။ သို့ဖြစ်၍ ခက်ခဲ၍ ဖွံ့ဖြိုးမှုနိမ့်ကျသောဒေသသို့ တာဝန်ထမ်းဆောင်ရန် လုပ်ငန်းကျွမ်းကျင်၍ စွမ်းဆောင်ရည်မြင့်မားသော ဝန်ထမ်းများကိုရွေးချယ်ပြီး အလှည့်ကျတာဝန်ထမ်းဆောင်စေခြင်းဖြင့် ဖွံ့ဖြိုးမှု၊ တိုးတက်မှုကွာဟချက်ကြီးမားမှုကို လျော့နည်းစေမည့်အပြင် ဝန်ထမ်းကောင်းများပေါ်ထွန်းရေးအခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။ နိုင်ငံ့ဝန်ထမ်းကောင်းကို ချီးမြှောက်နိုင်ဖို့အတွက် အဂတိကိုထိရောက်စွာကိုင်တွယ်ဖို့ လိုအပ်မည်ဖြစ်ကြောင်းဆွေးနွေးရင်း ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်းအဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အကြီးအကဲနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ထီးချိုင့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင် ဖြစ်ပါတယ်။ ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်းရဲ့အဆိုကို ထောက်ခံဆွေးနွေးအကြံပြုတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြတဲ့အဆိုဟာ ကနေ့ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်နေတဲ့ ပြည်သူ့အစိုးရရဲ့နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေးနဲ့ ပညာရေးအစရှိတဲ့ အခြေခံအုတ်မြစ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ သက်ဆိုင်ရာကဏ္ဍအလိုက် နိုင်ငံ့ဝန်ထမ်းများ တစ်နည်းအားဖြင့် အစိုးရယန္တရားလက်တံများရဲ့အရေးပါပုံနဲ့ အဲဒီဝန်ထမ်းတွေရဲ့ လုပ်နိုင်စွမ်းအားတွေ အားကောင်းမောင်းသန်ဖြစ်လာစေဖို့ ရည်ရွယ်ပြီးတင်ပြခဲ့တဲ့ အဆိုကောင်းတစ်ရပ်ဖြစ်ပါတယ်။ ဆိုခဲ့ပါအစိုးရယန္တရားလက်တံတွေ ရှင်သန်နေမှ၊ ကြီးထွားနေမှ၊ ရောဂါဘယကင်းဝေးနေမှသာ ပင်မအဆောက်အအုံဖြစ်တဲ့ အမိနိုင်ငံတော်ကြီးဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုဆိုတဲ့ပန်းတိုင်ကို မလွဲဧကန်ရောက်ရှိမှာဖြစ်ပါတယ်။ နိုင်ငံတစ်ခုကိုတည်ဆောက်ရာမှာ အစိုးရနဲ့ပြည်သူလက်တွဲညီပြီး တစ်နည်းအားဖြင့် အပြန်အလှန်ယုံကြည်မှုတည်ဆောက်နိုင်မှသာ မိမိတို့မျှော်လင့်တဲ့၊ စိတ်ချလုံခြုံလို့ရတဲ့ လူနေမှုဘဝကို ရရှိခံစားနိုင်မှာဖြစ်ပါတယ်။ ဒီနေရာမှာအစိုးရနဲ့ပြည်သူဟာ အုပ်ချုပ်သူနဲ့ အုပ်ချုပ်ခြင်းခံရသူဆိုတဲ့ပညတ်နောက်ကိုလိုက်ပါမသွားဘဲ အစိုးရဆိုတာ ငါတို့ပြည်သူတွေရဲ့ဘဝကို လုံခြုံမှုပေးတဲ့၊ ငါတို့အတွက် မရှိမဖြစ်လိုအပ်တဲ့ အဖွဲ့အစည်းတစ်ရပ်(Essential Institution)လို့ ပြည်သူတွေရဲ့ ရင်ထဲမှာ သိရှိနားလည်ခံစားနိုင်ပြီး ငြိမ်းချမ်းသာယာတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဟာ ကျွန်တော်တို့ရဲ့ခေါင်းဆောင်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ နိုင်ငံရေးအရအန္တိမရည်ရွယ်ချက်ပဲဖြစ်ပါတယ်။

လေးစားအားထားရတဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုငြိမ်းချမ်းသာယာတဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်ရေးပန်းတိုင်ကို ရောက်ဖို့ဆိုရင် နိုင်ငံတော်ဆိုတဲ့ဝေါဟာရမှာ လူဦးရေ၊ သတ်မှတ်ထားတဲ့နယ်မြေ၊ အစိုးရ၊ အချုပ်အခြာအာဏာဆိုတဲ့ လေးမျိုးအနက်က သတ်မှတ်ထားတဲ့နယ်မြေမှာမှီတင်းနေထိုင်ကြတဲ့ လူမျိုးစု၊ လူဦးရေ တစ်နည်းအားဖြင့် ပြည်သူအများနဲ့ အချုပ်အခြာအာဏာကို ကိုင်တွယ်အသုံးပြုရတဲ့ အစိုးရတို့ရဲ့ အပြန်အလှန်အမှီသဟဲပြုမှုဟာ လွန်စွာမှ အရေးကြီးလှပါတယ်။ ဒီလိုအရေးပါတဲ့ နိုင်ငံ့ဝန်ထမ်းများဟာ ပြည်သူလူထုကြားမှာ အစိုးရကို ကိုယ်စားပြုတဲ့အတွက် နိုင်ငံတော်အစိုးရနှင့်ပြည်သူများအကြား ယုံကြည်မှုတည်ဆောက်ရာမှာ အဓိက အခန်းကဏ္ဍမှ ပါဝင်နေတာကို အဆိုရှင်က မီးမောင်းထိုးပြဂုဏ်ပြုလိုတဲ့ရည်ရွယ်ချက်နဲ့ ဒီအဆိုကို တင်သွင်းခဲ့တယ်လို့ နားလည်ခံစားမိပါတယ်။ နိုင်ငံ့ဝန်ထမ်းများဟာ နိုင်ငံတော်အစိုးရကို ကိုယ်စားပြုကြရတဲ့အတွက် အများပြည်သူပိုင်ဆိုင်တဲ့ အရင်းအမြစ်တွေကို အထိရောက်ဆုံးနဲ့အဂတိတရားကင်းကင်းအသုံးပြုဖို့ လူထုကယုံယုံကြည်ကြည်အပ်နှင်းခြင်းခံထားရသူတွေ ဖြစ်ပါတယ်။ ဒီနေရာမှာ နိုင်ငံသားကောင်းတစ်ယောက်လိုက်နာကျင့်ကြံအပ်တဲ့ ဘာသာရေးဆိုင်ရာအသိတရားအချို့ကို မျှဝေလိုပါတယ်။ (၁) ကိုယ်ကျင့်တရားနဲ့ ပြည့်စုံခြင်း၊ (၂) အကြားအမြင်ဗဟုသုတနှင့် ပြည့်စုံခြင်း၊ (၃) မိတ်ကောင်းဆွေကောင်းနဲ့ပြည့်စုံရခြင်း၊ (၄) အဆို၊ အပြောရလွယ်ကူသူဖြစ်ရခြင်း၊ (၅) အလုပ်ကိစ္စတို့၌ ကျွမ်းကျင်ရခြင်း၊ (၆) ချစ်ဖွယ်သောစကားကိုပြောတတ်ရခြင်း၊ (၇) လုံ့လဝီရိယရှိရခြင်း၊ (၈) ဖြစ်သလိုနှင့်ရောင့်ရဲလွယ်ရခြင်း၊ (၉) သတိအမြဲရှိရခြင်းနှင့် (၁၀) ဆင်ခြင်တုံတရားပညာရှိရခြင်း ဆိုပြီး ၁၀ ချက်ရှိပါတယ်။ ဒါကိုပဲ နိုင်ငံ့ဝန်ထမ်းတို့လိုက်နာအပ်တဲ့ စာရိတ္တဂုဏ်(၁၀)ပါးလို့လည်း တင်စားခေါ်ဝေါ်နိုင်ပါတယ်။ ဒီအချက်တွေကိုသာ ကျင့်ကြံလိုက်နာကြမယ်ဆိုရင် သန့်ရှင်းသော အစိုးရ(Clean Government) နဲ့ ကောင်းမွန်သော အုပ်ချုပ်ရေး(Good Governance)ကို ကျွန်တော်တို့ပြည်သူတွေ ပိုင်ဆိုင်ကြမှာမလွဲဧကန်ဖြစ်ပါတယ်။

လေးစားအားထားရတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ အလျဉ်းသင့်လို့ စာရေးဆရာတင်ညွန့် ရေးတဲ့ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေးစာအုပ်ပါ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုက စ.စ.စ ဌာနကို ပြောခဲ့တဲ့မိန့်ခွန်းထဲမှ ဝန်ထမ်းရဲ့အဓိပ္ပာယ်တိုတိုနှင့်လိုရင်းပြောကြားပုံလေးကို ယနေ့ အဆို၊ ယနေ့နိုင်ငံရေးအခင်းအကျင်းနဲ့တစ်ထပ်တည်းကျနေလို့ တစ်ဆင့်ဖောက်သည်ချလိုပါတယ်။ လူကြီးမင်းတို့ဟာ သန့်ရှင်းရုံ၊ ကျွမ်းကျင်ရုံ၊ သတ္တိရှိရုံ၊ စည်းကမ်းသေဝပ်ရုံနဲ့မလုံလောက်သေးဘူး။ ပြည်သူလူထုနဲ့ဆက်ဆံတဲ့နေရာမှာ နည်းမှန်လမ်းမှန်ဆက်ဆံနိုင်အောင် ကြိုးစားကြစေချင်တယ်။ ယနေ့အဖို့မှာဆိုရင် ကျွန်တော်တို့လူကြီးမင်းတို့ရဲ့ ပြည်ထောင်စုကြီးထဲမှာ အာဏာဟာ အပေါ်ကနေပြီး အောက်ကိုဆင်းသက်ရတဲ့ ရှင်ဘုရင်စနစ်တို့၊ နယ်ချဲ့အာဏာပိုင်စနစ်တို့နဲ့အုပ်ချုပ်နေတာမဟုတ်ဘဲ အချုပ်အခြာအာဏာဟာ ပြည်သူလူထုကြီးတစ်ရပ်လုံးက ဆင်းသက်လာတဲ့ ဒီမိုကရေစီစနစ်နဲ့ အုပ်ချုပ်နေရတယ်ဆိုတာကို ကျွန်တော်တို့ ဘယ်နည်းနဲ့မှ မမေ့ပစ်လို့မရဘူး။ ဒီအချက်ကြီးကို မေ့ပစ်လိုက်တာနဲ့တစ်ပြိုင်နက် အမှုထမ်း၊ အရာထမ်းများနှင့် ပြည်သူလူထုကြီးတို့ရဲ့ ဆက်ဆံမှုဟာ နည်းမှန်၊ လမ်းမှန်မဖြစ်နိုင်တော့ဘူး။ ဒီမိုကရေစီစနစ်အရ အစိုးရဘက်မှ ဝန်ကြီးချုပ်နဲ့ ဝန်ကြီးတွေဟာ ပြည်သူ့အစေခံနံပါတ်(၁)တွေဖြစ်ကြတယ်။ အဲဒီလိုပဲ အောက်ဆုံး ဆယ်အိမ်ခေါင်း

အထိ ပြည်သူ့အစေခံတွေ တစ်ဆင့်စီဖြစ်ကြရတယ်။ ဒီမိုကရေစီစနစ်နဲ့ထူထောင်ထားတဲ့ နိုင်ငံတစ်နိုင်ငံမှာ အစိုးရအဖွဲ့ဆိုတာ ပြည်သူလူထုကိုအုပ်စိုးဖို့မဟုတ်ဘူး။ အစေခံသာဖြစ်တယ်။ အဲဒါကြောင့် လူကြီးမင်းတို့ဟာ ပြည်သူလူထုနဲ့ဆက်ဆံတဲ့အခါမှာ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးကဲ့သို့ ပြုကျင့်နိုင်ကြပါစေ။ ဘဝင်မြင့်ရောဂါဆိုးဟူသမျှ ကင်းလွတ်နိုင်ကြပါစေ။ ပြည်ထောင်စုရဲ့ စာရိတ္တမဏ္ဍိုင်ကြီးကို ခိုင်ခံ့သည်ထက် ခိုင်ခံ့လာအောင် ယခုထက် ဆထက်ထမ်းပိုးတိုးပြီး ဆောင်ရွက်နိုင်ပါစေလို့ ကျွန်တော် ဆုတောင်းပါ တယ်ဆိုပြီး ပြောခဲ့တာဖြစ်ပါတယ်။

လေးစားအားထားရတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ကျွန်တော် တင်ပြဆွေးနွေးခဲ့တာတွေဟာ နိုင်ငံ့ဝန်ထမ်းကောင်းများနှင့်ပတ်သက်တဲ့ ကိုယ်ရည်ကိုယ်သွေးအချက်အလက်တွေထဲက အချို့ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရကလည်း ဆွေးနွေးခဲ့တဲ့ ဝန်ထမ်းကောင်းများပေါ်ပေါက်လာရေးအတွက် ဝန်ထမ်းသက်သာချောင်ချိရေး၊ နေထိုင်မှုအဆင်ပြေရေးမှသည် အဂတိတရားကင်းရှင်းပြီး လူမှုပတ်ဝန်းကျင်မှာ နိုင်ငံ့ဝန်ထမ်းအဖြစ် သိက္ခာရှိရှိနေနိုင်ဖို့ကို ရည်ရွယ်၍ နိုင်ငံ့ဝန်ထမ်းများပြုပြင်ပြောင်းလဲခြင်းဆိုင်ရာ မဟာဗျူဟာစီမံချက် ပေါ်ထွက်လာခဲ့ပြီးဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့တင်ပြရရင် ကျင့်ဝတ်သိက္ခာနှင့်ပြည့်စုံပြီး ဘက်လိုက်မှုကင်းခြင်း၊ တာဝန်ခံမှုရှိခြင်းစတဲ့ လုပ်ရည်ကိုင်ရည်နှင့် ယုံကြည်ချက်ခိုင်မာမှုရှိသော ကောင်းမွန်တဲ့ဒီမိုကရေစီကျင့်စဉ်၏ ကျောရိုးမဏ္ဍိုင်ဖြစ်သော ပြည်သူ့ဝန်ထမ်းကောင်းများကို ဂုဏ်ပြုချီးမြှင့်ဖို့အတွက် အဆိုရှင်ရဲ့အဆိုပါအချက်များဟာ ခေတ်ကာလအရ လျော်ကန်သင့်မြတ်ကြောင်းနှင့် ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်း၏ နိုင်ငံ့အကျိုးပြုအဆိုအား နှစ်ထောင်းအားရ ထောက်ခံလိုက်ရပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါက်တာအေးမင်း၊ ခရမ်းမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဒေါက်တာဝင်းသိန်း(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမင်းမှ နိုင်ငံ့ဝန်ထမ်းများအတွင်း သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီပြီး ထူးချွန်စွာတာဝန်ထမ်းဆောင်သူများမှ သင့်လျော်သော ဝန်ထမ်းအရေအတွက်ကို ဘွဲ့တံဆိပ်၊ အဆောင်အယောင်များ၊ အပန်းဖြေလေ့လာရေးခရီးများ၊ နိုင်ငံရပ်ခြားပညာတော်သင်ခရီးစဉ်များနှင့် အခြားသောဂုဏ်ပြုချီးမြှင့်၊ အသိအမှတ်ပြုမှုများပြုလုပ်ပေးခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းတို့၏ စိတ်ဓာတ်နှင့်လုပ်ငန်းစွမ်းဆောင်ရည်တို့ကို မြှင့်တင်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းလာပါသဖြင့် ဝန်ကြီးဌာနအားလုံးနှင့် ပေါင်းစပ်ညှိနှိုင်းကာ ပြည်ထောင်စုရာထူးဝန်အဖွဲ့က တာဝန်ယူရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အဆိုရှင် ဒေါက်တာအေးမင်းနှင့် ဝိုင်းဝန်းဆွေးနွေးအကြံပြု

တင်ပြကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဦးစွာ ပဏာမပြောကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား Power Point အသုံးပြု၍ ရှင်းလင်းဖြေကြားခွင့်ပြုပေးပါရန်နှင့် အချိန်အနည်းငယ်ပို၍ပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး အဆိုနှင့်စပ်လျဉ်း၍ ထူးချွန်စွာတာဝန်ထမ်းဆောင်သည့် နိုင်ငံ့ဝန်ထမ်းများအား အသိအမှတ်ပြု ချီးမြှင့် မြှောက်စားနိုင်ရန် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(ဆ)တွင် ထူးချွန်မှု၊ စွမ်းစွမ်းတမံကြိုးပမ်း ဆောင်ရွက်မှုတို့အတွက် ချီးမြှင့်ခြင်းကိုခံစားခွင့်ဟုလည်းကောင်း၊ ပုဒ်မ ၃၁ တွင် သက်ဆိုင်ရာဝန်ထမ်း အဖွဲ့အစည်းသည် တာဝန်ထမ်းဆောင်ရာတွင် ထူးချွန်မှုနှင့် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်သော ဝန်ထမ်းအား သတ်မှတ်ထားသည့်လုပ်ထုံးလုပ်နည်းများနှင့်အညီ ရာထူးတိုးမြှင့်ပေးခြင်း၊ ကြိုတင် နှစ်တိုးလစာချီးမြှင့်ခြင်း၊ ဂုဏ်ပြုလွှာပေးအပ်ခြင်း၊ ဆုချီးမြှင့်ခြင်းနှင့် အခြားနည်းဖြင့်ချီးမြှင့်တို့ကို ဆောင်ရွက်နိုင်သည်ဟုလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၃၂ တွင် သက်ဆိုင်ရာဝန်ထမ်း အဖွဲ့အစည်းသည် ပုဒ်မ ၃၁ ပါအကြောင်းများအရ ဝန်ထမ်းအား နိုင်ငံတော်က ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်နိုင်ရေးအတွက် ထောက်ခံတင်ပြနိုင်သည်ဟုလည်းကောင်း ပြဋ္ဌာန်း ထားရှိပါတယ်။ ထို့အပြင် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၄၈ တွင် ဝန်ထမ်းတစ်ဦး၏ လုပ်ရည်ကိုင်ရည်၊ အရည်အသွေး၊ စွမ်းဆောင်ရည်များသည် လွန်စွာထူးခြားပြောင်မြောက်သည့် အခြေအနေတွင်ရှိခြင်း၊ အခြားဝန်ထမ်းများထက် ထူးကဲသာလွန်ခြင်း၊ စိတ်ချယုံကြည်စွာ တာဝန်လွှဲအပ်ဆောင်ရွက်နိုင်စွမ်းရှိခြင်းစသည့် ထူးခြားသောအခြေအနေများကြောင့် ချီးမြှင့်လိုပါက အရည်အချင်းစစ်ဆေးရေးအဖွဲ့၏ ထောက်ခံတင်ပြမှုအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်း အကြီးအမှူး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ သဘောတူညီချက်ဖြင့် ရာထူးတိုးမြှင့် ပေးနိုင်သည်။ သို့ရာတွင် ရာထူးဝန်အဖွဲ့၏သဘောတူညီချက်ဖြင့်သာ ခန့်ထားရမည့် ပြန်တမ်းဝင် အရာရှိအဆင့် စတင်ခန့်ဝင်ပေါက်ရာထူးဖြစ်ပါက ရာထူးဝန်အဖွဲ့သို့ အဆိုပြုညှိနှိုင်း၍ဆောင်ရွက် ရမည်ဟု ပြဋ္ဌာန်းထားရှိချက်များအရ တာဝန်ထမ်းဆောင်ရာတွင် ထူးချွန်မှုနှင့်စွမ်းစွမ်းတမံ ကြိုးပမ်း ဆောင်ရွက်သော နိုင်ငံ့ဝန်ထမ်းများအား ရာထူးတိုးမြှင့်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသည့် လုပ်သက်(၂)နှစ် ပြည့်သူများအား ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်၊ လုပ်သက်(၁၅)နှစ်ပြည့်ပြီးသူများ အား ပြည်သူ့ဝန်ထမ်းတံဆိပ်၊ လုပ်သက်(၂၆)နှစ်ပြည့်ပြီးသူများအား ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် များချီးမြှင့်နိုင်ရန်အတွက် ထောက်ခံတင်ပြဆောင်ရွက်ပေးသည့်အပေါ် နိုင်ငံတော်မှ နိုင်ငံ့ဝန်ထမ်းများ အား ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းလျက်ရှိပါတယ်။ ထိုသို့ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခဲ့မှုများကို တင်ပြရမည်ဆိုပါက အရပ်ဘက်နိုင်ငံ့ဝန်ထမ်း များအား ၂၀၁၇ ခုနှစ်တွင် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် ၆၅၆၇၀ ဦး၊ ပြည်သူ့ဝန်ထမ်းတံဆိပ် ၁၇၆၀၉ ဦးနှင့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ၇၄၅၆ ဦး စုစုပေါင်း ၉၀၇၃၅ ဦးတို့ကိုလည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် ၇၆၇၃၆ ဦး၊ ပြည်သူ့ဝန်ထမ်းတံဆိပ် ၂၄၇၉၄ ဦးနှင့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ၁၀၄၁၆ ဦး စုစုပေါင်း

၁၁၁၉၄၆ ဦးတို့ကိုလည်းကောင်း ချီးမြှင့်အပ်နှင်းခဲ့ပါတယ်။ ထို့ပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အပါအဝင် နိုင်ငံ့ဝန်ထမ်းများအားလုံးအတွက် ၂၀၁၆ ခုနှစ်အတွက် ၂၀၁၇ ခုနှစ် လွတ်လပ်ရေးနေ့တွင် ဂုဏ်ထူးဆောင်ဘွဲ့၊ တံဆိပ်ချီးမြှင့်အပ်နှင်းခဲ့သူစုစုပေါင်း ၉၇၉၀၀ ဦးဖြစ်ပြီး၊ ၂၀၁၇ ခုနှစ်အတွက် ၂၀၁၈ ခုနှစ်၊ လွတ်လပ်ရေးနေ့တွင် ဂုဏ်ထူးဆောင်ဘွဲ့၊ တံဆိပ်ချီးမြှင့်အပ်နှင်းခဲ့သူ စုစုပေါင်း ၁၁၈၃၂၆ ဦး၊ (၂)နှစ်တာကာလအတွင်း ၂၁၆၂၂၆ ဦးတို့ကို ချီးမြှင့်အပ်နှင်းနိုင်ခဲ့ပါတယ်။ နိုင်ငံ့ဝန်ထမ်းများ၏စွမ်းဆောင်ရည်တိုးတက်မြင့်မားစေရန်အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော နိုင်ငံခြားပညာတော်သင်စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ၏ ထောက်ခံတင်ပြချက်ဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများမှ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသည့် နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံခြားပညာတော်သင်စေလွှတ်ခြင်းအတွက် အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၆)မှ (၃/၂၀၁၈)အထိ အစည်းအဝေး(၈၉)ကြိမ်မှ ဘွဲ့မယူသည့်သင်တန်းအတွက် ၆၄၄၅ ဦး၊ ဘွဲ့/ဒီပလိုမာသင်တန်းအတွက် ၈၃ ဦး၊ မဟာဘွဲ့သင်တန်းအတွက် ၇၁၅ ဦး၊ ပါရဂူဘွဲ့သင်တန်းအတွက် ၃၈၃ ဦး စုစုပေါင်း ၇၆၂၆ ဦးတို့ကို နိုင်ငံပေါင်း ၅၅ နိုင်ငံသို့ ပညာတော်သင်စေလွှတ်နိုင်ခဲ့ပါတယ်။ အများဆုံးစေလွှတ်ခဲ့တဲ့နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ၁၅၀၅ ဦး၊ ဂျပန်နိုင်ငံသို့ ၁၂၉၂ ဦး၊ အိန္ဒိယနိုင်ငံသို့ ၁၂၆၇ ဦးနှင့် စင်ကာပူနိုင်ငံသို့ ၉၇၂ ဦးတို့ဖြစ်ပါတယ်။ ထို့အပြင် ၁-၄-၂၀၁၆ ရက်နေ့မှ ၁၉-၁-၂၀၁၈ ရက်နေ့အထိ နိုင်ငံခြားရေးရာမူဝါဒကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ နိုင်ငံ့ဝန်ထမ်းများအား အရည်အချင်းအလိုက် ပြည်ပသို့စေလွှတ်ခဲ့ရာ အစည်းအဝေးတက်ရောက်ရန် ၁၀၆၀၂ ဦး၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန် ၁၀၂၂၁ ဦးနှင့် လေ့လာရေးခရီးစဉ်သွားရောက်ရန် ၄၃၀၄ ဦး စုစုပေါင်း ၂၅၁၂၇ ဦးတို့ကို စေလွှတ်နိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံ၊ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာစီမံချက်(၂၀၁၇-၂၀၂၀) အား ထုတ်ပြန်ကြေညာသည့်အခမ်းအနားကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့မှာ နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ မှာ ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါအခမ်းအနားသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တက်ရောက်ပြီး အဖွင့်မိန့်ခွန်းမြွက်ကြားပေးကာ ဒုတိယသမ္မတကြီး ဦးမြင့်ဆွေ ဦးဆောင်သည့် အုပ်ချုပ်ရေးမဏ္ဍိုင်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးတို့ ဦးဆောင်သည့် ဥပဒေပြုရေးမဏ္ဍိုင်၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့မှ အကြီးအကဲများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအကြီးအကဲများတို့၏ ရှေ့မှောက်တွင် အဆိုပါစီမံချက်ကို ထုတ်ပြန်ကြေညာနိုင်ခဲ့ပါတယ်။ အဆိုပါ အခမ်းအနားနှင့်တစ်စပ်တည်း ဖွံ့ဖြိုးဆဲနိုင်ငံများမှ နိုင်ငံ့ဝန်ထမ်းများ၏ ယုံကြည်ချက်၊ ခံယူချက်နှင့် စိတ်ဓာတ်မြင့်မားတက်ကြွလာစေရေးအတွက် ကမ္ဘာ့နိုင်ငံများမှ သတ်မှတ်ကျင့်သုံးသည့်နည်းလမ်းများကို လေ့လာဆွေးနွေးခြင်းနှင့် ပြည်သူ့ဝန်ထမ်းများအား လုပ်ငန်းခွင်တွင် စိတ်အားထက်သန်တက်ကြွစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရေး လှုံ့ဆော်မြှင့်တင်ပေးခြင်း၊ အသိပညာမျှဝေမှုဖိုရမ်ကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့နှင့် ၁၂ ရက်နေ့တို့မှာ တစ်စပ်တည်းကျင်းပပြုလုပ်ခဲ့ပါတယ်။ အဆိုပါအခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှ

နိုင်ငံ့ဝန်ထမ်းများအတွက် လမ်းညွှန်ချက်(၁၀)ချက်ကို မိန့်ကြားခဲ့ပါတယ်။ အဲဒါတွေကတော့ (၁) နိုင်ငံတော်ယန္တရားကြီးကို ထိန်းသိမ်းထားရသော ပြည်သူ့ဝန်ထမ်းများဖြစ်ရန်လိုကြောင်း၊ (၂) အထက်အရာရှိသိရမည့် အကြောင်းတွေကို သတ္တိရှိရှိတင်ပြရန်လိုကြောင်း၊ (၃) ဒီမိုကရေစီစနစ်မှန် မလုပ်၊ မရှုပ်၊ မပြုတ်အတွေးအခေါ်အတွက် နေရာမရှိနိုင်ကြောင်း၊ (၄) ပြည်သူ့ဝန်ထမ်းတွေအနေနဲ့ မိမိတို့လုပ်ကိုင်နေကြတဲ့ လုပ်ငန်းတာဝန်အပေါ် ဂုဏ်ယူကြရမှာဖြစ်ကြောင်း၊ (၅) နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူ့ဝန်ထမ်းတွေကို တခြားနည်းလမ်းတွေနဲ့ ပံ့ပိုးပေးသွားမှာဖြစ်ကြောင်း၊ (၆) ဖက်ဒရယ်အစိုးရ ထွက်ပေါ်လာခြင်းဖြင့် ကြုံတွေ့လာနိုင်တဲ့ စိန်ခေါ်မှုတွေအတွက် ကြိုတင်ပြင်ဆင်မှုတွေ လိုအပ်ကြောင်း၊ (၇) နည်းစပ်သူတွေကို ဘက်မလိုက်ရန် သတိပြုစေလိုကြောင်း၊ (၈) ဘယ်လိုနောက်ခံ အသိုင်းအဝိုင်းကပဲဖြစ်ဖြစ် အတော်ဆုံးတွေ ပြည်သူ့ဝန်ထမ်းအတွင်းလောကအတွင်း ရောက်ဖို့ လိုကြောင်း၊ (၉) စိန်ခေါ်မှုရှိဆုံးမှာ အဂတိလိုက်စားမှုဖြစ်ကြောင်း၊ (၁၀) ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဖြစ်ကြောင်းတို့ကို ပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံ၊ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာစီမံချက်(၂၀၁၇-၂၀၂၀)မှာ နိုင်ငံ့ဝန်ထမ်းအုပ်ချုပ်မှုပုံစံသစ်၊ အရည်အချင်းကိုအခြေခံ၍ စွမ်းဆောင်ရည်ရှိမှုကို ဦးစားပေးသော အလေ့အထနှင့်စနစ်များ၊ ပြည်သူဗဟိုပြုနိုင်ငံ့ဝန်ထမ်းများဖြစ်လာစေရန် ခေါင်းဆောင်မှုပေးနိုင်သည့် အရည်အသွေးများနှင့် စွမ်းဆောင်ရည်များကို မြှင့်တင်ခြင်း၊ နိုင်ငံ့ဝန်ထမ်းကဏ္ဍ၏ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု၊ တာဝန်ယူမှုဟူ၍ ဦးတည်ဆောင်ရွက်ရမည့် နယ်ပယ်လေးခုနှင့် မျှော်မှန်းရလဒ်ကိုးခုတို့ကို သတ်မှတ်ပြီးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ အလေးထားပြီးတင်ပြလိုတာကတော့ ယနေ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ဆွေးနွေးသွားတဲ့ ဆွေးနွေးချက်တွေ၊ အကြံပြုချက်တွေအားလုံးဟာ ကျွန်တော်တို့ အခုစတင် ဆောင်ရွက်နေပြီဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာ စီမံချက်ရဲ့ဦးတည် ဆောင်ရွက်မယ့်နယ်ပယ်လေးခုနဲ့ မျှော်မှန်းရလဒ်ကိုးခုတို့ကို တစ်ထပ်တည်း၊ တစ်သားတည်း ကျနေတာကို တွေ့ရတဲ့အတွက် လွန်စွာမှပင်ဝမ်းမြောက်ပါကြောင်းကို ကျွန်တော်ထပ်လောင်းပြောကြား လိုပါတယ်။ ဒါကြောင့်မို့လို့ ဒီ Slide 9 အနေနဲ့ ကျွန်တော်ထပ်ပြီးတော့ အလေးအနက်တင်ပြလိုတာက တော့ ဒီနယ်ပယ်လေးခုအပေါ်မှာ နယ်ပယ်(၁)နိုင်ငံဝန်ထမ်းအုပ်ချုပ်မှုပုံစံသစ်၊ အဲဒီနယ်ပယ်(၁)ရဲ့ မျှော်မှန်းရလဒ်(၁)အနေနဲ့ မြန်မာနိုင်ငံအစိုးရ၏ ဖက်ဒရယ်ဒီမိုကရက်တစ် ပြည်ထောင်စုကို တည်ထောင်လိုသည့် ဆန္ဒသဘောထားကို ထင်ဟပ်သော မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းများအတွက် ဦးတည်ချက်အသစ်များကို ချမှတ်ခြင်း၊ ရလဒ်(၂) ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်တို့ကို ခိုင်မာစေခြင်းနှင့် ရှင်းလင်းစေခြင်း၊ နယ်ပယ်(၂) အရည်အချင်းကိုအခြေခံ၍ စွမ်းဆောင်ရည်ရှိမှုကို ဦးစားပေးသော အလေ့အထနှင့် စနစ်များတည်ထောင်ခြင်း၊ မျှော်မှန်းရလဒ်(၁) အားလုံးသော စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းမူဘောင်များအတွင်း အရည်အချင်းအလိုက် ချီးမြှင့် မြှောက်စားနှင့် တန်းတူညီမျှမှုတို့ကို အခြေခံသဘောတရားဖြင့် ထည့်သွင်းရေးဆွဲခြင်း၊ မျှော်မှန်းချက် ရလဒ်(၂) အရည်အချင်းကိုအခြေခံ၍ စွမ်းဆောင်ရည်ရှိမှုကို ဦးစားပေးကာ ကျား၊ မ ကွာဟမှု ကျဉ်းမြောင်းသော ဝန်ထမ်းသစ်ရွေးချယ်ခန့်အပ်မှုနှင့် ရာထူးတိုးမြှင့်ပြောင်းရွှေ့မှုစနစ်များကို

ထောက်ကူဆောင်ရွက်သည့် ခေတ်မီလူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုစနစ်ကို ကျင့်သုံးခြင်း၊ နယ်ပယ်(၃) ပြည်သူဗဟိုပြုနိုင်ငံ့ဝန်ထမ်းများဖြစ်လာစေရန်၊ ခေါင်းဆောင်မှုပေးနိုင်သည့် အရည်အသွေးများနှင့် စွမ်းဆောင်ရည်များကို မြှင့်တင်ခြင်း၊ မျှော်မှန်းရလဒ်(၁) လုပ်ငန်းခွင်တက်ကြွမှုရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် အကျိုးရလဒ်ဦးတည်လုပ်ဆောင်မှုနှင့် ပြည်သူဗဟိုပြု ချဉ်းကပ်လုပ်ဆောင်မှုအလေ့အထများပျိုးထောင်ပေးခြင်း၊ (၂) စိတ်ခံယူချက်ပြောင်းလဲခြင်းနှင့် ပြုပြင်ပြောင်းလဲရေးများအတွက် ခေါင်းဆောင်မှုခိုင်မာအားကောင်းစေခြင်း၊ (၃) သင်ယူမှုနှင့် သင်တန်းနည်းစနစ်များ၊ နည်းလမ်းများကို တိုးတက်စေခြင်း၊ နယ်ပယ်(၄) နိုင်ငံ့ဝန်ထမ်းကဏ္ဍ၏ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု၊ တာဝန်ယူမှု၊ မျှော်မှန်းရလဒ်(၁) နိုင်ငံ့ဝန်ထမ်းများ၏ရိုးဖြောင့်မှုနှင့် တာဝန်ခံမှုတို့ကို မြင့်မားလာစေခြင်း၊ (၂) ပြည်သူလူထုအပေါ် ပွင့်လင်းမြင်သာမှုရှိသော နိုင်ငံ့ဝန်ထမ်းကဏ္ဍဖြစ်ထွန်းစေခြင်း။ ဒီ Slide(9)ဟာ ဒီနေ့ဆွေးနွေးတဲ့ အနှစ်သာရ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဆွေးနွေးပေးသော၊ အဆိုပြုလာသော ကိုယ်စားလှယ်ကြီးနှင့် ဆွေးနွေးပေးသော လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို နိုင်ငံတော်အတွက် များစွာမှပင် ကျေးဇူးအထူးတင်ရှိကြောင်းကိုလည်း ထပ်လောင်းပြီး ပြောကြားလိုပါတယ်။ ဆက်လက်ပြီး ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ မနီလာမြို့မှာ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၆ ရက်ကနေ ၂၉ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ (၃၀)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကြီးကို နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်တက်ရောက်၍ အာဆီယံနိုင်ငံ့ဝန်ထမ်းအခန်းကဏ္ဍမြှင့်တင်ရေးအတွက် အာဆီယံအသိုက်အဝန်းရည်မှန်းချက်(၂၀၂၅) အောင်မြင်စေရေး အထောက်အကူတစ်ခုဖြစ်တဲ့ အာဆီယံနိုင်ငံ့ဝန်ထမ်းအခန်းကဏ္ဍဆိုင်ရာ အာဆီယံကြေညာချက်(ASEAN Declaration on the Role of the Civil Service as a Catalyst for Achieving the ASEAN Community Vision 2025)ကို လက်မှတ်ရေးထိုးခဲ့ပြီး နိုင်ငံ့ဝန်ထမ်းကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်၍ ကြေညာချက်ပါ ရည်မှန်းချက်များအောင်မြင်စေရန်နှင့် ရှေ့လုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်စေရေး အချက်(၅)ချက်ပါဝင်တဲ့ အဆိုပါကြေညာချက်ကို ထောက်ပံ့ပေးရန်အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ဦးဆောင်မှုအောက်တွင် ဖွဲ့စည်းထားရှိသော အာဆီယံလူ့စွမ်းအားဗဟိုဌာန(ASEAN Resource Centre-ARC)၏ မူလအဓိကအာဘော်(Theme)ဖြစ်သည့် နိုင်ငံ့ဝန်ထမ်းသင်တန်းဆရာများ လေ့ကျင့်သင်ကြားရေးသင်တန်း(Training of Trainer for Civil Service-TOT)အစား ပြည်သူ့ဝန်ထမ်းများအား လုပ်ငန်းခွင်တွင် စိတ်အားထက်သန်တက်ကြွစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရေးလှုံ့ဆော်မြှင့်တင်ပေးခြင်း (Public Service Motivation)သို့ ပြောင်းလဲခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးမှ တင်သွင်းခဲ့သောအဆိုနှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းများ၏ စိတ်ဓာတ်နှင့် လုပ်ငန်းစွမ်းဆောင်ရည်တို့ကို မြှင့်တင်ပေးရန်အတွက် နိုင်ငံ့ဝန်ထမ်းများအတွင်း သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီပြီး ထူးချွန်စွာ တာဝန်ထမ်းဆောင်သူများကို ရာထူးတိုးမြှင့် ခံစားခွင့်ပြုခြင်း၊ ကြိုတင်နှစ်တိုးခံစားခွင့်ပြုခြင်း၊ ဂုဏ်ပြုလွှာပေးအပ်ခြင်း၊ ဆုချီးမြှင့်ခြင်း၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်အပ်နှင်းခြင်း၊ ပြည်ပပညာတော်သင်စေလွှတ်ခြင်း၊ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ လေ့လာရေးခရီးစဉ်များစေလွှတ်ခြင်း၊ အခြားနည်းဖြင့် ချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါ

ကြောင်း ဝန်ကြီးဌာနအားလုံးနှင့် ပေါင်းစပ်ညှိနှိုင်းကာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာရှင်းလင်းဖြေကြားအပ်ပါတယ်။ သို့ဖြစ်ပါ၍ လက်ရှိတွင်လည်း နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးလျက်ရှိခြင်း၊ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှု ဆိုင်ရာမဟာဗျူဟာစီမံချက်ကြေညာသည့်အခမ်းအနားတွင်လည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ လမ်းညွှန်မှုပေးပြီးဖြစ်ခြင်း၊ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာစီမံချက်အား အကောင်အထည်ဖော်ရန် အုပ်ချုပ်မှုအစီအမံများအတွက် ဦးဆောင်ကော်မတီဖွဲ့စည်းရန်အတွက် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများ၊ ဗဟိုအဖွဲ့အစည်းအကြီးအမှူးများနှင့် ဆွေးနွေးလျက်ရှိခြင်းတို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာအေးမင်း၏အဆိုကို လွှတ်တော်က အတည်ပြုပေးပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌအား ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဒေါက်တာအေးမင်း(ခရမ်းမဲဆန္ဒနယ်)**။ ။ အားလုံးပဲမင်္ဂလာပါ။ ကျွန်တော့်အဆိုကို လွှတ်တော်ကိုယ်စားလှယ်ကြီးများက ရှုထောင့်အသီးသီးကနေပြီးတော့ ဆွေးနွေးအကြံပေးတင်ပြသွားကြတယ်၊ ထောက်ခံသွားကြတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို ကျေးဇူးတင်တဲ့အပြင် နိုင်ငံ့ဝန်ထမ်းများနဲ့ ၎င်းတို့ရဲ့မိသားစုများကိုယ်စား များစွာနှစ်ထောင်းအားရရှိလှပါတယ်။ လှိုက်လှိုက်လှဲလှဲပီတိဖြစ်ရပါတယ်ခင်ဗျား။ ဒီအဆိုဖြစ်မြောက်အောင် ကူညီပေးကြတဲ့ကိုယ်စားလှယ်များအားလုံးကိုလည်း ကျေးဇူးဥပကာရတင်ရှိပါတယ်ခင်ဗျား။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီပြည်ထောင်စုနိုင်ငံတော်ကြီး အောင်မြင်စွာတည်ဆောက်နိုင်ရန်အတွက် နိုင်ငံ့ဝန်ထမ်းတို့ရဲ့စိတ်ဓာတ်နဲ့ လုပ်ငန်းစွမ်းဆောင်ရည်တို့ကို မြှင့်တင်ပေးဖို့အတွက် အမှန်တကယ်လိုအပ်နေပြီဖြစ်တဲ့အတွက် ဒီအဆိုကို ပြည်သူ့လွှတ်တော်ကြီးမှ အတည်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာအေးမင်း၊ ခရမ်းမဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ် ၁၆ ဦးကဆွေးနွေးပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက အဆိုအား အတည်ပြုပေးပါရန် ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းထားပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါက်တာအေးမင်းတင်သွင်းတဲ့အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

မူကြမ်း

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်(သောကြာနေ့)နံနက် ၁၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၁၄း၁၀ နာရီ အချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ (၂၅.၁.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ

pyithu.hluttaw.mm



Dr.Win Thein



Daw Ni Shwe Lyan

pyithu.hluttaw.mm



U Ohn Win




Dr.Aung Khin

pyithu.hluttaw.mm



U Ohn Win



Daw Nan Kham Aye

pyithu.hluttaw.mm



U Ohn Win



U Toe Thaung

pyithu.hluttaw.mm



U Ohn Win



U Nay Htet Win

pyithu.hluttaw.mm



U Ohn Win



U Nyunt Aung

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်